

www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC .com
(လုံးချင်းဝတ္ထုသစ်)
မြပုလဲသွယ်
ချစ်အသင်္ချေ
www.burmeseclassic.com

www.burmeseclassic.com


အဖုံးဒီဇိုင်း - L ထင်း

ထုတ်ဝေသူ : ဒေါ်နိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၅၃၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယင်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အလုံမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်
ဓာတ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ် ဧပြီလ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

မြပုလဲသွယ်
ချစ်အသဓေ့ / မြပုလဲသွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၃
၂၉၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ချစ်အသဓေ့


BURMESE CLASSIC .com

## အခန်း (၁)

စားပွဲပေါ်ချလာသည့် ငွေစက္ကူတစ်ထပ်ကိုကြည့်ပြီး ဦးထွန်းလူ မျက်နှာတင်းမာသွားကာ သားဖြစ်သူမျက်နှာကို မကျေမနပ် မော့ကြည့်သည်။

"ဒီငွေနဲ့ ဘယ်လိုလုပ် လောက်ငမှာလဲကွ"

"ကျွန်တော်ရှာနိုင်တာ ဒါအကုန်ပဲ၊ အဖေ မလောက်တာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး"

"မင်းလေသံက ဘာလဲ၊ မင်းက ငါ့ကို ရှာကျွေးရတာ မကျေနပ်လို့လား"

ဒေါသနှင့် ဦးထွန်းလူ ထိုင်ရာမှ ဝုန်းခနဲ ကျုံးအထမှာ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲနှင့်ထိုင်ခုံ ထိခတ်မှုကြောင့် အိမ်ကလေးပေါ် လျှင်အသေး စား လှုပ်ခတ်သွားကာ စားပွဲပေါ်က နို့အိုးက ကြမ်းပေါ် ခွမ်းခနဲ လဲကျသည်။ သောက်လက်စ အရက်ပုလင်းကပါ လဲကျတော့ အရက်တွေ ကြမ်းပြင်ပေါ် စီးကျကုန်သည်။ ညှော်နံ့တစ်ခုလုံး အရက်နံ့တွေ ထောင်းခနဲ ထွက်လာ၏။

"မင်းက ဘာလဲ…ဟောကောင်၊ မင်း ငါ့ကို ဘယ်လို ကောင် ထင်နေလဲ"

"ကျွန်တော်ကရော ဘာအပြစ်ရှိနေလို့လဲ၊ အဖေ အရက် မူးနေရင် အေးအေးနေဗျာ၊ ကျွန်တော့်ကို ပြဿနာမရှာနဲ့"

"ဘာကွ၊ ခု ငါ အရက်မူးနေတာ မဟုတ်ဘူး၊ မင်းပေး တဲ့ ငွေလေးငါးသောင်း ဘာမှလုပ်မရလို့ပြောတာ"

"ကျွန်တော်တတ်နိုင်သမျှ ဒါအကုန်ပဲလို့ ပြောပြီးပြီ"

ဂစ်တာကို ရင်ခွင်မှာပိုက်ရင်း အဖေ့ကို လှမ်းကာ ခပ်အေးအေးပုံစံနှင့် စကားအဆုံးမှာ ဂစ်တာကြိုးကို ဖြန်းခနဲ ဆွဲခတ်တာကြောင့် ဦးထွန်းလှရဲ့ ယမကာရောသော ဒေါသသွေး တွေ ပွက်ခနဲ ဆူသွား၏။

"မင်းတို့ကို လူလားမြောက်အောင် ငါရှာဖွေကျွေးမွေး





ခဲ့တုန်းက ငါ ဘာမှမပြောခဲ့ဘူး"

"အဟွန်း"

ဦးထွန်းလှက အရက်ရှိန်နှင့် ဒေါသပေါင်းကာ နီမြန်းနေ သော မျက်နှာကြီးနဲ့ သားဖြစ်သူမျက်နှာကို ကြည့်ပြီး ခပ်ရွဲ့ရွဲ့ တစ်ချက်ရယ်လိုက်သည်။

"ကျွန်တော်ကရော အဖေ့ကို ဘာပြောနေလို့လဲ၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားတာပဲ၊ ဒါကို အပြစ်တင်နေ တာတော့ မတတ်နိုင်ဘူး"

သားဖြစ်သူစကားကြောင့် ဦးထွန်းလှရင်ထဲ အောင့်သွား သည်။

ဆံပင်အုပ်တွေက လှမော့ပါးရိုးနား ခပ်အုပ်အုပ်ကျနေ ၏။ အသားဖြူ၍ နှာတံပေါ်သော လှမော့မျက်နှာ သွယ်ပေမယ့် အရပ်မြင့်သည်။ နှုတ်ခမ်းနီမြန်းခြင်းတွေ ပေါင်းစုသောအခါ လှမော့ မျက်နှာက မိန်းကလေးတိုင်း လည်ပြန်ငေးရသူဖြစ်သွားသည်။ သားဖြစ်သူ၏ ထိုချောမောခြင်းကို ဖအေဖြစ်သူ ဦးထွန်းလှ ကိုယ် တိုင်လည်း ဂုဏ်ယူသည်။ ဂုဏ်ယူသလောက် ထောင့်မကျိုးသော သားဖြစ်သူကို ကြည့်မရ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လခတစ်သိန်းရတာ ငါသိတယ် လှမော်၊ ဒီကြား ထဲ ဘောနပ်(စ်)အပိုကြေးတွေ ဘာတွေနဲ့ဆို တစ်သိန်းခွဲလောက် တော့ အသာလေးပဲ"

"ဒါ အဖေ့အမြင်ကိုး၊ ကျွန်တော့်အတွက် သွားလာရ တဲ့ ခရီးစရိတ်၊ စားစရိတ်၊ အဝတ်အစား ဘာညာအားလုံး ဒီထဲက ကုန်တာလည်း ထည့်ပြောဦးမှပေါ့"

"မင်းရှာသမျှငွေ မင်း သုံးနေရုံနဲ့ ကုန်နေတာ အလုပ် လား"

ဦးထွန်းလူ့စကားကို လှမော်က ဖြတ်ပြောတော့ ဦးထွန်းလူ မျက်နှာ ပိုတင်းသွားသည်။

"မိသားစုကိုလည်း ပေးသင့်သလောက် ပေးနေတာပဲ ဗျာ၊ ကျောင်းတက်ဖို့လည်း ပြင်ရဆင်ရသေးတယ်"

"မင်းဘက်က အကြောင်းပြချက်က ကုန်ဦးမှာလား"

"ကိုယ့်ဝိုက်ဆံ ကိုယ်ရှာပြီး ကျောင်းတက်နေတာကိုပဲ အဖေက ကျေနပ်တင်ရဦးမှာ"

"ဟောကောင်…မင်း"

မပြောချင်၍ မျိုသိပ်ထားသမျှ စကားတွေက ပြောစရာ





ရှိလာတော့ အန်ထွက်လာ၏။ နှုတ်ပိတ်လို့မရတဲ့ ဘဝကိုက ကြမ်းတမ်း ခက်ထန်ခြင်းတွေနဲ့ ဒွန်တွဲလာတာ လှမော် လှမှန်းသိတတ်စ ကတည်းက ဖြစ်သည်။ လှမော်က ဒေါသတွေနှင့် စကားဆုံး အောင်ပြောစမ်းလို့ စိန်ခေါ်ကာ လက်သီးတပြင်ပြင်ရှိသော အဖေ့ ကိုကြည့်သည်။

"ဒီခြံထဲမှာ မြေတွေ ပိုင်းငှားထားတာပဲ တစ်လတစ်လ တစ်သိန်းခွဲရတယ်၊ ကျွန်တော်က တစ်လ တစ်သိန်းအောက် မလျော့အောင် ရှာပေးတာပဲ"

ဂစ်တာကို ကြမ်းပြင်မှာ ထောက်ချရင်း လှမော်က ခပ်မတ်မတ်ရပ်သည်။ ပြောစရာရှိတာတော့ ပြောရတော့မည်။

"တစ်လ နှစ်သိန်းခွဲဆိုတဲ့ငွေက မိသားစုလေးယောက် စားဝတ်နေရေးအတွက်တော့ မပိုလျှံတောင် လောက်ငပြီးပေမယ့် အရက်နဲ့ရေချိုးပြီး ဂဏန်းတွက်ဖို့တော့ မပါဘူးပေါ့"

"မင်းကများ…ငါ့ကို"

"ကဲကွာ"

ရိုပ်ခနဲ ပြေးဝင်လာသည့် လက်သီးကို လှမော် မျက်နှာ မှောပြီး ခံပေးလိုက်သည်။ ရင်နှင့်မဆန့်သော စကားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဘယ်လို ကိုယ့်ကိုယ်ကို အားပေးလိုက်ပေမယ့် လက်သီးက သွေးအေးခဲ့ဝေါ် ကျမလာ။

"အဖေ"

ကြောက်လန့်တကြား စိုးရိမ်ကြီးစွာအော်ပြီး အဖေ့ကို ပြေးဆွဲသူက အသချော်။

"မလုပ်ပါနဲ့ အဖေရယ်"

"ဖယ်စမ်း သမီး၊ ဒီကောင်က မိဘကို ခြေရာချင်းတိုင်းတာ၊ ငါ့ဘာသာငါ ဘာနဲ့ပဲကျွေးကျွေး၊ ကျွေးတာစားပြီး လူဖြစ်လာတဲ့ကောင်က"

"ပတ်ဝန်းကျင်ကကြားရင် ရှက်စရာကြီးဗျာ၊ ကိုယ့်သားသမီးကိုမွေးပြီး ကျွေးတာကို မထျှာပ်တိုင်တက်ပြနေတာ အဖေ့လက်ထက်ကျမှ"

"ဒီလောက်တောင် လူပါးဝတဲ့ကောင်"

"ကဲကွာ"

"ခွမ်း"

"အဖေ"

"ဝုန်း"





မှီရာကို လှမ်းကန်တော့ လူမော့အစား ပလတ်စတစ်ထိုင်ခုံအပုလေးက ဓားစာခံဖြစ်သွားသလို အသချော်က အဖေ့ခါးကို အားရှိသလောက် ခြေကန်ဆွဲထားသည်။

"တော်ပါတော့ အဖေရယ်၊ ကိုကြီးလည်း တော်တော့၊ အသချော် နှစ်ယောက်စလုံးကို တောင်းပန်တယ်···

အခုပဲ ငါးနာရီထိုးတော့မယ် ကိုကြီး၊ ဖယ်ရီရောက်နေလောက်ပြီ၊ သွားပါတော့၊ အဖေ စိတ်ဆိုးနေတုန်း ပြန်ပြောမနေပါနဲ့··ကိုကြီးရယ်···နော်"

အသချော်မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်နေသလို တောင်းပန်သည့်စကားသံက ငိုသံဖြင့် တုန်ရီနေ၏။ ဦးထွန်းလူက သားဖြစ်သူကို စိမ်းစိမ်းရှရှ တစ်ချက်လှမ်းကြည့်သည်။

"သွားတော့···ဟေ့ကောင်၊ မင်းမျက်ခွက်ကို ငါမမြင်ချင်ဘူး၊ မင်း ငါ့အိမ်ရိပ်တောင် မနင်းနဲ့၊ သွား···ထွက်သွား"

"သွားမှာပါ၊ ဒါပေမဲ့ ဒီအရိပ်တော့ မနင်းဘဲ မနေဘူး၊ ဒါ အမေ့အိမ်မှမဟုတ်တာ"

"ဟိတ်ကောင်"

"အဖေ···မလုပ်ပါနဲ့"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အဖေ…အဖေ့"

ဒေါသပြင်းစွာ ရှေ့လှမ်းတိုးသွားသည့် အဖေ့ကို အသချော် ဖွတ်တိုး၍ချုပ်ထားရင်း ပါးစပ်ကလည်း မပြတ်အော်နေမိသည်။ ကိုကြီးကတော့ အမြဲကြုံတွေ့နေကျဖြစ်သော အဖေ့ဒေါသကို ဂရုမစိုက်တော့သလို အသချော်ကို လှမ်းနှုတ်ဆက်သည်။

"သွားမယ် ညီမလေး"

"ဟုတ်ကဲ့ ကိုကြီး"

အသချော် ခေါင်းမြန်မြန်ညိတ်လိုက်သည်။ ဒါမှ ကိုကြီး အဖေ့ရှေ့မှ မြန်မြန်ထွက်သွားရန်အတွက်ဖြစ်သည်။ ဒီအိမ်မှာ ဒေါကြီးမောကြီးနှင့် မတည့်အတူနေ အမြဲရှိတတ်တာ ဒီသားအဖ ပဲမို့ ထိပ်တိုက်ရင်ဆိုင်တိုင်း စီခနဲထွက်လာတာ နားကြည်းခြင်း ပေါက်ကွဲသံစဉ်တွေအားလုံး ဝုန်းဝုန်းဒိုင်းဒိုင်း နိဂုံးချုပ်နေကျဖြစ် သည်။ တိတ်ဆိတ်ငြိမ်သက်သွားတော့လည်း ဘာသံမှမရှိ။ အဖေ လည်း ငြိမ်သွားပြီမို့ အသချော်က အဖေ့ကိုလွှတ်ကာ အဝတ်စုတ် တစ်စနှင့် ကြမ်းပြင်ပေါ်မှောက်ကျသော အရက်တွေကို လိုက် သုတ်သည်။ ဦးထွန်းလူက ခုံမှာပြန်ထိုင်ရင်း မကျေနပ်ချက် ဆက် ရင်ဖွင့်သည်။





"အလကားကောင်၊ ဒင်းကများ ဖအေကို ပြန်ပြောသွား တာ"

"ကဲပါ အဖေရယ်…ဒေါသတွေ လျှော့လိုက်ပါတော့၊ ပုလင်းထဲမှာလည်း ဘာမှမကျန်တော့ဘူး၊ ထမင်းစားတော့မလား၊ သမီး ခူးလိုက်မယ်လေ"

"ညည်းအမေရော"

"လာပါပြီတော်၊ ခြံထိပ်မှာ လူမော်နဲ့တွေ့ပါ့၊ မအေ တောင် နှုတ်ဆက်မသွားနိုင်ဘူး၊ ဘာလဲ…ရှင်တို့သားအဖ ရန် ဖြစ်သွားကြပြန်ပြီလား"

"သိရင်ပြီးတာပဲ၊ မင်းသားက အရိုင်းအစိုင်း"

"အမလေး…အဲဒါ ကျွန်မတစ်ယောက်တည်း မွေးသား တာမဟုတ်ဘူး ကိုထွန်းလူ၊ ရိုင်းတာ ယဉ်တာတွေ လာပြောမနေ နဲ့၊ ဒီဖအေ ဒီမအေက မွေးတာ၊ ဒီသွေးတော့ ပါမှာပဲ"

ဒေါ်ယုက ခေါင်းမှာပေါင်းလာသည့် တဘက်ကို ဆွဲ ချွတ်ရင်း ကြမ်းပြင်မှာ တင်ပလ္လင်ခွေ ဝင်ထိုင်ရင်း အဝတ်စုတ် တစ်စနဲ့ ကြမ်းသုတ်နေသော အသချော်ကို လှမ်းကြည့်သည်။

"ဘာလဲ…အရက်က မှောက်တာလား၊ ရိုက်ခွဲလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လား"

"သူ့ဘာသာ လဲကျပြီး ကွဲတာပါ အမေရယ်"

"ဘာပဲဖြစ်ဖြစ် အရက်ဖိုးတော့ ထပ်မရတော့ဘူးနော် ကိုထွန်းလူ၊ ဒီနေ့ နှစ်ကောင်းလို့ ပတ်တာ မထွက်ဘူး တော်ရေ၊ ဒိုင်စားတယ်ပဲ"

"အင်း…မင်းပြောတိုင်း ဒီလိုချည်းပဲ"

"ဒီလိုမချည်းနဲ့လေ၊ ကျွန်မ ပေါက်တုန်းက ရှင့်ကို Royal Club ဆို စေတ္တာလိုက် ဝယ်ပေးထားတာ"

"စားကောင်းသောက်ကောင်းရှိပါကွာ၊ မင်းကလည်း"

ဒါ ကြားနေကျ ထုံးစံပေမယ့် အသဲချော်မှာ တစ်ခါကြား ရတိုင်း တစ်ခါ စိတ်ဆင်းရဲစေတာ သိမ်ငယ်အရှက်ရစေတာက အကြိမ်တိုင်းဖြစ်သည်။

မြန်မာပီသသော မိန်းကလေးမို့ အရက်သေစာတွေ၊ လောင်းကစားတွေက ကိုယ်နှင့်မသက်ဆိုင်လို့ ခံယူထားပေမယ့် အမေ့ဘက်က ပေးလာသည့် ဆင်ခြေကတော့ တစ်မျိုးဖြစ်သည်။

"အမေတို့ မိန်းမတွေက ကလေးမွေးဖွားပြီးရင် မီးတွင်းထဲမှာ အားအထားရဆုံးက အရက်နဲ့နနွင်း သမီးရဲ့၊ တရုတ်တွေ





ဆို အရက်က သူတို့အတွက် အကောင်းဆုံးဆေးပဲ"

"မှတ်ထား သမီး၊ မိန်းမတွေမှာ ကလေးမွေးဖွားရတဲ့ ဝေဒနာ၊ သွေးဆုံးကိုင်တဲ့ ဝေဒနာတွေကို မဖြစ်အောင် ကာကွယ်ပေးတာ အဲဒီအရက်ပဲ၊ အဲ…အလွန်အကျွံတော့ မဖြစ်စေနဲ့ပေါ့အေ၊ ဘာပဲဖြစ်ဖြစ် သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးတဲ့… မှတ်ထား"

ထိုစကားက အသဲချော်ကို အမေကိုယ်တိုင် ဆုံးမသော မှတ်သားလောက်စရာ ဆုံးမစကားဖြစ်သည်။

မိဘနှင့် သားသမီးကြားမှာ အသဲချော် ပြောစရာစကား မရှိ။ လက်မခံချင်လည်း ငြိမ်နေတတ်တာကိုက အကျင့်လို ဖြစ်နေရပါပြီ။

ကိုကြီးကတော့ အသဲချော်လို မဟုတ်။

"ယောက်ျားနဲ့ ရင်ပေါင်တန်းတယ်ဆိုတာ ကောင်းတဲ့နေရာမှာ ပခုံးချင်းယှဉ်ရတယ်၊ ယှဉ်ရုံမဟုတ်ဘူး၊ ခြေတစ်လှမ်း ကျောပစ်ဦး၊ ဘယ်သူမှ စိတ်မဆိုးဘူး၊ အခုဟာက မကောင်းတဲ့ဘက်မှာ တန်းတူရည်တူ လက်စွမ်းတွေပြနေလိုက်တာ၊ သူတို့လုပ်သမျှ သားသမီးတွေက အရှက်ရော အသက်ပါ ခဝါချရေး



www.burmeseclassic.com

www.burmeseclassic.com



ရနေရမယ့်အတိုင်း ဖြစ်နေပြီ''

ကိုကြီး နှုတ်ခမ်းတွေက ထိုစကားကို နာကြည်းစွာ မကြာခဏ ရေရွတ်တာ အသချော့ ကြားပေမယ့် မတတ်နိုင်။ ဒါတွေ မကောင်းဘူးသိသိကြီးနဲ့ မိဘကိုတော့ ပြန်လှန်မပြောခဲ့ပါ။ မျက်ပွှာတောင် ပင့်မကြည့်ရဲအောင် အဖေတို့အရှိန်က ကြီးတာကြောင့် ပေးတာယူ၊ ကျွေးတာစားပြီး ရေငုံနှုတ်ပိတ်နေခြင်းက မိဘကျေးဇူးဆပ်ရာရောက်သည်ဟု နှလုံးသွင်းထားသူက အသချော့။

''ဟဲ့…သမီး''

''ရှင်…အမေ''

အတွေးထဲ မျောနေရာက အမေ့ခေါ်သံကြားမှ အသချော့ ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားကာ လက်ထဲကိုင်ထားသည့် ကြမ်းသုတ်အဝတ်လေး ပြုတ်ကျသွား၏။

''အမေ ထမင်းစားမလို့မေးနေတာ သမီးရဲ့၊ အိမ်မှာ ဘာဟင်းရှိလဲ''

အသချော့ကို မနက်က ဒေါ်ယု ဈေးဖိုးပေးမသွား။ ဒေါ်ယုတို့ ထမင်းဆိုတာ စိတ်မဝင်စား။ အလျော်အစားရသ ဒီနေ့ ပုံအောထားသည့်အခါမှ ဝက်ဝက်ကွဲအောင်ရှုံး၍ ရင်ခံပြီး





ဆာလောင်ခြင်းလည်း ကင်းနေ၏။ အခုမှ ထမင်းကို သတိရလာသူ ဖြစ်သည်။

အသချော့ လက်ထဲက အဝတ်စုတ်ကို နောက်ဖေး ကပြင်ထိပ်ယူသွားပြီး အုတ်ကန်ဘေးနား၌ ဘေးချကာ ရေဖောဖောလောင်းပြီး အသချော့လက်ကို စင်အောင်ဆေးလိုက်သည်။

''ခြံနောက် ဘူးစင်က ဘူးသီးကို ပုစွန်ခြောက်လေးခပ်ပြီး ငရုတ်ကောင်းအုပ်ချက်ထားတယ် အမေ၊ ငံပြာရည်ချက်နဲ့ အရက်သီးတို့စရာရှိတယ်၊ သမီး ထမင်းခူးလိုက်တော့မယ်၊ အဖေ ဒါ တစ်ခါတည်း စားတော့လေ''

''ငါ့သမီးပြောတာနဲ့ အရက်တောင် ဆက်မသောက်ချင်တော့ဘူးဟေ့''

''အပိုတွေ ပြောမနေစမ်းပါနဲ့ ကိုထွန်းလူရယ်၊ သောက်စရာ အရက်မရှိတော့တာ ထည့်ပြော''

အမေက ဆံပင်ရှည်တွေကို ဘီးနှင့်ပြန်ပြင်ပတ်ရင်း မီးဖိုခန်းထဲ ဆင်းလာသည်။ ထမင်းစားပွဲခုံဝိုင်းပေါ် ထမင်းပန်းကန်တွေ ဟင်းခွက်တွေကို စီရရီပြင်နေသော အသချော့ကိုကြည့်ရင်း ဒေါ်ယု စိတ်ထဲ မကောင်းလှ။ အပျိုအရွယ်လေးမို့ သူများတန်းတူ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ချင်ရှာမည်။ ဆယ်တန်းစာမေးပွဲကို သုံးနှစ်နေသည်အထိ မဖြေခဲ့ရ။ ကျူရှင်မတက်နိုင်တာတစ်ပိုင်း၊ ကိုယ့်ထွန်းလူ ကျန်းမာ မကောင်း၍ ပြုစုပေးရတာသပ်သပ်နှင့် မနှစ်ကမှ နာမည်ကြီး ကျူရှင်ဆရာမရဲ့ ပညာဒါနပြုမှုကြောင့် ဆယ်တန်းဖြေခွင့်ရသည် ဖြေတဲ့နှစ်မှာပဲ ဂုဏ်ထူးနှစ်ဘာသာပါတာကြောင့် ဆရာမ ချီးကျူးမဆုံး။

"အသချော်ကို သင်ပေးရတာ တကယ်အကျိုးရှိတယ် သူက ထူးချွန်တာကိုး၊ ကြိုးစားချင်စိတ်ရှိတဲ့သူအတွက် ပညာ ဆိုတာ သင်ရမခက်ပါဘူး၊ အလုပ်လည်း မရှားဘူး ဒေါ်ယု ဒီနှစ် ကျူရှင်ပြန်ဖွင့်တာနဲ့ ကျွန်မစာသင်ခန်းမှာ ဝိုက်(ဒ်)ပြန် ခိုင်းမှာ၊ ဒေါ်ယုတို့ဘက်က ခွင့်ပြုဖို့ပဲလိုတယ်"

ဆရာမ ခွင့်တောင်းတုန်းက ဒေါ်ယု ဝမ်းသာအား ခေါင်းညိတ်ခဲ့သည်။ ဒီခေတ်ကြီးထဲမှာ ဆယ်တန်းအောင်တာ အလုပ်တန်းရသည့် အခွင့်အရေးက နည်းတာမဟုတ်။ ဒေါ်ယု ခြံကျယ်ကြီးပိုင်သည်ဆိုပေမယ့် အငှားချထားသော မြေတွေ လစာက တစ်လနဲ့တစ်လ သုံး၍အလျှဉ်မမီ။ သူတို့ရသော လ က သူတို့ဝတ်ဖို့ စားဖို့ရရင်လည်း လုံလောက်ပါပြီလို့ တွေး





မယ့် လက်ထဲ ပြတ်လပ်လာရင်တော့ စိတ်က သားသမီးဆီမှ မျှော်လင့်ချင်တာလည်း အမှန်ဖြစ်သည်။

"ပုစွန်ခြောက်တွေဝယ်တာ ဘယ်ကပိုက်ဆံနဲ့လဲ သမီး၊ ညည်းအစ်ကို ပေးသွားလို့လား"

အသချော် အမေ့ကို မော့မကြည့်အား။ လက်ဆေးရေခွက်ကို ထမင်းစားပွဲဝိုင်းနားမှာ ချပေးရင်း အမေ မေးတာကို ဖြေရသည်။

"သမီး အထူးထုတ်တွေ ပိဿာချိန်နဲ့ ရောင်းလိုက်တာ အမေ၊ အမေ့အတွက် ကော်ဖီထုပ်တောင် ဝယ်ထားတယ်၊ ကြောင်အိမ်ထဲမှာရှိတယ်၊ ရေနွေးလည်း ဓာတ်ဘူးထဲမှ အသင့်ဖြည့်ပြီးသား၊ အမေ သောက်ချင်တဲ့အချိန် ယူသောက်လို့ရတာပေါ့၊ ထမင်းစားလို့ရပြီ အမေ"

"သမီးရော တစ်ခါတည်း ဝင်စားလေ"

"အမေတို့စားနှင့်လေ အသချော် မနက်ဖြန် ကျူရှင်မှာ ဝိုက်(ဒ်)စလုပ်ရမှာဆိုတော့ ဝတ်သွားမယ့်အင်္ကျီ မီးပူတိုက်မလို့"

နောက်ဖေးမှ အိမ်ရှေ့ခန်းအထိ ခြေလှမ်းသွက်သွက်နဲ့ ထွက်သွားသည့် သမီးဖြစ်သူ အသချော်ကိုကြည့်ရင်း ဒေါ်ယု



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသည်။ သားရော သမီးရော အတိတ်ကံကောင်းကြ သူများပီပီ နှစ်ယောက်စလုံး ဖြူဖြူသန့်သန့် အချောလေးတွေဖြစ် သည်။ သားက ခန့်သလောက် သမီးကျတော့ နုနုနယ်နယ်နှင့် ချစ်စရာကောင်းသည်။

"ယုတို့ ကိုထွန်းလှတို့များ သားသမီးရတာ ကံကောင်း တယ်၊ သားကလည်း သိတတ်ကတည်းက မိဘကို ငွေရှာပေး တာပဲ၊ သမီးကျတော့ အိမ်မှုကိစ္စနိုင်နင်းသလောက် ချောလိုက် တာမှ မှန်လို့၊ ကတော်ဖြစ်မယ့်ရုပ်နဲ့လေ"

ပတ်ဝန်းကျင် ချီးကျူးစကားတွေက ဒေါ်ယုအတွက် လက်ခမောင်းခတ်ချင်စရာဖြစ်ပေမယ့် ကိုယ့်သမီးက မွေးကတည်း က ခုချိန်ထိ သူဌေးပါလို့ပြောရင် ဘေးပတ်ဝန်းကျင်က မပြောင် ဝါးလုံးကွဲရယ်လေမလား။ ဘာပဲဖြစ်ဖြစ် သမီးက သူဌေးဆိုတော့ သားပဲ သူဌေးဖြစ်ရန် ကျန်တော့သည်လို့ တွေးမိတော့ ပြုံးရိပ် ထင်လာသည့် ဒေါ်ယုမျက်နှာက စိတ်မသက်သာခြင်းတို့ ပျောက် သွားကာ မဝေးတော့သည့် အနာဂတ်ရှိရာ စိတ်က ဖျတ်ခနဲ ရောက်သွား၏။

* * *



## အခန်း (၂)

"အဲဒါ ဘယ်သူလဲ"

"ဟင်...မင်း တကယ်မသိဘူးလား"

"ဘယ်သိမလဲ၊ ဒီကောင် ကျူရှင်စဖွင့်ကတည်းက [illegible]နေတာ၊ ဒါကြောင့်လည်း ငါးနှစ်ရှိပြီ ဒီမှာထိုင်နေရတာ"

"သြော်...မင်းက နှစ်ချင်းပေါက် အောင်တာကိုး"

လပြည့်စကားကို တစ်ခွန်းမခံ ပြန်ပြောနေပေမယ့် ထင် [illegible]ဘြဲအကြည့်တွေက နေရာမရွေ့။ ကြိုးရည်ကို လက်စသတ် [illegible]တ်ရင်း နီညိုရောင်အရိပ်လေးကိုသာ စိတ်ဝင်စားနေမိသည်။ [illegible]ရောင်နဲ့အနက် ရောကွက်ထားတဲ့ ရှပ်အင်္ကျီလက်တိုကို ခါးနား



www.burmeseclassic.com

www.burmeseclassic.com



မှာ အစနှစ်စ ပူးချည်ထားသည်။ ခြေသလုံးထက်ဝက်ခန့်ရှိမည့် ဂျင်းစကာတ်က အနားမှာ အမျှင်တွေ တိုလို့တွဲလောင်း။ ဖြူနုသော ခြေဖဝါးမှာ အညိုနုရောင် ခြေညှပ်ကြိုးသိုင်းဖိနပ်ပါးလေးကြောင့် သူမက မိုးရေဆွတ်ဖြန်းထားသော စံပယ်တစ်ပွင့်လို ဖြူနုဖွေးဥနေသည်။ ပြီးတော့ လတ်ဆတ်လန်းဆန်းခြင်းများစွာနှင့် လှပတင့်တယ်လျက်။

"ငါတို့ ကျူရှင်လေ့ကားက ဆင်းလာတာကွ၊ အပေါ်ဆုံးထပ်က တီချယ့်ကျူရှင်၊ ဒုတိယနဲ့ တတိယထပ်က စပီကင်နဲ့ ကွန်ပျူတာသင်တန်းဆိုတော့...ပြောစမ်း ငုံးဥ၊ သူ ဘယ်ကလဲ"

ထင်တိုင်းကြဲ ကြည့်နေချိန်မှာ တစ်ဖက်လမ်းကို သူမက ဖြတ်ကူးရန် ပြင်နေသည့်အခိုက်မှာပဲ ဝေ့ခနဲ တိုက်သော မိုးဦးကျလေကြောင့် ကျောလယ်ခန့်ရှိသော သူမဆံပင်ရှည်တွေက လှပသော မျက်နှာရှေ့ကို ရိုက်ခတ်ကျီစယ်သွားပုံက ကဗျာဆန်ဆန် ကြည့်မဝနိုင်အောင် မျက်တောင်မခတ် ရှိနေစဉ်မှာပဲ လေနှင့်အတူ မိုးက မထင်မှတ်ဘဲ ရွာချသည်။

"ဟာ...မိုးရွာ ရွာလာပြီကွ"

လပြည့်က ထအော်သည်။ ထိုင်နေရာမှ ငုံးဥက ထရပ်





လှုပ်လှုပ်ရှားရှား။ မိုးလွတ်ရာနေရာကို ရှာနေသည့် ငုံးဥ ...ကို ကြဲက ဖျတ်ခနဲ လှမ်းဆွဲသည်။

"ငါမေးတာ ဖြေဦး ငုံးဥ၊ သူ ဘယ်သူလဲ"

"မင်း တခြားတွေ လျှောက်မကြံစည်နဲ့နော် ကြဲ"

"အောင်မာ...မင်းက ငါ့ကို"

ငုံးဥစကားကို မကျေမနပ် မှုန်ကုပ်ကုပ်နှင့် ကြဲက ထရပ် ...တော့ နီညိုရိပ်လေးမှာ ထီးမပါ ဘာမပါ မိုးရေထဲ ပိုက်ဆံ ...ကို မျက်နှာမှာ ဖြစ်သလိုကာရင်း လမ်းဖြတ်ကူးလာ၏။

"ဟုတ်တယ်...ကြဲ၊ အဲဒါ တီချယ့်တပည့်တွေထဲက ...ယောက်၊ ငါတို့ထက် စီနီယာကျတယ်၊ တူးဒီနဲ့အောင်ထား ...တွ၊ ငါတို့ ဝိုင်းသမားတွေရဲ့ လက်ရှိ ဝိုက်(ဒ်)"

လပြည့်က ကြဲ သိလိုသမျှ အားလုံးရှင်းပြသည်။ ကြဲ ... ကြံရည်ဆိုင်ရဲ့ တံစက်မြိတ်အစွန်းလေးမှာ ဆောင်းဘီအိတ်ထဲ ...နှိုက်ရင်း ဒီအတိုင်းရပ်နေပေမယ့် မျက်ဝန်းတွေက လမ်းဖြတ် ...လာပြီဖြစ်သော နီညိုရောင်အရိပ်လေးဆီမှ တစ်စက်လေးပင် ...။ သူကြည့်နေဆဲမှ နီညိုရိပ်လှလှလေးက သူတို့နား ရောက် ...၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ"

"ရှင်"

အသချောမှ သူမကို လှမ်းခေါ်သံကြောင့် ခြေလှမ်းတွေ တုံ့ခနဲရပ်ပြီး မိုးစက်တွေကြားမှ ခေါ်သူထံ အကြည့်ရောက်သွားပုံက နုံးညွှံသိမ်မွေ့စွာ လှလွန်းသည်။ အတန်းထဲရှိ မြင်ဖူးနေကျမျက်နှာမှာ လူကောင်သေးသေး၊ မျက်လုံးပြူးပြူးနှင့် နှာတံရော နှုတ်ခမ်းပါ စုလုံးနေသူကိုတွေ့ရမှ အသချောက မှတ်မိသလို ပြုံးလိုက်၏။

"ငုံးဥ"

"ဆရာမ ဘယ်သွားမလို့လဲဗျ၊ မိုးရွာနေပြီ၊ ထီးမပါဘူးလား"

"ဟုတ်တယ်၊ အပေါ်ပြန်တက်ဖို့ အချိန်မမီတော့လို့၊ အဖေ့နောက် လိုက်ရမှာမို့လို့ပါ၊ သွားမယ်နော်"

ငုံးဥဆိုသည့် ကောင်လေးကို အသချော ကတိုက်ကရိုက် နှုတ်ဆက်ပြီး အပြုံးနှင့်ကျောခိုင်းလိုက်သည်။ အသချောက တီချယ် လက်အောက်က ဂိုက်(ဒ်)ဆိုပေမယ့် သီးသန့်ပိုင်းရှိချိန်သာ အသချောက အကူကျက်ပေးရတာမျိုးဖြစ်ပြီး တန်းခွဲတက်သည့် ကျောင်းသားတွေရဲ့ အချိန်ကျတော့ ဒီဘက်တိုက်ခန်းမှာ မနေရ





တော့။ တခြားတိုက်ခန်းတစ်ခုမှာ သွားနေရပြီး ကျူရှင်စာရေးလို သစာသွင်းခြင်းကို စာရင်းမှတ်ရ၊ ကျူရှင်ကတ်အသစ်ထုတ်ပေးရ၊ အထူးထုတ်စာအုပ်တွေ ရောင်းပေးရနှင့် တီချယ့်ကျူရှင်ခွဲတစ်ခုမှာ အလုပ်နှင့်လက် မပြတ်အောင် လုပ်ရသည်။

"ဒီနေ့လည်း သမီးအဖေကို ကျူရှင်ဆီလွှတ်လိုက်မယ်နော် အသချော၊ လစာထုတ်ရက်ဆိုတော့ ညနေထိ စောင့်မနေနဲ့ သမီးရယ်၊ ကြိုပြော ကြိုထုတ်ပြီး ပေးလိုက်၊ အမေ ကြွေးစာရင်းတွေ ရှင်းစရာရှိလို့"

မနက်ကတည်းက အသချောကို အမေမှာလိုက်တာ သတိရပေမယ့် ငွေရေးကြေးရေးကိစ္စကတော့ အမေတွေးထင် ဒီစဉ်ထားသလို ဖြစ်မလာခဲ့ပါ။

"အသချော...ဟိုဘက်တိုက်ခန်းသော့ သွားဖွင့်ထား၊ ဘိုင်အိုသမားတွေကို ဟိုဘက်အခန်းမှာ တီချယ် အချိန်ပိုခေါ်ထားတယ်"

အသချောလက်ထဲ သော့ချပေးပြီး တီချယ်ပြောလာတော့ ခေါင်းညိတ်ရုံမှတစ်ပါး အသချောမှာ ငြင်းခွင့်မရှိ။ အဖေ လာတဲ့အချိန်တော့ ဒီဘက်ပြန်ရောက်နိုင်ပါရဲ့လို့ တွေးပြီး ကြိုထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် လစာငွေကိုင်ပြီး စောင့်ကာမှ အဖေနဲ့ အသချ် လွဲသွားရသည့်အဖြစ်မို့ အသချ်က မိုးရွာတာလည်း ဂရုမစိုက်နိုင်။ မိုးမိတာထက်ဆိုးသော အဆူအပူဒဏ်ကို မခံချင်။ မိုးစက်တွေကြောင့် ထီးဖွင့်သူတွေ၊ အမိုးအကာအောက် ပြေးဝင်သူတွေကြားထဲ ကွေ့ဝိုက်ပြီး သွားနေမိသည်။ အခုချိန်မှာ အဖေ့လက်ထဲ ငွေထည့်ပေးဖို့ကလွဲပြီး အသချ် စိတ်ထဲမှာ ဘာမှမရှိ။

"ဒီမှာ"

အနားနားမှ ကပ်ခေါ်သံနှင့်အတူ မိုးစက်တွေပါ တိခနဲ ရပ်တန့်ကုန်၏။ အသချ်က အလန့်တကြားနှင့် မော့ကြည့်တော့ သူ့ခေါင်းအထက်မှာ အကြည်ရောင်ထီးလေးက မိုးမကျအောင် ကာကွယ်ပေးထားတာ တွေ့လိုက်ရ၏။

"ဒီမှာ…ဒီထီး ယူသွားလိုက်ပါ၊ မိုးသည်းလာရင် တစ်ကိုယ်လုံး ရွှဲသွားလိမ့်မယ်"

"ရှင်"

"မိုးပိုရွာလာပြီ၊ ရော့…ယူလေ"

တစ်ခါမှ သိကျွမ်းဖူးခြင်းမရှိသည့် မျက်နှာစိမ်းလူကို အသချ် တအံ့တသြ ကြည့်မိသည်။ အသက်က အသချ်နှင့်





မတူတလောက်ဖြစ်ပေမယ့် အရပ်က အမြင့်ကြီးဖြစ်သည်။ အသားညိုပေမယ့် လတ်ဆတ်သော မျက်နှာပြင် အရေပြားပေါ်မှာ ပါးသိုင်းမွေးရာက စိမ်းလဲ့လဲ့။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ စူးရှသည့် မျက်ဝန်းအစုံက လှပသည့် အသချ်မျက်နှာကို ခပ်ရဲရဲစူးစိုက်ကြည့်နေပုံက ရဲတင်းပေမယ့် လူချောတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်၏။

"ယူလေကွာ"

"အို"

ပါးစပ်ကတင် ရိုးရိုးပြောတာမဟုတ်။

အသချ်လက်ထဲ သူ ယူလာသည့်ထီးလေးကို ဇွတ်အတင်း ထိုးပေးနေ၍ အယောင်ယောင် အမှားမှား လှမ်းယူမိလျက်သား ဖြစ်သွား၏။

"ထီးငှားတဲ့အတွက် ကျေးဇူးပဲနော်"

အသချ်စိတ်ထဲမှာ ဘာဘာညာညာ မတွေးအား။ အဖေ့ကို မီရန်သာ စိတ်စောနေသလို အရေးလည်းကြီးနေ၏။

"အသချ်…တီချယ် ဒေါ်စိုးမမရဲ့ ကျူရှင်မှာ ဂိုက်(ဒ်) လုပ်တာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဆို ထီး ဘယ်ကိုပြန်ပို့ပေးရမလဲဟင်"

ကြဲကို မေးလည်းမေး၊ စိတ်မဖြောင့်သလို ရှေ့လူအုပ်ကြားထဲ လည်ပင်းရှည်ကာ မျှော်ကြည့်နေသော သူမကြောင့် ကြဲကိုယ်တိုင် ထီးအရိပ်အောက်က ခေါင်းငုံ့ထွက်လိုက်ပြီး သူမမျက်နှာကို စိုက်ကြည့်လိုက်၏။

"ကျုပ်ရှင်ကိုပဲ လာယူမယ်"

အောင်မြင်ညြှုသော အသံက ဆွဲဆောင်မှုရှိသလို မြင့်မားခန့်ညားသည့် ရုပ်သွင်ကလည်း ကြည့်ကောင်းသည်။ စကားအဆုံးမှာ သူက ချာခနဲ လှည့်ထွက်သွားသဖြင့် ထပ်ဆင့်ကျေးဇူးတင်စကားဆိုဖြစ်သည်။

"ကျေးဇူး"

ထီးမပါဘဲ မိုးရေထဲ ပုံပျက်ပန်းပျက်ဖြစ်နေသော အသချော်ကို ကူညီပေး၍ ကျေးဇူးတင်စကားကို လှိုက်လှိုက်လှဲလှဲပြောကာ သူ့ကို အသချော် ကျောခိုင်းလိုက်ပေမယ့် သူ့မျက်နှာ အမူအရာနှင့် သူ့ပုံစံကို အသချော် အာရုံမှာ မှတ်မှတ်သားသား စွဲထင်သွား၏။

* * *



## အခန်း (၃)

"ငိုမနေပါနဲ့တော့ စံရယ်၊ နင့်ကို ဖြူ အစောကြီးကတည်းက သတိပေးထားသားပဲ၊ ဒီကောင်က နှစ်ကျ၊ ရည်းစားတစ်ခါထားတာနဲ့ ဂိမ်းကစားနည်း အသစ်တစ်မျိုးဆော့တာလို့၊ ဂိမ်းလည်းပြီးရော အဲဒီထားခဲ့တဲ့ ရည်းစားလည်း ဖြတ်ရောတဲ့"

ပြောသူက ပြော၊ ငိုသူက ငိုနေဆဲ။ ဒီကြားထဲ ငိုသံဗလုံးဗထွေးနှင့် ဘာတွေပြောနေမှန်းမသိ။

"အခု နင့်ကိုလည်း ဂိမ်းအိုဗာလုပ်ပစ်လိုက်ပြီ နေမှာပေါ့၊ အဲဒီကောင်က ဘာကိုမှ အလေးအနက်မရှိတာ၊ နင်ငိုနေလည်း အပိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မျက်ရည်တွေလည်း ဒီကောင်က သနားမှာမဟုတ်ဘူး စံ၊ ခြေဆေးပြီး နောက်ဂိမ်းကစားနည်းတစ်ခု ပြောင်းသွားမှာပဲ၊ ခေါက်ထားလိုက်စမ်းပါဟာ၊ ဒီနှစ် အောင်အောင်ဖြေဖို့သာ စဉ်းစား"

"အဲဒီလောက် မေ့ဖို့လွယ်ရင် စံ ဒီလိုမျက်ရည်ကျပါ့မလား ဖြူရယ်၊ အခုဟာက သူနဲ့စံ ခြောက်လကြီးများတောင် တွဲခဲ့တာ သိလား"

"အဟင့်...ဟင့်...ဟင့်"

ပြောရင်း ဆက်ငိုတော့ ကြားရသူ ရင်မောသွားသည်။ ခြောက်လဆိုတဲ့အချိန်က နည်းတာမဟုတ်တာ မှန်ပေမယ့် စောစော လမ်းခွဲခွင့်ရတာ ကံကောင်းတာပဲလို့ တွေးရင်း ပို့က်ဘုတ်(ထ်)ကို သန့်ရှင်းရေးလုပ်နေပေမယ့် အသင်္ချေစိတ်ထဲမှာ စံဆိုသည့် ကလေးမအတွက် စိတ်တော့မချမ်းသာလှပါ။

"တစ်ခုတော့ ကံကောင်းတယ် ပြောရမလားမသိဘူး၊ သူထားခဲ့သမျှ ရည်းစားတွေထဲမှာ နင်က သက်တမ်းအရှင်ဆုံးပဲ စံ"

"အောင်မလေး နော်နော်ရယ်၊ နင်ကလည်း စိတ်ကူးနဲ့





ပိုရှုးအောင် စံကို မြှောက်ပေးနေပြန်ပါပြီ၊ နဂိုကမှ မိစံက ပြတ်ပါပြီဆိုပြီး ဗိုက်ကဲ ခါထုတ်တာတောင် လက်လိုက်ဆွဲပြီး အသနားခံချင်နေတဲ့ဥစ္စာ"

"ဘာပဲဖြစ်ဖြစ် စံကတော့ သူ စံလိုမခံစားရဘူးလို့ ပြောတာကို မယုံနိုင်သေးဘူး၊ သူ စံဆီကို စိတ်ပြန်လည်လာဦးမှာပါပဲ"

စံစကားကို နားစွင့်ရင်း အသင်္ချေ ဒုတိယမ္ပိ မြတ်စွာဘုရားလို့ တမိသည်။ ဒီသုံးယောက်နား ကြာကြာသာနေမိလျှင် ထူးဆန်းထွေလာတွေ ကြားရဖန်များ၍ ဘုရားခဏခဏ တရတာနှင့် နိဗ္ဗာန်မြန်မြန်ရောက်သွားနိုင်သည်။ ဘယ့်နှယ် ယောက်ျားလေးက အရင်စဖြတ်၍ အသည်းကွဲပြီး ငိုနေသည်။

ရုပ်ရှင်တွေ စာအုပ်တွေထဲ တွေ့ဖူးတာက မိန်းကလေးတွေ ရက်စက်၍ ယောက်ျားလေးတွေ အသည်းကွဲကာ အရက်တွေဘာတွေ သောက်ကြတာ မဟုတ်ဘူးလား။ အသင်္ချေ မသိမသာနှင့် ခေါင်းရမ်းရင်း လုပ်လက်စအလုပ်ကို အာရုံစိုက်ရသည်။

ဆရာ မလာခင် ဆော့ပင်(န်)ထဲ မင်ဖြည့်ခြင်း၊ ဆရာ့အတွက် ကော်ဖီဖျော်ပေးခြင်းများကိုလုပ်ရင်း ကောင်မလေးသုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီ အကြည့်ရောတော့ ငိုတဲ့လူကငို၊ ချော့တဲ့လူကနှစ်ယောက်က ချော့။ ဒီလို ရင်ဖွင့်ချင်၍ ကျူရှင်ခန်း အစောကြီးဖွင့်တာနှင့် အသချော်နောက်က လိုက်တက်လာကြသည်။ နှာသီးဖျားတွေ နီရဲကာ မျက်လုံးတွေ မို့အစ်လာသည်ထိ တရှုံ့ရှုံ့ငိုနေတဲ့ ကျောင်းသူကို လှမ်းကြည့်ရင်း အသချော်ပင် ငိုချင်လာသည်။

"သနားပါတယ်၊ ကောင်မလေးက ချစ်စရာလေး၊ ဒီလောက်ဝမ်းနည်းနေတာ စာတောင် ကျက်နိုင်ပါ့မလား မသိဘူး၊ ယောက်ျားတွေများ အံ့ပါရဲ့၊ ရည်းစားအများကြီးလည်း ထားချင်သေး၊ မိန်းကလေးကိုလည်း ဝေဒနာပေးသေး၊ ယုံချင်စရာကို မရှိဘူး"

စားပွဲသန့်ရှင်းရေးလုပ်ပြီးတာနှင့် လူတစ်ရပ်ကျော်မြင့်သော ဗီရိုကြီးကိုဖွင့်ကာ အတွင်းမှ စာအုပ်တွေထုတ်ရင်း အသချော် နှုတ်မှရေရွတ်သည်။ ဗီရိုတံခါးကြီး ကာထားသဖြင့် အသချော် တစ်ယောက်တည်း ပြောနေတာ ဘယ်သူမှမမြင်နိုင်ပါ။ ကျူရှင်ခန်းထဲ ဝင်လာတဲ့ ခြေသံတွေကို ကြားပေမယ့် အထူးတလည် လည်း မျက်နှာ ပြူမကြည့်မိ။

အတန်းချိန်နီးလာပြီမို့ ကျောင်းသားတွေ တက်လာကြ





ဒဲလို့ တွေးရင်း ဝေပေးရမည့်စာအုပ်နှင့် ကျောင်းသားစာရင်း ကြည့်နေစဉ်မှာပဲ ဗလုံးဗထွေး ငိုရှိုက်သံကြားက ဝမ်းသာသံ ကြားလိုက်ရ၏။ ထိုအသံပိုင်ရှင်က စောစောက ငိုနေသည့် စံ ည့် ကလေးမ၏အသံ။

"ဟယ်…ကြဲ"

ဝမ်းသာအားရ ခေါ်သံထဲမှာ အဖျားသတ်၍ ရှိုက်သံပါ

"ကြဲ"

"စံဆီ လိုက်လာတာလားဟင်"

"ဝုန်း"

"ဒုန်း"

ခုံတွန်းရွှေ့သံ၊ အလျှင်လိုသော ခြေသံတို့ကြောင့် အသချော် ်လက်စအလုပ်တို့ ရပ်တန့်သွားသည်။ စပ်စုချင်တာမျိုးမဟုတ် ဲ စူးစမ်းချင်တဲ့စိတ်ကြောင့် ဗီရိုတံခါးအကွယ်မှ နောက်သို့ တစ်လှမ်းဆုတ်ပြီး ထွက်အရပ်

"ဆောရီး…စံ၊ ငါ နင့်ဆီလာတာ မဟုတ်ဘူး"

အသံကို ကြားရပေမယ့် ကျောခိုင်းအနေအထားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကိုမမြင်ရ။

အနက်ရောင်ဆွယ်တာလက်ရှည်ပေါ် ဂျင်းချိုင်းပြတ် ခါးရှည်တစ်ထည် ထပ်ဝတ်ထားသော ကျောပြင်တစ်ခု။ ချိုင်း အနားသားတွေက ဖွာဖရာ လွင့်ထွက်နေပြီး ဂျင်း(န်)ပင်(န်)ဘ တော့လည်း အရောင်ဖျော့ဖျော့နှင့်လူက ဖျတ်ခနဲ ဒီဘက်လှည့် ရပ်သောအခါ အသချော်ရင်ထဲ ဒုတ်ခနဲ ဖြစ်သွားကာ အေးကျင်း သွား၏။

"ဟင်"

အသချော် မြင်လိုက်ရတာက မိုးရွာတဲ့နေ့က အသချော့် ထီးပေးသွားသည့် ဆံပင်ဖရိုဖရဲ ပွစာကြဲနှင့် ဟိုလူ။

"သူ"

နှုတ်မှ တိုးတိတ်စွာ ပွင့်ဟသွားသံအဆုံးမှာ သူကလည်း အသချော်ကိုမြင်ပြီး အသချော်ရှိရာ လျှောက်လာ၏။

"ခင်ဗျားက ဒီမှာကိုး"

အသချော်က သူ့ပခုံးကိုကျော်ပြီး နောက်နားဆီ လှမ်း အကြည့်မှာ အသည်းကွဲမျက်ဝန်းတွေမှ ဒေါသမီးတောက်သော စံထံမှ အကြည့်တွေနှင့် တန်းခနဲတိုး၍ အနေရခက်သွားသည်။





"ထီး လာပြန်ယူတာမဟုတ်လား၊ အသချော် သိမ်းထား ပါတယ်၊ ပြန်ပေးပါ့မယ်၊ ဟို…သူနဲ့စကားပြောရင်ပြောလေ"

အသချော်ကို ရန်လိုစွာ ကြည့်နေသည့် စံဆိုသည့် ကလေးမ မျှော် အသချော်က မေးဆတ်ပြတော့ ကြဲက စံရှိရာ တစ်ချက်ငဲ့ ကြည့်ပြီးမှ အသချော်ဘက်လှည့်ကာ အသချော်မျက်နှာကို စိုက် ကြည့်၏။

"ဆောရီး…ကိုယ်လာတာ သူ့ဆီလာတာမဟုတ်ဘူး၊ ကိုယ်လာတာ မင်းဆီကို"

"အသချော့်ဆီကို"

အားလုံးအကြည့်တွေက သူနှင့် အသချော်ထံ အဓိပ္ပာယ် အမျိုးမျိုး စုပြုံရောက်နေမှန်းသိ၍ အသချော်မျက်ဝန်းလေးတွေ ဝိုင်း စက်သွားကာ သူ့မျက်နှာချောချောကို အလန့်တကြားလေး မော့ ကြည့်သည်။

အသချော်က ရှေ့နောက် တညီတည်းရှည်တဲ့ဆံပင်ကို အလယ်ခွဲပြီး ကျစ်ဆံမြီးကျစ်ကာ ရင်ဘတ်တစ်ဖက်တစ်ချက်စီ ချထားကာ အဖြူနှင့်အနီကွက်တုံးပါတဲ့ ရှပ်အင်္ကျီကို ထုံးစံအတိုင်း ခါးနားမှာ စုစည်းလျှက် အနီရဲရဲ စကတ်ဝတ်ထားသော အသချော်



www.burmeseclassic.com

www.burmeseclassic.com



အလှက ချစ်စရာအလှတရားများနဲ့ ပြည့်စုံနေတာကို အားလုံးက ဝိုင်းကြည့်နေကြ၏။

"ဟုတ်တယ်၊ ဒီဘက်ခန်းမှာ မင်းရှိတယ်ဆိုလို့ လိုက်လာတာ"

"ဟုတ်…ဒီမှာ ထီး"

အသချော်က စားပွဲအံဆွဲထဲမှ ပြန်ပေးရန်အသင့် အကျအန လိပ်ထားသည့်ထီးကို ထုတ်ကာ ကမ်းပေးတော့ ကြဲက နှာတံ ကော့ကော့လေးအောက်က နီးမြန်းပါးလှပ်သော သူမနှုတ်ခမ်းအစုံကို စူးစိုက်ကြည့်ရင်း အသချော်ပေးသော ထီးကို ချက်ချင်းပြန်မယူ။

"ကိုယ်လာတာ အဲဒီထီးကြောင့် မဟုတ်ဘူး"

အသချော်ထံမှ ကမ်းလက်စထီးကို ပြန်တွန်းထုတ်ရင်း သူက စားပွဲမှာ လက်နှစ်ဖက်ထောက်ကာ ကိုယ်ကိုကိုင်းတော့ အသချော်နှင့်သူက နီးနီးလေးဖြစ်သွား၍ ရှက်လန့်သောစိတ်နှင့် ယောင်ယမ်းပြီး အသချော် ခြေတစ်လှမ်းဆုတ်တော့ သူက သဘောတကျနှင့် ခေါင်းမော့ရယ်တော့ အသချော် အကြည့်တွေက စောစောက ငိုနေသည့် စံရှိရာ မလုံမလဲရောက်သွား၏။

"ကိုက်မစားပါဘူးကွာ၊ ကိုယ်က မိတ်ဖွဲ့ဖို့လာတာပါ"





"ဟင့်အင်း…သချော် သူများရည်းစားနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး"

ပြတ်သားတင်းမာစွာ အသချော် ငြင်းလိုက်တာ မိန်းမသားချင်းစာနာက တစ်ပိုင်း၊ လူရှုပ်လူပွေနှင့် မပတ်သက်ချင်တာ တစ်ပိုင်း။ သူ့ကြောင့် ခံစားရပါသည်လို့ ကြေညာထားသော တစ်ယောက်ရှေ့မှာ အသချော်က သူနှင့်ဆက်ဆံရေး မပြေပြစ်ချင်။

သူက ထူးဆန်းသွားသလို မျက်ခုံးတန်းတွေ ပင့်တက်သွားပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်ကာ အသချော် မျက်လုံးထဲကို စိုက်ကြည့်သည်။

"ကိုယ် ဘယ်သူ့ရည်းစားမှ မဟုတ်တော့ဘူးဆိုရင်ရော"

"ဟင့်အင်း…အသချော်မှာ အပေါင်းအသင်းမိတ်ဆွေထားဖို့ အချိန်မရှိဘူး၊ ကူညီခဲ့တဲ့အတွက် ကျေးဇူးပါပဲ၊ ထီးပြန်ယူသွားပါ"

စားပွဲပေါ်မှ အသချော် တွန်းပေးသော ထီးကို ကြဲက ဖမ်းတားထားရင်း သူပြောချင်တာ ဆက်ပြောသည်။

"ကိုယ့်နာမည် ထင်တိုင်းကြဲ"

"အသချော်က နာမည်ပြောပြီး မိတ်မဆက်တတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေပါ”

အသချော်က ပြောပြီးတာနှင့် ချာခနဲ နောက်ပြန်လှည့်ကာ ဒီရိုရှေ့သွားရပ်သည်။ သူနှင့် ဆက်မျက်နှာချင်းမဆိုင်ချင်၍ ကြီးမားတဲ့ တံခါးချပ်ကြီးနောက် ဝင်ပုန်းတာဆိုရင် ပိုမှန်ပါလိမ့်မည်။ ဘာကြောင့်မှန်းမသိ၊ သူက ဒီလို ရှပ်တတ်ပွေတတ်သူမှန်း သိသွားတော့ အသချော်ရင်ထဲမှာ နှမြောသလိုလို စိတ်ဆိုးသလိုလိုနှင့် ဒေါသလည်းဖြစ်သည်။ သူ့အကြည့်စူးတွေကို အသချော် ပြန်မကြည့်ရဲအောင် ကြောက်စိတ်လည်း ဝင်နေသေးသည်။ အသချော်က စိတ်ထွက်ပေါက်ပေးသည့်အနေနဲ့ နှုတ်ခမ်းကို စုချွန်ကာ လေပူကို ဖူးခနဲ မှုတ်ထုတ်သည်။

“ဒီမှာ…နာမည်မပြောလည်း ကိုယ်က သိပြီးသား”

“ဟင်”

နောက်ကအသံကြောင့် အသချော်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ အသချော်က ထွက်သွားပြီထင်ထားပေမယ့် သူက မသွားသေးတော့ ပို၍စိတ်ရှုပ်သွားသည်။ ရည်းစားဟောင်းရှေ့မှာထားပြီး အသချော်နဲ့ပတ်သက်ဖို့ ကြိုးစားတာကတော့ တဆိတ်လွန်လွန်းသည်။





“အိုကေလေ၊ နောက်မှ ထပ်ဆုံကြတာပေါ့၊ မင်းနားမှာ ကိုယ် အမြဲရှိနေမှာပါ ချစ်အသချော်”

ကြည့်စမ်း…ဒီလူ။ အသချော့်နာမည်ကိုခေါ်ပြောသွား၍ အသချော် အကြည့်တွေက သူ့ဆီ ဖျတ်ခနဲရောက်သွားတော့ သူက အသချော်ကို ခပ်တည်တည်မျက်ဝန်းတွေနှင့် လှမ်းကြည့်ပြီး ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြသည်။

“သွားပြီ ချစ်အသချော်၊ ညနေကျမှ တွေ့မယ်”

လက်တစ်ဖက်မြှောက်ပြီး နှုတ်ဆက်သွား၍ အသချော် ပြောချင်သောစကားများကို ပြောခွင့်မရလိုက်ပါ။

တစ်စထက်တစ်စ လှုစုံလာတဲ့ အတန်းသားတွေရဲ့ အကြည့်က သူမထံမှာသာ အားကောင်းစွာ စိုက်ဆင်းလျက်ရှိသည့်အထဲ အင်္ဂမျက်လုံးနှင့် ကောင်မလေးအကြည့်က အရူးရဲဆုံး ထိုနေရာက အသချော် အမြန်ဆုံးထွက်လာခဲ့သည်။ နာမည်နဲ့ လိုက်အောင် ဒီလူလုပ်သွားပုံက တကယ် ထင်တိုင်းကြွသွားတာပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မင်း ကျူရှင်ပြန်တက်တော့မှာလား ကြဲ"

"အင်း…စဉ်းစားဦးမယ်၊ သူက ဆရာမဆိုတော့ ကိုယ်က နေရင်းထိုင်ရင်း သူ့တပည့်ဖြစ်နေဦးမယ်"

"မင်းပဲ အပြောကောင်း၊ တစ်သက်လုံး ထင်တိုင်းကြဲလာတဲ့သူက အသချော်တပည့်ဖြစ်မှာ စိုးရိမ်လို့တဲ့"

"ဖြစ်နိုင်ချေကို ပြောတာကွ"

"လုပ်မနေနဲ့၊ ဘယ်သူမှမယုံဘူး"

ကြဲက ဖုန်းကို နားနားကပ်ရင်း ကားနောက်ခန်းကူရှင်ပေါ် ငံ့ချကာ နက်ပြာရောင်မှိုင်းနေသော ကောင်းကင်ကြီးထဲ





ဟိုတစ်စ ဒီတစ်စ ပေါ်ထွက်နေသော ကြယ်ပွင့်တွေကို အမိုးအကာမဲ့ ကားထဲမှငေးရင်း အသချော် မျက်နှာလေးကို ဖျတ်ခနဲ မြင်လိုက်သည်။

"ငါ သူ့ကို တကယ်ငြိသွားပြီထင်တယ် ငုံးဥ"

"ဒါ မင်းဖြစ်နေကျပဲ ကြဲ၊ မိန်းမလှလေးတွေတိုင်း မင်းခံစားနေကျ ဝေဒနာကွ"

"မတူဘူးကွ၊ သူနဲ့ကျတော့ တစ်မျိုးပဲ"

"ဘာတစ်မျိုးလဲ"

"ငါလည်း မသိဘူး"

"သွားစမ်းပါ ကြဲရာ၊ ကိုယ့်ကိုယ်ကိုတောင် ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲနဲ့"

"တကယ်ချစ်စရာလေးကွ"

ငုံးဥက ထင်တိုင်းကြဲ ဘာပြောပြော မယုံ။ ဒီလိုစကားမျိုးတွေက သူ့အတွက် ရိုးနေပြီဖြစ်၍ စိတ်လည်းမဝင်စား။

"ငါ တကယ်ပြောနေတာ ငုံး"

"ဟုတ်ရင်တော့ ဝမ်းသာပါတယ်"

မေးပုံက သံသယနှင့်ဖြစ်ပေမယ့် မတတ်နိုင်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေထားခဲ့ ရှုပ်ခဲ့တာ ထင်တိုင်းကြဲရဲ့ အသက်ရဲ့နှစ်ဆ တောင် မကတော့။ ဒီနေ့တွေ့ပြီး မနက်ဖြန်တွဲကာ နောက်နေ့ကျတော့ လုံးဝမသက်ဆိုင်တော့ပါဆိုသည့် လူစားမျိုး။ တစ်နေ့တည်း နေရာခြား၊ အချိန်ခြားပြီး နှစ်ယောက် သုံးယောက် ပြိုင်တွဲတာမျိုးကလည်း ထင်တိုင်းကြဲ ရာဇဝင်မှာအပြည့်။

"ကောင်မလေးတွေသိသွားရင် မျက်နှာပူစရာကြီး ကြဲရာ၊ ကြည့်လုပ်"

ငုံးဥနှင့် လပြည့်ကသာ ပူပူလောင်လောင် ဖြစ်နေပေမယ့် ထင်တိုင်းကြဲက ဗီကေဝါးမပြတ်၊ စီးကရက်ဖွာမပြတ်ဘဲ မထိတရိမျက်နှာပေးက အမြင်ကတ်ချင်စရာကောင်းအောင် ချော နေတာ ဝန်မခံလို့မဖြစ်။

"ငါ မျက်နှာပူဖို့ ထားစမ်းပါကွာ၊ အားလုံးက ကျေနပ် နေတဲ့ကိစ္စ မင်းတို့သာ ကြားထဲက ဝင်မရှုပ်နဲ့"

ဘယ်သူမှ ထင်တိုင်းကြဲကိစ္စထဲ ဝင်မရှုပ်ပါ။ နောက်ထပ် တားမြစ်ကန့်ကွက်မည့်သူလည်းမရှိတော့ ထင်တိုင်းကြဲတို့ကတော့ ရည်းစားရရှိရေးဆိုတာ စီးကရက်တစ်လိပ်မှတစ်လိပ်သို့ ကူးတာလောက်တောင် မခက်ခဲသည့် ဒီဇိုင်းအပြည့်နှင့်ဖြစ်သည်။





"ထင်တိုင်းကြဲဘဝမှာ ဘာတစ်ခုမှ ဟန်ဆောင်လိမ်ညာစရာ မရှိဘူး၊ ကိုယ်ဘာလုပ်တယ်ဆိုတာ ကိုယ့်ဘာသာသိတယ်၊ ငါနဲ့တွဲမယ်ဆိုရင် အတိုတာတွေ၊ သိမ်းပိုက်ချင်တာတွေ ဆောရီး၊ အစကတည်းက ချစ်လို့တွဲတာမှမဟုတ်ဘဲ၊ ပျော်ချင်လို့ တွဲတာ၊ အာရုံနောက်မယ့်လူဆို နားထားပဲ"

အချစ်အပေါ်မှာ လုံးဝ အယုံအကြည်မရှိခဲ့သော ထင်တိုင်းကြဲလိုလူက အသချော်ဆိုတဲ့ မိန်းမလှလေးနှင့်ကျမှ ရင်ခုန်သလိုလို စိတ်လှုပ်ရှားသလိုလိုဖြစ်နေတာ အချစ်လား။ တစ်ခုမှ ထင်တိုင်းကြဲကို ထုတ်မမေးရသေးခင်မှာပဲ ကြဲဘက်က ဖုန်းချသွား၏။

"ဖုန်းချလိုက်ပြီဟေ့…ဒါပဲ"

ထင်တိုင်းကြဲ ဖုန်းပိတ်ပြီးမှ တာ့(ချ်)စခရင်(မ်)ပေါ် အသချော် ပုံတွေကို ပြန်ခေါ်ရင်း လှပသော မျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်ပစ်သည်။ သူ့ကိုမြင်တော့ မျက်နှာထားတည်တည်လေးနှင့် ဂရုမစိုက်သလို ကျော်ဖြတ်သွားသည့် အသချော်ပုံစံလေးကိုမြင်ယောင်ရင်း ထင်တိုင်းကြဲ နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ပေါ်လာ၏။

မင်း ကိုယ့်ကို စိန်ခေါ်တာဆိုရင် သိပ်မှားသွားမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အသခေျ၊

ကိုယ်က အဲဒီလို စိန်ခေါ်မှုမျိုးကိုမှ စိတ်ဝင်စားတာ မင်း သိလား။

လှပသော အသခေျ မျက်နှာလေးကို စိုက်ကြည့်ရင်း သူ ပြောလိုက်တော့ ဖုန်းထဲက အသခေျက ထင်တိုင်းကြဲ မျက်နှာ ချောချောကို ခပ်တည်တည် ပြန်စိုက်ကြည့်နေပုံက အသည်းယား စရာ။ ဖြစ်နိုင်ရင် လှပသော မျက်နှာလေးထက် ချစ်အနမ်းတွေ အများကြီး ခြွေချလိုက်ချင်သည်။

ဒါဆို အသခေျနဲ့ သူ့ကြားမှာ ဘာတွေဖြစ်လာမလဲ။

မင်းကို ကိုယ်ချစ်မိပြီထင်တယ် အသခေျ။

ကိုယ့်ကိုယ်ကို မသေချာသော စကားတစ်ခု သူ့နှုတ်မှ က ထွက်သွား၍ သူ အံ့သြသွားသည်။

အချစ်ဆိုတာ ဒီလိုပဲ။ ကိုယ်ကိုယ်တိုင် မသိခင် ကိုယ့် နှလုံးသားကို သူ့ဘာသာ သိမ်းပိုက်ထားနှင့်ပြီးသားလား။

"အသခေျက တီချယ် အားအကိုးရဆုံး တပည့် တစ်ယောက်ပဲကွ"

တီချယ် စာသင်ခန်းမှ စာရေး ကိုနေမျိုးက ထင်တိုင်းကြဲ





သိချင်တာတွေ ရှင်းပြသည်။ အသခေျ နေသည့်နေရာ၊ အသခေျ မိသားစုအားလုံး သူသိခဲ့ရသည်။

"မင်း မဟုတ်တာတွေမစဉ်းစားနဲ့နော် ကြဲ၊ ကောင်မလေး ဒါ တကယ့်ကို ရိုးရိုးသားသားလေး၊ ဒီတစ်ယောက်တော့ လွှတ် ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါ ကြဲရာ၊ မင်းအနားမှာ တခြား မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ သနားပါတယ်"

"ကျွန်တော်လည်း သနားတာပါပဲ"

"မင်းကွာ"

တီချယ် ဒေါ်မိုးမမက ဆွေမျိုးအတိအကျစပ်လျှင် ဒယ်ဒီ နှင့် ညီမနှစ်ဝမ်းကွဲ။

"ကိုကိုတိုင်းသားကို ဒီတိုင်း ထားတော့မှာလား၊ ဖအေ က စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက်ဘုရင်၊ ဆွေမျိုးတွေ ဆိုတာက ဆရာဝန်၊ အင်ဂျင်နီယာဆိုတာတွေချည်း၊ အဒေါ် တစ်ယောက်လုံးက ဆယ်တန်းကို အောင်ချက်ကောင်းတဲ့ကျောင်း ပို့ထားပြီး ထင်တိုင်းကြဲ တစ်ယောက်တည်းကျမှ ဆယ်တန်း အောင် ဖြောင့်အောင် မအောင်နိုင်တာ ဖြစ်သင့်လို့လား ကိုကိုရယ်"

"နင့်တူကိုက တမင် အောင်အောင်မဖြေဘဲနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ''

''ကိုကိုက ဘာမှမပြောတော့ဘူးလား''

''ပြောသားပဲ၊ ရမှမရတာ''

သားအကြောင်းပြောနေသည့် ဒယ်ဒီမျက်နှာက ချစ်ခြင်းကြင်နာခြင်းတွေနှင့် ခပ်ပြုံးပြုံး။ ဘယ်တုန်းကမှ ထင်တိုင်းကြဲကို မဆူမငေါက်။ လေသံမာမာနှင့်ပင် မပြော။ အမြဲ အလိုလိုက် အကြိုက်ဆောင်တတ်သည့် ဒယ်ဒီ့အကြောင်း အစင်းသိနေသည့် တီချယ်က သူ့အစ်ကိုကို မျက်စောင်းထိုးသည်။

''ကိုကိုတို့ သားအဖအကြောင်း မိုး သိပါတယ်၊ သား ဘာလုပ်လုပ် ကိုကိုက အမြဲ ကျေနပ်နေကျမဟုတ်လား''

''ဟ…မကျေနပ်လို့ဖြစ်မလား မိမိုးရ၊ သားလေး ဒီတစ်ယောက်ရှိတာ''

''သိပါတယ် ကိုကိုရဲ့၊ ကြွားမနေပါနဲ့၊ ဟွန်း…နာမည် ပေးထားတာကိုက ထင်တိုင်းကြဲဆိုတော့ သူ့စိတ်နဲ့သူ့ကိုယ် ထင် တိုင်းကြဲနေတာ ဘာဆန်းလဲ''

ဒေါ်မိုးမမက အစ်ကိုဖြစ်သူကို မကျေနပ်မှန်းသိတော့ ဦးတိုင်းကျော်က ညီမဖြစ်သူကို သဘောကျစွာရယ်သည်။





''နင့်စေတနာကို ငါနားလည်ပါတယ် မိမိုးရယ်၊ နင် ဖြစ်စေချင်သလို ငါလည်း ဖြစ်စေချင်တာပဲ၊ ဖြစ်မလာတော့ ဓတတ်နိုင်ဘူး''

''ကိုကိုကိုယ်တိုင်က တတ်နိုင်အောင်မှ မလုပ်တာ''

''အေး…နင့်ပဲပြောတော့''

''တော်ပါပြီ၊ ကိုကိုတို့ သားအဖထဲ ဝင်မပါတာပဲ ကောင်းတယ်''

အစ်ကိုဖြစ်သူကို စကားအနိုင်ပြောလိုက်ပေမယ့် တကယ် တမ်းကျ ဝင်မပါဘဲ နေနိုင်တာလည်းမဟုတ်။

''ဆယ်တန်းအောင်အောင် ဖြေစမ်းပါ ကြဲရယ်''

''ဖြေမှာပါ တီလေးရဲ့၊ ဒီနှစ် တီလေးကျောင်းကို အား ပေးမယ်၊ ကျွန်တော့်ကို ကျောင်းသားလိုတော့ မဆက်ဆံရဘူး၊ ဆဲဒီကတိရရင် ဆယ်ယောက်ဝိုင်းထဲလာမယ့်''

တူအရီး ကတိကဝတ်ပြုပြီးမှ ဆယ်ယောက်ဝိုင်းမှာ ထင် တိုင်းကြဲ ပါလာ၏။ ဒါပေမဲ့ ပုံမှန်ဇယားထဲမှာ မပါ။ သူ တက် ချင်သည့် အချိန်တက်ပြီး သူ မတက်ချင်သည့် အချိန် ပေါ်မလာ။

''ဒီလိုပုံနဲ့ ဘယ်လိုလုပ် ဆယ်တန်းအောင်မှာလဲ ကြဲ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မင်းတစ်ယောက်နဲ့လည်း တီလေး စိတ်ညစ်ပါတယ်”

ဒေါ်မိုးမမ တကယ်စိတ်ညစ်နေပေမယ့် ထင်တိုင်းကြဲနှင့် သူ့ဒယ်ဒီကတော့ ဒေါ်မိုးမမလို စိတ်မညစ်ကြပါ။

“ဘယ်လိုလဲဟေ့….သား၊ ဒီနှစ်အောင်မှာလား”

“အေးဆေးပါ ဒယ်ဒီရာ၊ ကြဲ တကယ်မလုပ်ချင်သေးလို့ပါ”

ဒယ်ဒီကတော့ သူ ဘာလုပ်လုပ် အပြစ်မမြင်တဲ့ထုံးစံအတိုင်း ကြဲစကားကို သဘောကျစွာ တဟားဟားရယ်သည်။

“ငါ့သားက ဆယ်ယောက်တည်းရှိတော့ ပျင်းတယ်ထင်ပါရဲ့ မိမိုးရယ်၊ ဒါကြောင့် လူများတဲ့နေရာ သွားတက်တာနေမှာ၊ ဟုတ်တယ်မဟုတ်လား သား”

“ရက်စ် ဒယ်ဒီ”

လိုက်ဖက်ညီသော သားအဖကြားမှာ ဒေါ်မိုးမမ ဝင်မပါတော့။

အခုတော့ မင်းကြောင့် ပျင်းစရာကောင်းတဲ့ ဝိုင်းထဲ ပြန်လာရတော့မယ်ထင်တယ် အသင်္ချေ။ စခရင်(မ်)ထဲ ထင်ရှားစွာ မြင်နေရတဲ့ နှုတ်ခမ်းပါးတွေကို လက်မနှင့် ဖွဖွထိရင်း ရေရွတ်





…သော နှုတ်ခမ်းဖျားက မပြတ်ဘဲ ရင်ဘတ်ရဲ့ ဟိုးအနက်ရှိုင်း …အဆိုရင် မင်း ယုံပါ့မလား။

“ဟား…မိုက်တယ်ကွာ၊ လန်းလှချည်လား ကိုကြဲ၊ …ယ်··ဒီဇိုင်းက လန်ထွက်နေတာပဲ”

စူးရှသော စကားသံနှင့်အတူ ရှန့်စူးစူးက ထင်တိုင်းကြဲ… ဝေ့ခနဲရောက်လာ၍ သူခေါင်းထောင်ကြည့်တော့ ထင်တိုင်း… ကားဘောနက်ပေါ် လက်စုံထောက်ရပ်နေသော လူစီကို …သော၊ ကျပ်သော မလုံမလဲဒီဇိုင်းနှင့် တွေ့လိုက်ရသည်။ စကား …ချင်၍ ကူရှင်ပေါ် ခေါင်းပြန်လှဲချတော့ လူစီက ထင်တိုင်း… …နေသည့် ကားရှေ့ခန်းနားထိ ဒေါက်ဖိနပ်သံ ဆူဆူညံညံဖြင့် …က်လာ၏။

“ကိုကြဲ”

ခပ်ချွဲချွဲ ခေါ်သံနှင့် ထင်တိုင်းကြဲ အမိုးဖွင့်ပြိုင်ကားနား …သည့် မျက်လုံးရီဝေဝေတွေကို ကြည့်ပြီး သူ့မျက်နှာချော… တင်းခနဲဖြစ်သွားသလို မျက်ခုံးထူတွေလည်း တွန့်ကုပ်သွား…

“ဝေးဝေးနေစမ်း…လူစီ၊ ငါ အာရုံမနှောက်ချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"လေစိမ်းတွေ သိပ်တိုက်တာပဲကွာ၊ တစ်မိုးအော
ဘည်း အတူတူနေကြသူချင်း အဲဒီလောက် မစိမ်းသင့်ပါဘူး၊
က ကိုကြဲကို ချစ်လို့ ခင်လို့"

"ကျစ်"

လှဲနေရာမှ ထင်တိုင်းကြဲ ထလိုက်သည်။ မထလို့ မ
လှစီကိုယ်ပေါ်မှာ စွပ်ကျယ်လို အပိုက်အပြတ်အကျီက လ
ဖြူဖွေးဆွတ်သော အသားစိုင်နေရာ တော်တော်များများမြင်အေ
ပြထားသလို ပေါင်လယ်ခန့်ရှိတဲ့ ဘောင်းဘီတိုကပ်ကပ်
နောက်ခန်းတံခါးဖွင့်ပြီး သူ့ဘေးဝင်ထိုင်တာက ထိုင်တာနှင့်
တစ်ကိုယ်လုံး ထင်တိုင်းကြဲဘေးနား လုံးထွေးပြုတ်ကျလာ၍ သူ
မထရင် ရင်ခွင်ထဲပြိုလာမှာ သေချာသည်။

"နင်မူးလာရင်၊ အေးဆေးနေ လှစီ"

"မူးလာတယ် ဟုတ်လား၊ ခစ်…ခစ်"

"ဒါဆို ကိုကြဲ လှစီကိုပွေ့ပြီး အိမ်ထဲခေါ်သွားပါလ

"ဒါမျိုး ဝါသနာမပါလို့ ဆောရီးပဲ"

"လှစီကို ကူညီတာပဲဟာယ်၊ ဝါသနာရယ်လို့
လို့လား"





"နင့်ပါးစပ်ပိတ်ထား လှစီ"

လှစီကို ထင်တိုင်းကြဲ ခပ်ပြတ်ပြတ်ပြော၍ သူမနားက
အောင် ကားတံခါးမဖွင့်ဘဲ အပြင်ကို လွှားခနဲ ခုန်ကျော်
လိုက်၏။

"အမလေး…အဖြစ်သည်းနေလိုက်တာ"

"ဘာလဲ…ကိုကြဲကို ဦးတိုင်း ဆူမှာစိုးလို့လား"

"ကိုကြဲကို လှစီက စတာပါနော်…ခစ်…ခစ်"

လှစီက ထင်တိုင်းကြဲ ဖြစ်နေပုံကိုကြည့်ရင်း တခစ်ခစ်
သည်။ လှစီအတွက် ထင်တိုင်းကြဲပုံစံက ရယ်စရာဖြစ်ချင်
နေပေမယ့် ထင်တိုင်းကြဲအတွက် လှစီပုံစံက ရွံစရာ မုန်းတီး
ဆုပ်စရာ ဖြစ်နေတာကို လှစီ သိမည်မဟုတ်။ ဒီလိုမိန်းမတွေ
သူတို့ကိုယ်သူတို့လည်း လှတကော ရွံမုန်းစရာသတ္တဝါလို့
တတ်ကြသူတွေမှမဟုတ်ဘဲ။ ဒီလောက်တော့ ရှိမှာပေါ့။

"ကိုကြဲ…မေမေက ပြောတယ်၊ ကိုကြဲနဲ့လှစီ လက်ထပ်
နေနဲ့မြ၊ ရွှေနဲ့လ တဲ့"

လှစီနဲ့ကျမှ စကားပုံတွေ ဆိုရိုးတွေတောင် ပြောင်းပြန်
အောင် ပြောတတ်သည့် လှစီနှုတ်ခမ်းတွေကို ထင်တိုင်းကြဲ



www.burmeseclassic.com

www.burmeseclassic.com



ရွံမုန်းစွာ ကြည့်လိုက်၏။ ထင်တိုင်းကြဲအဖေ ဒိတ်ဒိတ်ကြဲသူဌေး ကြီး ဦးတိုင်းကျော်ကို ရအောင်အမိဖမ်းသူက လူစီအမေ၊ ထော် ချောက်ဆင်တာ ဦးတိုင်းကျော်ကိုပဲ ရမည်၊ ထင်တိုင်းကြဲကိုတော့ မရ။ နာကြည်းခြင်း အမုန်းတွေနှင့် လူစီကို ရွံမုန်းစွာ ကြည့်ပစ်၏

"နင့်အမေ ရပိုင်ခွင့်နဲ့တင် ရောင့်ရဲစမ်းပါ လူစီရာ၊ အ ပြီးတော့ သားကိုပါ အပိုင်ကြံချင်တာ သိပ်မလွန်ဘူးလား"

"ကိုကြဲ"

အပြာရောင်လက်နေသော မျက်ခွံတွေနှင့်အပြိုင် လ မျက်ဝန်းတွေ အရောင်တောက်တာ မာနကြောင့်လို့ မထင် ထင်တိုင်းကြဲကတော့ မခံချိမခံသာဖြစ်သွားသည့် လူစီ ဆေး စုံမျက်နှာကို ကျောခိုင်းလိုက်၏။

"နောက် ဘယ်တော့မှ ငါနဲ့လာပတ်သက်ဖို့ မကြိ နဲ့၊ ဒါ နောက်ဆုံးသတိပေးခြင်းဆိုရင် သဘောပေါက်"

"လူစီကို အဲဒီလောက်အထိ မရက်စက်နဲ့ ကိုကြဲ၊ က ကိုကြဲပိုင်တဲ့ ငွေကြေးတွေ စည်းစိမ်ဥစ္စာတွေမပါဘဲ ကိုကြဲ ချစ်တာ"

"အပြောကောင်းသားပဲ"





"ကိုကြဲ"

နောက်က ခေါ်သံကြားပေမယ့် လှည့်မကြည့်။

ထင်တိုင်းကြဲ အခုလိုဖြစ်နေသည့်အထဲမှာ လူစီတို့ သား ကို မကျေနပ်လို့ တမင်ရွဲ့နေတာ ထိပ်ဆုံးကဆိုတာ သူ သိ သို ဒယ်ဒီလည်း သိမှာပါ။

မာမီရှိရင် သူ့ဘဝ ဒီလိုအခြေအနေမျိုး ရောက်လာစရာ ကြောင်းမရှိ။

အခုတော့ ထင်တိုင်းကြဲဘဝက အမည်နဲ့လူ လိုက်အောင် ဘဝကြီးတစ်ခုလုံး လောင်းကြေးထပ်ပြီး ထင်တိုင်းကြဲနေရပေ စိတ်ထဲမှာ နည်းနည်းမှမပျော်တာ သူပဲသိသည်။

နောက်ဘဝတွေရှိရင် ပြည့်စုံငြိမ်းချမ်းတဲ့ မိသားစုမှာ လူ ပါရစေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"အနောက်ဆုံး အလှည့်ကျတဲ့သူက ထင်တိုင်းကြ
ပါတဲ့ခင်ဗျား"

လပြည့်က သူ့စာအုပ်ကိုပိတ်သိမ်းရင်း ထင်တိုင်းကြ
အမည်ကို ဦးအောင် ခေါ်သည်။ ကျန်ကိုးယောက်က စာအားလုံး
ပြီး၍ ဖုန်းထုတ်ကာ ဂိမ်းဆော့သူနှင့် နားကြပ်တပ်ကာ အိုင်ပတ်
မှင့် သီချင်းနားထောင်သူနှင့် အုပ်စုဖွဲ့ကာ အတန်းထဲမှ ထထွက်
သွားသူတွေနှင့်ဖြစ်၍ အသင်္ချေနှင့်သူ နှစ်ယောက်တည်း သီးသန့်
လိုဖြစ်သွားသည်။

ထင်တိုင်းကြက ခုံတန်းမှာထိုင်ရင်း အသင်္ချေမျက်နှာ





လေးကို ခပ်တည်တည် စိုက်ကြည့်သည်။ အသင်္ချေက သူ့ကို
ည်။ ထင်တိုင်းကြပုံစံက အသင်္ချေမျက်လုံးထဲမှာ ဘယ်တော့
မျိုးမပြေ။ ကိုယ်ပေါ်ဝတ်ထားတဲ့ အဝတ်အစားကအစ ဘာ
ိုမသိ။

အတွင်းခံ စွပ်ကျယ်အနက်ပေါ် အဖြူရောင်ဂျက်ကက်
ည် ထပ်ဝတ်ထားကာ ဂျက်ကက်ရင်ဘတ်တွေ လက်မောင်း
တွေမှာ အမေရိကန်အလံလိုလို၊ အင်္ဂလန်အလံလိုလိုတွေ ကပ်
ပုံက ဖြူဖြူစင်စင်မရှိလှ။ ဂျင်းဘောင်းဘီကျတော့ အပြာဖျော့
 အဝါဖျော့အကွက်တွေ ဟိုတစ်စမှာ ခါးစပ်မှချထားသည့်
ကြိုးက တို့လို့တွဲလောင်း။

လည်ပင်းမှာလည်း ကြိုးအနက်ရှည်ကြီးတစ်ကုံး ဆွဲချ
ကာ လက်ကောက်ဝတ်တွေမှာလည်း ပုတီးကုံးတွေလိုရော
တွေ ကွင်းတွေရောနှင့် ရှုပ်ယှက်ခတ်နေသည်။

စေ့စေ့မကြည့်ရဘဲ မျက်လွှာတစ်ခါပင့်တိုင်း အသင်္ချေကို
စ်ခါမှမမြင်ဖူးသလို စူးစိုက်ကြည့်နေပုံက ရဲတင်းလွန်း၍ စိတ်
 အနေရခက်လျက် တစ်ခုခု ရန်တွေ့ပစ်ချင်သည့် စိတ်ကို
ည်းကျိတ်၍ မျိုသိပ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…စာဆိုလို့ရပြီ"

ဖြစ်ချင်တာထက် ဖြစ်သင့်တာ၊ ငိုရွေးပြီး စာအုပ်ကိုဖွင့်ကာ ဒီနေ့အတွက် သတ်မှတ်ထားသည့် လေ့ကျင့်ခန်းစာမျက်နှာကိုကြည့်နေလိုက်၏။ အချိန်သာ ကြာသွားသည်။ တစ်ဖက်ထဲ ဘာသံမှမကြားရတော့ ထင်တိုင်းကြဲမျက်နှာကို မော့အကြည့်မှာ အသချော်မျက်နှာကို စူးစိုက်ကြည့်နေသူ မျက်ဝန်းအစုံဖြင့် တည့်တည့်တိုးသည်။

"ဒီမှာ…ရှင့်အတွက် ဒီနေ့ လေ့ကျင့်ခန်းက ပြီးဦးမှာလား"

"ပြီးမှာပါ အသချော်"

"ဒါဖြင့် စာမဆိုဘဲ ဘာလုပ်နေတာလဲ"

"လှလို့"

"ဘာရှင့်"

"ဩော်…အသချော် ခေါင်းပေါ်က နှင်းဆီပန်းလေးကို ပြောတာပါဗျာ"

"ဟွန်း…ရှပ်ကိုက မုန်းစရာ"

"ကဲ…ဆို"





"*မင်းအကြည့်များကြောင့် ×× ငါ တကယ်ရူးချင် ××*"

"ရှင့်ကို စာပဲဆိုခိုင်းတာနော်၊ သီချင်းဆိုခိုင်းတာမဟုတ်ဘူး"

"ဆောရီး…အသချော်က ဆို ဆိုတော့ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ တိုက်ဆိုင်တဲ့သီချင်းကို ဆိုဖြစ်သွားတာ"

"ခက်ဆစ်ကို ပြန်ပါ"

သူ့ ဘာပြောပြော အသချော်မျက်နှာလေးက ခပ်တည်တည်။ သူ့ အသည်းယားတာကလည်း ဒါပဲဖြစ်သည်။

"ကိုယ့်ကို နည်းနည်းရှင်းပြပါလား"

"ရှင် သိချင်တာရှိရင် တီချယ်ကိုမေးပါ"

"ကိုယ်က အသချော် ဖြေတာကိုပဲ ကြားချင်တာ"

"ရှင် တမင် အရွဲ့မတိုက်နဲ့နော်"

"ဩော်…တကယ်အတည်ပြောတာပါဗျာ၊ အသချော်မျက်နှာလှလှလေးကို မြင်တဲ့နေ့ကစပြီး…"

"ထင်တိုင်းကြဲ"

"ဗျာ"

ဒေါသဖြင့် အသချော်မျက်နှာလေး တင်းမာခက်ထန်



www.burmeseclassic.com

သွားပေမယ့် ထင်တိုင်းကြဲမျက်နှာက ခပ်တည်တည်။

"စာသင်ချိန်မှာ စာအကြောင်းပဲပြောပါ၊ တခြားအကြောင်း မပြောပါနဲ့"

"ဒါဖြင့် ဘယ်အချိန်ကျမှ တခြားအကြောင်း ပြောရမှာလဲ အသချော"

"ရှင် စာမပြန်တော့ဘူးဆိုရင် ကျွန်မ ပြန်တော့မယ်"

"ဟိတ်...နေဦး၊ ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးနေရတာလဲ"

အသချော နေရာက ထရပ်တော့ သူက အသချော့ရှေ့က ပိတ်ရပ်ပြီး တားသည့်အတွက် ရှေ့ဆက်မတိုးသာဘဲ ဖြစ်သွားသည်။

မည်းနက်ကော့ရွန်းသည့် အသချော မျက်တောင်ကော့ကော့၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံစင်းစင်း၊ နှုတ်ခမ်းထူထူစုစုလေးကို အနီးကပ်ကြည့်ရင်း ရင်ခုန်သံမြန်လာသူက ထင်တိုင်းကြဲ။

ထူးထူးခြားခြား ဘာမှမပြင်ဆင်ထားဘဲ အသချော လှပုံက ရင်ထဲ အေးမြမှုကို ပေးနိုင်တာလည်း အံ့ဩစရာ။

"ရှင် အသချော့ရှေ့က ဖယ်နော်"





"တကယ်ပြန်တော့မလို့လား"

"ဟုတ်တယ်"

အသချော လေသံက မာသလို မျက်နှာကလည်း ထန်သည်။

"ကိုယ်တကယ်ပြောတာ အသချော၊ ကိုယ် စာမေးပွဲကျခဲ့တာ အဲဒီမြန်မာစာကြောင့်"

အသချော အကြည့်တွေက သူ့ထံ ဖျတ်ခနဲ ရောက်လာသည်။

"ဖြစ်နိုင်ရင် ကိုယ့်ကို အသချော ကူညီပေးပါလား"

"ကျွန်မက ဘာကိုကူညီရမှာလဲ"

"ကိုယ်ညံ့တဲ့မြန်မာစာကို သင်ပေးဖို့"

"အဲဒီအတွက်ဆိုရင် ရှင် စိတ်မပူနဲ့ ထင်တိုင်းကြဲ၊ တီချယ်ကို ရှင် ဖြစ်ချင်တာအားလုံး အသချော ပြောပြလိုက်မယ်"

"ဟာ"

ပြောပြောဆိုဆို ထင်တိုင်းကြဲနားက ခြေလှမ်းမှန်မှန်နှင့် ထွက်သွားသည့် အသချော့ကြောင့် ထင်တိုင်းကြဲ ဘာမှဆက်မပြောနိုင်ဘဲ နှုတ်ဆွံ့အသွားသည်။

www.burmeseclassic.com



"ဟိတ်...နေဦး"

"အသချော်"

သူ ဘယ်လိုအော်အော် အသချော်က နောက်ကို တစ်ချက်လေးမှ လှည့်မကြည့်ဘဲ ရုံးခန်းထဲဝင်သွား၍ ထင်တိုင်းကြဲ စိတ်ရှုပ်ထွေးသည့်ကြားက ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ခပ်တိုးတိုး ရယ်လိုက်၏။

အချစ်ဆိုတာ ဒီလိုလား။

ကောင်းပြီ။

မင်းနဲ့ကိုယ် ဘယ်သူ ပိုခေါင်းမာလဲဆိုတာ စမ်းကြည့်ရအောင်။

* * *



## အခန်း (၆)

"တီချယ့်တူ...ဟုတ်လား"

"နင် တကယ်မသိတာ အံ့ပါရဲ့ အသချော်ရယ်"

ထင်တိုင်းကြဲက တီချယ့်တူဆိုတာ အခုမှ အသချော် သိရခြင်းဖြစ်သည်။

"အသချော်ကိုမှ မပြောတာ"

"ဘယ်ပြောပါ့မလဲ၊ ဒီကောင်က ပွေးပဲဟာ"

"အေးလေ...သူ ပွေလို့ရှုပ်လို့ကောင်းအောင် ရုပ်ကလည်းချော၊ ပိုက်ဆံကလည်း ချမ်းသာတာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

နွယ်က သူမစကားကို သူမဘာသာ မှတ်ချက်ချနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို အသချော် မျက်လုံးဝိုင်းကြီးတွေနှင့် ငြိမ်ငြိမ်ပြီး နားထောင်နေ၏။

အခြေအနေချင်း မိုးနဲ့မြေလို ကွာခြားသလို ရည်းစားများသော သူ့လိုလူတစ်ယောက်က အသချော်လို ဘာမှမဟုတ်သည့် မိန်းကလေးတစ်ယောက်ကို ချစ်တမ်းကစားချင်နေတာကိုပဲ စိတ်ထဲက မုန်းနေသည်။

ထင်တိုင်းကြဲ မျက်လုံးထဲမှာ မိန်းကလေးလှလှမှန်သမျှ သူ့အတွက် အပျင်းပြေ ဆော့ကစားစရာလို့များ ထင်နေလား။

ထင်တိုင်းကြဲလို သူဌေးသားတစ်ယောက်ကို အပိုင်ရရင် ငါတော့ချမ်းသာပြီလို့ စိတ်ကူးဖြင့် ရူးနေသူတွေထဲ အသချော် မပါ။

ငွေမျက်နှာ ဂုဏ်မျက်နှာတစ်ခုတည်းကြည့်ပြီး အကျင့်စာရိတ္တတွေကို မေ့ထားမည်မဟုတ်။ ဂုဏ်မရှိ ငွေမရှိပေမယ့် သစ္စာရှိရှိ ဣန္ဒြေသိက္ခာနှင့် နေတတ်သူကိုသာ စိတ်ဝင်စားသူတွေထဲမှာ အသချော်လည်း ပါသည်။

ရှုပ်ထွေးပွေလီနေသူမျိုး အလိုမရှိ။ ထင်တိုင်းကြဲက အသချော်ကို တွေ့ပြီးမှ ကျူရှင်တက် မှန်လာ၏။ အသချော်ကို တီချယ်ကိုယ်တိုင်က ထင်တိုင်းကြဲနှင့် အတူတူ ကျက်ပေးပါလို့ မဖြစ်မနေ တာဝန်ပေးလာတော့ တီချယ့်စကားကို မနာခံလို့မဖြစ်





တော့။ သူနားကို စိတ်ပါပါ မပါပါ သွားနေရသူက အသချော်။

"အသချော်"

"ဟင်…ဘာလဲ နှယ်"

"အသချော်ကို သူနားခေါ်ထားတာ ထင်တိုင်းကြဲမှာ အကြံရှိချင်ရှိနေမှာလို့ ပြောတာ"

နှယ့်စကားကြောင့် အသချော်ရင်ထဲ လှုပ်ရှားသွားပေမယ့် ထင်တိုင်းကြဲလိုလူကို ဘယ်တော့မှ စိတ်မဝင်စားဖို့ သူ ဆုံးဖြတ်ထားသည်။ အသချော်က ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် တည်ငြိမ်နိုင်ခဲ့သည်။

"သူဘာသာ ဘာဖြစ်ဖြစ်ပေါ့ နှယ်ရယ်၊ အသချော်ဘက်က အနေမှန်ရင် ပြီးတာပဲ၊ သူ့လို လူရှုပ်လူပွေကိုလည်း အသချော် စိတ်မဝင်စားပါဘူး"

"ဟိုက စိတ်ဝင်စားနေရင်ရော"

နှယ့်စကားကြောင့် အသချော် ပြုံးလိုက်သည်။

"သူ့လိုလူကို ပြန်ချစ်မိရင် အသချော်ပဲ ဘဝပျက်ရုံ အသည်းကွဲရုံ ရှိမှာပေါ့ နှယ်ရယ်၊ အသချော် ဒီလောက်မမိုက်ပါဘူး"

"တခြားမိန်းကလေးတွေလည်း အသချော် တွေးသလို



www.burmeseclassic.com

www.burmeseclassic.com

သွေးမီရင် သိပ်ကောင်းမှာပဲနော်၊ ဒါမှ ထင်တိုင်းကြဲကိုယ်တိုင် ဘယ်မိန်းကလေးကိုမှ အထင်မသေးရဲတော့မှာ''

နွယ့်စကားကို အသချော် ထောက်ခံပါသည်။

''ထင်တိုင်းကြဲက ရှေ့ပ်''

''ထင်လို့ပါ''

နောက်ပါးဆီမှ အေးစက်စက်အသံကြောင့် အသချော်တို့နှစ်ယောက်စလုံး အထိတ်တလန့် နောက်လှည့်ကြည့်တော့ သူတို့နောက်မှာ မားမားကြီးရပ်နေသူက ထင်တိုင်းကြဲ။

''ထင်တိုင်းကြဲ''

နွယ့်မျက်နှာမှာ သွေးမရှိတော့။ မီးဖိုချောင်နှင့် စာသင်ခန်း ပေါင်းကူးထားသည့် လမ်းကျဉ်းလေးထိပ်မှ အသချော်တို့နှစ်ယောက်ကို ခပ်တည်တည် ပြန်ကြည့်နေ၏။

''ဒီနေ့ ပိုင်းအချိန်မရှိဘဲနဲ့ ဘယ်လိုလုပ်ရောက်လာတာလဲ''

''ဘာလဲ…ကိုယ့်အတင်းပြောနေတာ လူမိသွားလို့လား''

''အို''

ထင်တိုင်းကြဲစကားကြောင့် နွယ့်မျက်နှာက ထိန်းမရအောင် ပျက်သွား၏။





''အမှန်တွေပြောတာ အတင်းမှမဟုတ်ဘဲ''

အသချော်က နွယ့်ကိုယ်စား ထင်တိုင်းကြဲကို ရန်စွာတော့ …ာ အသချော်မျက်နှာကို မျက်လုံးလက်လက်တွေနှင့် စူးစူးရဲရဲ …ကြည့်နေသည်။

''တော်တော် အမှန်တရားတွေ ပြောချင်နေတယ်ပေါ့ …တ်လား''

''နွယ်တို့သွားရအောင် အသချော်''

''မင်း သွားချင်သွား၊ အသချော်ကို ထားခဲ့''

''ဟင်''

ထင်တိုင်းကြဲ စကားကြောင့် အသချော်တို့ သူငယ်ချင်း …ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

''နင် နေခဲ့မှာလား အသချော်''

''ဘာလို့နေခဲ့ရမှာလဲ၊ လာ…သွားမယ်''

''ပြောမရရင် လက်ကို ဆွဲထားမှာနော်''

သူ ဘာပြောပြော အသချော် ဂရုမစိုက်။ နွယ်နှင့်အတူ …ရှေ့က ဖြတ်သွားတော့ သူက အသချော်ရှေ့မှာ ဝိတ်ရပ်သည်။

''ရှင် ဘာလုပ်တာလဲ''

''ကိုယ့်အကြောင်း မင်းကို ပြောမလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ရှင့်အကြောင်း မေးနေလို့လဲ"

"ဖယ်ပါ"

"မဖယ်ဘူး၊ ကိုယ်ပြောတာ ဆုံးအောင်နားထောင်ပြီးမှ သွား"

"မင်း သွားလို့ရပြီ နွယ်"

နွယ်က အသချော်ကိုကြည့်ပြီး အသချော်တို့နားက ထွက်သွား၏။

"နွယ်"

"ကိုယ် တကယ်ရည်းစားများခဲ့တာ အသချော်"

အသချော်က ဟိုဘက်တိုးထွက်ဟန်ပြင်တော့ ဟိုဘက်တိုးရပ်သည်။ ဒီဘက် တိုးထွက်ဟန်ပြင်တော့ ဒီဘက်ပိတ်ကွယ်ရပ်နှင့် အသချော် မမေးဘဲ သူ့အကြောင်းတွေ ပြောနေသူကို မုန်းမုန်းနှင့် ဒေါသဖြစ်လာ၏။

"ရှင် ဘယ်လိုလူလဲ"

"အမှန်တရားကို ပြောတဲ့လူ၊ ဘယ်သူမှ အခုချိန်ထိ ကိုယ့်ရင်ဘတ်ထဲ မရောက်သေးဘူး အသချော်"

"အဲဒါ အသချော်က ဘာလုပ်ရမှာလဲ"

"သိစေချင်တာ၊ အသချော်နဲ့ တွေ့ပြီးကတည်းက ဓာတ်





တွေအားလုံး ဖြတ်လိုက်ပြီဆိုတာ ယုံ"

"ရှင် ပြောလို့ပြီးပြီလား"

"မပြီးသေးဘူး၊ ကိုယ် အခု တကယ်ချစ်တတ်လာပြီ၊ ကို ကိုယ်ချစ်တယ် အသချော်"

"သေလိုက်"

"နီး…အချစ်နဲ့အတူ သက်ရာကျော်နေဦးမှာ"

"စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့ ထင်တိုင်းကြဲ၊ လောကမှာ ကိုယ်ဖြစ်ချင်တာတွေချည်း ဖြစ်ခွင့်ရနေရင် ဒုက္ခဆိုတာ င်ရှိမှာမဟုတ်ဘူး"

"စိတ်ချပါ၊ ကိုယ့်အချစ်ကို အသချော် ယုံကြည်လာ င် ကိုယ်ကြိုးစားမယ်"

အသချော် ဘာမှမပြော။ သူ့ကို ကွင်းရှောင်ပြီး သူ့ရှေ့က လာခဲ့သည်။ တစ်နေ့ ဒီလိုဖြစ်လာမှာကို ကြိုတင်သိထား၍ ချော်ဘက်မှာ အမုန်းလက်နက်တွေ အသင့်ပြင်ဆင်ထားတာ တွက် စိတ်မကောင်းစရာပဲ ထင်တိုင်းကြဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဖယ်စမ်းပါ ကိုကြီးရာ၊ ဒီလောက်တော့ အသချေ လုပ်နိုင်ပါတယ်၊ ကိုကြီးက တစ်လမှာ တစ်ရက်လေး နားရတာ။ အေးအေးဆေးဆေး နားပါ၊ သွား…သွား"

အသချေ အဝတ်လျှော်သည့်နေရာမှာ ဖွတ်လာကူနေသည့် အစ်ကိုဖြစ်သူကို သနားစိတ်ဖြင့် အသချေက သူ့နားက ဖွတ်အတင်း တွန်းလွှတ်သည်။ ဒီအလုပ်တွေက အသချေ လုပ်နေကျအလုပ်တွေမို့ ကိစ္စမရှိ။

"ညီမလေးလည်း တစ်ပတ်မှာ တစ်ရက်ပဲ အနားရတာ မဟုတ်လား"





"အသချေအလုပ်က မနားရလည်း ပင်ပန်းတာ ဘာမှမရှိဘူး၊ ကိုကြီးသာ ဆိုင်မှာ သီချင်းဆိုရ၊ ကိုယ့်အလှည့်ပြီးရင် ညည့်နက်တဲ့အထိ ကီးဘုတ်တီးပေးရနဲ့၊ ဘယ်လောက်ပင်ပန်းလဲ၊ ကိုကြီးက အိပ်ရေးပျက်ခံပြီး အလုပ်လုပ်ရတဲ့သူ၊ ပြီးတော့…"

အသချေစကားသံ တိတ်ကျသွားတော့ လူမော်က ဆက်ပြောဦးလေဆိုတဲ့ သဘောနှင့်ကြည့်သည်။ အသချေကတော့ အစ်ကိုဖြစ်သူရဲ့မျက်နှာကို သတိမထားမိဘဲ အဝတ်ကန့်ထဲက ရေတွေကို လက်များနဲ့ ဆော့ကစားရင်း

"ဒီအိမ်မှာ ကိုကြီးက ဝင်ငွေအကောင်းဆုံးလူ၊ ကိုကြီး က မိဘကို အသချေထက် ပိုဖြည့်ဆည်းပေးနိုင်တဲ့လူဆိုတော့ ကိုကြီးကို ဦးစားပေးတာက အဖေ အမေကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲလေ"

"ဒါနဲ့ပဲ ညီမလေး ဘာလုပ်လုပ် အစ်ကိုက ထိုင်ကြည့်နေရမှာလား၊ ဖယ်စမ်း…ဒီစောင်ကို ကိုကြီး ရေစင်အောင်ဆေးပေးမယ်"

"ရေတွေစိုကုန်မှာပေါ့ ကိုကြီးရဲ့၊ ညီမလေးပဲ လုပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လူမော်က အသခေါ်စကားကို ဂရုမစိုက်။ သူ့အား
နှင့် အသခေါ် လျှော်နေသည့်စောင်ကို ယှလျှော်တော့ ခဏ
နှင့် သေသေသပ်သပ် ပြီးသွားသည့်အတွက် အသခေါ် ပျော်
သည်။

"ကိုကြီး တစ်ကိုယ်လုံး ရေတွေစိုကုန်ပြီ"

"ရေစိုတော့ ရေချိုးရတာပေါ့ဟာ၊ ကဲ…နော
တန်ဆည် လာထား"

"ခစ်…ခစ်"

မောင်နှမနှစ်ယောက် တက်ညီလက်ညီလုပ်ရင်း အဝ
တွေကို ပေါ့ပါးစွာ လျှော်ဖြစ်သွား၏။ ဒီနေ့ နားရက်ဆို
အိမ်ရှင်းကြ၊ မြေအောက်စိုက်ခင်းထဲဆင်းပြီး သစ်ပင်တွေ ဖြ
ပေါင်းသင်ကြ၊ ထမင်းချက်၊ အဝတ်လျှော်၊ အားလုံးစုလုပ်ကြ
မယ့် မောရမှန်းမသိ။ အခု စောင်တွေ၊ ခြင်တွေ လျှော်တော့လ
ကိုကြီးက ဝင်ကူသည့်အတွက် အသခေါ် ခါတိုင်းလို မပင်
ရတော့ပါ။

"ခြင်ထောင်ကပါးတော့ ဗမာနည်း ဗမာ့ဟန်နဲ့ လျှော
လို့ရတာယ် ကိုကြီးရဲ့၊ ဟိုစောင်ကြီးကိုတော့ ကိုရီးယားလို လျှော





ဖြစ်မှာ"

"ဘာ"

"ကိုရီးယားလို လျှော်မှာလေ"

ဓာခြင်ထောင်အပါးလေးတွေမို့ လျှော်ရတာ သိပ်မပင်
ပန်း။ လူမော်က အုတ်ကန်အခြေက ပိုက်ခေါင်းဖွင့်ချရင်း ခြင်
ထောင်ဇလုံကြီး ထိုးခံကာ မေးသည်။ အသခေါ်က အိမ်နေရင်း
မှုပ်အင်္ကျီအနီ၊ ဘောင်းဘီက ခြေသလုံးတစ်ဝက်လောက် အရှည်
မှီတာ အောက်ဖျားမှာ အနားစည်းပါတဲ့ အနီနှင့်။ နံနက်ရဲ့ နေခြည်
အောက်မှာ အသခေါ်က ဖူးပွင့်ရန် အားယူထားတဲ့ ပန်းအငုံတစ်ပွင့်
လို၊ ချစ်စဖွယ် လတ်ဆတ်ရှင်းသန့်လျက်။ နေနှင့်အပြိုင် ထွန်း
သင်းသော အရောင်အဝါတစ်မျိုးလို အသခေါ်ထံမှ ထွက်ပေါ်နေ
သည်။

"ဒီလိုလေ ကိုကြီးရဲ့၊ ကိုရီးယားလိုဆိုတာ ဇလုံထဲ
ယောဒီလိုဝင်ပြီး အဝတ်တွေ ဟောဒီလို ဟောဒီလို ခြေထောက်နဲ့
နင်းပြီး လျှော်တာလေ၊ ခစ်…ခစ်"

အသခေါ်က ပြောလည်းပြော၊ ရေစိမ်ထားသည့် စောင်
ဇလုံကြီးထဲ ခြေစုံဝင်ရပ်ပြီး တစွတ်စွတ်နင်းလိုက် ခုန်လိုက်နေပ



www.burmeseclassic.com

ရှင်း တခစ်ခစ်ရယ်နေမှ လှမော်လည်း သဘောပေါက်ကဲပြီး အ
ကျယ်ကြီးနှင့် ထရယ်သည်။

"ဩော်…ကိုရီးယားလိုလျှော်တာ ဒီလိုကိုး"

"ပျော်စရာကောင်းတယ် ကိုကြီးရဲ့၊ လာ…ကိုကြီး
အသချော်လို ကိုရီးယားလိုလျှော်"

"နင်ပဲလျှော်ပါ"

"လာစမ်းပါ ကိုကြီးရ"

"ဟော့…ဟာ…ဒီကောင်မလေး"

"ခစ်…ခစ်"

အသချော်က အိုးတိုးအမ်းတမ်းနှင့် အဝတ်ဇလုံထဲ ခြေ
ဝင်ရပ်လာသည့် အစ်ကိုကိုကြည့်ပြီး အားပါးတရရယ်ပစ်သည်

"ကဲ…လျှော်လေ၊ ဒီမှာတွေ့လား၊ ဟောဒီလို‥ဟော
လို"

"ဟဲ့…ကောင်မလေး၊ ငြိမ်ငြိမ်နေလေ"

လှမော့်လက်မောင်းနှစ်ဖက်ကိုကိုင်ကာ အသချော်က ဆော
တွေကို တဖွပ်ဖွပ်မြည်အောင် နင်းသည်။ ဇလုံက ဆောင်တွေ
ခြေထောက်နှစ်စုံကြောင့် ကျဉ်းသွားသည့်ကြားထဲ ဟန်ချက်မ





ဘာ ယိုင်သွားလျှင် လှမော်က ပခုံးလေးကိုကိုင်ကာ ပြန်ထိန်း
ရှင်း ကြာတော့ သဘောကျလာကာ အတူတူရယ်မိကြသည်။

"အေးကွ…ပျော်စရာတော့ အကောင်းသား"

"ပျော်ရင် နောက်တစ်ခါ ကိုကြီးဘာသာ လျှော်တော့"

"ဟဲ့…ဒီမောင်နှမ ဘာတွေလုပ်နေတာလဲ"

"ဟော…အမေ နိုးလာပြီ"

အမေ့ကို မြင်လိုက်ရတော့ အသချော် ပြုံးသွား၏။

"ရယ်သံတွေကြားလို့ နိုးလာတာ"

"အမေ အိပ်နေတာကို အသချော် မေ့သွားလို့ပါ၊ ဒီမှာ
လေ…အသချော်တို့ အဝတ်လျှော်နေတာ"

"မကြီးမငယ် ဘယ့်နှယ် ရေဇလုံထဲ ဝင်ဆော့နေရတာ
လဲ"

"ကိုရီးယားလို အဝတ်လျှော်နေတာလေ"

"ကဲ…တော်ကြ၊ တော်ကြ၊ ဒီနေ့ အမေ သွားစရာရှိ
သေးတယ်၊ ထမင်းကျက်ပြီလား"

"ကျက်ပြီ အမေ၊ ဟင်းရော ထမင်းရော စားပွဲပေါ်မှာ
အသင့်ရှိတယ်"

www.burmeseclassic.com



"ဟင်းက ဘာဟင်းလဲ"

"ဝက်သားဟင်းလေးချက်၊ ဘူးညွန့်ဟင်းချို၊ ငရုတ်သီး အညာထောင်း အမေ"

"ဒီနေ့တော့ တယ်ဟုတ်ပါလား"

ဟင်းကောင်းကြိုက်တတ်သည့် အမေ့မျက်နှာ ပြုံးသွား တော့ အသချော်လည်း ပျော်သွားသည်။

"ကဲ…ကဲ…ထမင်းခူး၊ အမေစားမယ်"

"ကိုကြီးရော တစ်ခါတည်း စားမလားဟင်"

"အမေ့ကိုပဲ ကျွေးလိုက်ပါ၊ အဖေနိုးရင် အဖေ့ပါကျွေး လိုက်၊ အစ်ကို အဝတ်ဆက်လျှော်ဦးမယ်"

"ဟုတ်ကဲ့"

လှမော် အဝတ်ဆက်လျှော်ရင်း ကျန်ရစ်သည်။ အသချော် က အမေ့ကို ထမင်းပွဲပြင်ပေးနေတုန်း အဖေပါနိုးလာပြီး ထမင်း အတူစားသည်။ အဖေရော အမေပါ ထမင်းစားကောင်းတာ မြင် ရတော့ အသချော် ပျော်သည်။

"ကိစ္စရှိလို့ ငါ အပြင်သွားဦးမယ်ဟေ့"

အဖေက အရင်နှုတ်ဆက်ပြီး အိမ်ကထွက်သွား၍ အမေ





နှင့် အသချော်ပဲ ကျန်ခဲ့သည်။ လှမော်က သူ့သူငယ်ချင်းတွေနှင့် လိုက်သွားသည့်အတွက် သားအမိနှစ်ယောက် အေးအေးဆေးဆေး စကားပြောချိန်ရသည်။

"သမီး အသချော်"

"ရှင်…အမေ"

"အမေ သတိပေးထားစရာရှိလို့"

"ဘာလဲ အမေ"

အမေ့စကားက ထူးဆန်းနေ၍ အသချော် အံ့ဩသွားသည်။ ခေါ်ယူက နှုတ်မှုတ်ဝင်းသန့်နေသော ချစ်အသချော် မျက်နှာကိုကြည့် ရင်း သက်ပြင်းတစ်ချက်ရှိုက်သည်။

"သမီး အပြင်ထွက် အလုပ်လုပ်တာ တစ်လပြည့်တော့ မယ်နော်"

"ဟုတ်…အမေ၊ ဘာဖြစ်လို့လဲဟင်"

"သြော်…အပြင်မှာ အလုပ်လုပ်တယ်ဆိုတော့ အိမ်မှာ နေသလို ဘယ်ဟုတ်ပါ့မလဲ၊ မြင်သမျှ တွေ့သမျှ အသစ်အဆန်း တွေချည်းဆိုတော့ တစ်ခုခု အမှားလုပ်မိမှာစိုးလို့ပါ"

"အမေပြောချင်တာ အသချော် နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ အမေက စကားကို လှပအောင် သွယ်ဝိုက်ပြောတတ်သူမဟုတ်ဘဲ ဒီနေ့မှ အမေ့ကို အသချော် စိတ်ထူးဆန်းနေ၏။

"ပြောချင်တာက ရည်းစားမထားဖို့"

"အာ···အမေကလည်း"

အခုမှ သဘောပေါက်သွားကာ အသံထွက်၍ အသချော် ရယ်လိုက်မိချိန်မှာပဲ အသချော်စိတ်အာရုံထဲ ဖျတ်ခနဲဝင်လာသူက ထင်တိုင်းကြဲ ဆိုသည့်လူ။

သွားစမ်းပါ။

ဒီလူက ဘာကိစ္စ အသချော်စိတ်အာရုံကို စိုးမိုးရမှာလဲ။

"စိတ်ချပါ အမေရဲ့၊ အသချော် ရည်းစားမထားပါဘူး"

ထင်တိုင်းကြဲပုံကို အာရုံထဲက ချက်ချင်းမောင်းထုတ်ပစ်လိုက်သည်။

"အေးကွယ်···သမီးမိန်းကလေး မွေးထားတဲ့သူတွေက ဘယ်သို့ပူတာ၊ ဘယ်လိုထိန်းကျောင်းရခက်တာနဲ့ လူပုံအလယ် ပြောနေကြတဲ့ တခြားအမေတွေလို ရင်ဘတ်ထုကြွေးကြော်တဲ့အထဲ အမေ မပါဘူး၊ အချစ်က ပူတယ်၊ မီးလိုပဲ ဘာညာလည်း အမေ





မပြောဘူး၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ အမေ နားလည်တယ်၊ အချိန်တန်ရင် သမီးနဲ့ လူမော်ကို···"

"အမေ"

အမေ့မျက်နှာကိုကြည့်ပြီး အသချော် အလန့်တကြားအော်လိုက်သည်။ အသချော်ဆိုတာ အမေတို့ရဲ့ မွေးစားသမီးဆိုတာ သိတတ်စအရွယ်ထဲက အသချော် နားလည်လက်ခံခဲ့ရသည့် စကားဖြစ်သည်။ ဒါပေမဲ့ အမေ့နှုတ်ဖျားက ဒီလိုပြောလိမ့်မည်လို့တော့ မထင်ခဲ့။

"ထင်ရာစွတ်မစီစဉ်နဲ့နော် အမေ၊ အမေ ဘာပြောပြော ကျွန်တော် ခေါင်းညိတ်မှာမဟုတ်ဘူး"

"ကိုကြီး"

လူမော် ပြန်ရောက်လာ၍ အသချော် ငိုချင်သွားသည်။

"ခေါင်းညိတ်တာ မညိတ်တာ မင်းအပိုင်း၊ မင်းတို့ အိမ်ထောင်ရေးကို စီမံပေးမယ်လို့ ဆုံးဖြတ်ထားတာ မိဘအပိုင်း၊ မင်းလက်ထပ်ရမယ့်သူက အသချော်ပဲ"

"မဟုတ်တာ အမေရာ၊ ဘာကိစ္စ ကျွန်တော်က အသချော်ကို ယူရမှာလဲ၊ အသချော်ဆိုတာ ကျွန်တော့်ညီမဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မွေးစားသမီးဆိုတာ တစ်ရပ်လုံး တစ်ရွာလုံး သိပြီးသား၊ မင်းတို့ကိုယ်တိုင်လည်း ဘာသွေးသားမှ မတော်စပ်တာ ကလေးဘဝကတည်းက အသိပဲ"

"အစိုးပွားယ်မရှိတာ အမေရာ"

"အေး…မင်းအတွက် အစိုးပွားယ်မရှိပေမယ့် ငါ့အတွက် အစိုးပွားယ်ရှိတယ်၊ မင်းရော အသချော်ရော မိဘဆန္ဒကို လွန်ပြီး အချစ်ရေးကို မစဉ်းစားနဲ့၊ ဒါပဲ"

ထုံးစံအတိုင်း အမေက ပြောချင်ရာပြောပြီး အပြင်ကို ထွက်သွားသဖြင့် အိမ်ပြန်ရောက်လာသည့် လှမော်နှင့် အသချော်ပဲ ကျန်ခဲ့သည်။

"နင့်ခေါင်းထဲ ဘာမှထည့်မစဉ်းစားနဲ့ အသချော်၊ ကိုယ် ချစ်တဲ့သူတွေ့ရင် ယူသာယူလိုက်၊ ငါလည်း ယူမှာပဲ"

လှမော့်စကားက ပြတ်သည်။ ရှင်းသည်။ အခုမှ အသချော် ရင်ထဲ အပူလုံးကြီး ဝုန်းခနဲ ပြုတ်ကျသည်။

"ကိုကြီးမှာ ရည်းစားရှိနေပြီလား"

"အေး"

"အသချော် ဝမ်းသာလိုက်တာ၊ ယောင်းမက လှရဲ့လား"





"လှတယ်၊ နင့်မှာရော ချစ်သူရှိနေပြီလား"

"ဟင့်အင်း"

ငြင်းသာ ငြင်းရသည်။ အသချော်မျက်ဝန်းထဲ ပေါ်လာ တ ထင်တိုင်းကြဲရဲ့ မျက်နှာ ဖြစ်နေတော့ ကိုယ့်ဘာသာ ဖြာမလုံဘဲ ဖြစ်သွား၏။

"အေး…မရှိရင် ရှာလိုက်၊ တွေ့တာနဲ့ မြန်မြန်ယူ"

"ကိုကြီးကလည်း"

"ဟဲ့…ငါ အကောင်းပြောတာ၊ ဘဝခရီးလမ်းကို ဆင်းရဲ သော အတူလျှောက်ဖို့ဆိုတာ ကိုယ် တကယ်ချစ်တဲ့ မြတ်နိုး သူနဲ့မှဖြစ်မှာ"

ကိုကြီးလှမော်က သူ့ခံစားချက်နှင့်နှိုင်းပြီး အသချော်ကို ပြောဆိုဆုံးမနေပေမယ့် အသချော်မှာ ချစ်ရမယ့်သူမှ မရှိတာ၊ ဘယ် လိုလုပ် နားလည်မှာလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စာရွက်ပိုင်းထဲ မှတ်ထားသမျှတွေကို တစ်ခုလုပ်ပြီးတိုင်း တစ်ခါ အမှတ်ခြစ်သည်။

"ဝရန်တာ တံခါးပိတ်ရန်က ..အင်း..ပြီးပြီ၊ မီးအား မြှင့်စက်ချရန်လည်း ပြီးပြီ၊ နောက်ဆုံးက ဖုန်းပလပ်ဖြုတ်ရန်.."

အသချေ ကိုယ့်ကိုယ်ကို သတိပေးသလို ရေရွတ်ပြီး ဖုန်းပလပ်ပါ ဆွဲဖြုတ်သည်။ အားလုံးပြီးသွားမှ စာသင်ခန်းမကြီးကို မျက်လုံးဝေ့ကာ စစ်ဆေးသည်။

"ငါ ဒီနေ့ သွားစရာ အရေးတကြီးရှိနေလို့ပါ အသချေ ရယ်၊ အခန်းပိတ်တာကို နင် တာဝန်ယူပေးဟာ..နော်၊ မနက်





ကြီး အခန်းလာဖွင့်ရမယ့်တာဝန်ကို ငါ ပြန်လုပ်ပေးမယ် သချေရယ်..နော်"

နွယ် နှစ်ခါမပြောရ။ အသချေတို့က ခေါင်းညိတ်ပြီး သွားရေးလာရေးမှာ အသချေက အိမ်ဝေးသူမို့ ညနေကျ တောပြန်နိုင်းကာ မနက်ကျမှ အခန်းဖွင့်ပေးရသည့်တာဝန်ကို ယ်ကိုယ်တိုင် ခွဲပေးထားခြင်းဖြစ်သည်။ အိမ်ပြန်စောခြင်း၊ တ်ကျခြင်းနဲ့ ပတ်သက်ပြီး အသချေကို စိတ်ဝင်စားစွာ စောင့် မယ့်သူမှ မရှိတာ။ အပေါင်းအသင်း အသွယ်ကောင်းလျှင် က ဘုံဆိုင်သို့ရောက်မည်။ အမေကလည်း ရှိထားသော ဆွေတွေနှင့် သူ့အာရုံနှင့်သူ နေတာများသည်။ အသချေ ခန်းထဲ ဝင်အိပ်နေတာတောင် ဂရုပြုမိတာမျိုးမဟုတ်။ အကြောင်း ယ်ရှိ၍ အိပ်ခန်းထဲ ဝင်လာတတ်သူ။

"သြော်...ငါ့သမီး ပြန်ရောက်နေပြီကိုး"

ဘာပဲဖြစ်ဖြစ် ကိုကြီးကတော့ အသချေအပေါ် အကြင် ဆုံး၊ ဂရုအစိုက်ဆုံး။ ဆိုင်မသွားရတဲ့ ညတွေဆို ကားဂိတ်မှာ စောင့်ကြိုပေးတတ်သည်။

"မိဘက သံကွန်ချာခုနစ်ထပ်နဲ့အုပ်ပြီး ထိန်းလည်



www.burmeseclassic.com

www.burmeseclassic.com



ဧလိဗ္ဗာတဲ့ မိန်းကလေးက လွှတ်လပ်မှုရှာတာ ဓမ္မတာပဲ၊ အဲ
ဘာကိုပြသလဲဆိုတော့ ဘုရားဟောထားတဲ့အတိုင်းလေ၊ ထို
ကိုယ်ကိုသာ ကိုးကွယ်ရာဆိုတဲ့ သဘောကိုပြတာ၊ မိဘက
ထိန်းသူဆိုပေမယ့် ကိုယ့်ဘဝ ကိုယ့်သမိုင်းမှာ ကိုယ်ကပဲကိုင်
မကောင်းတာကို သိလည်းသိမယ်၊ ရှောင်လည်း ရှောင်နိုင်
ဆိုမှ အဲဒီလူက လူတော်လူကောင်း"

မောင်နှမနှစ်ယောက် လျှောက်ခဲ့တဲ့ အိမ်အပြန်လမ်း
ကိုကြီးက ထိုသို့သော ဩဝါဒတွေနှင့် ဆုံးမသူ။ အသချော်
ကိုကြီးဆီ စိတ်ရောက်သွားတော့ အခန်းကို သော့ခတ်ရင်း လက်
နာရီသေးလေးကို ကြည့်မိသည်။ အခန်းရှေ့ထွန်းထားတဲ့ မီး
အစွမ်းနှင့် နာရီက ညခုနစ်နာရီခွဲ။ ခါတိုင်းဆို ဒီအချိန် အိမ်
ရောက်နေပြီဆိုတဲ့ အတွေးနဲ့ သော့တွဲကို စလွယ်သိုင်းအိတ်
သေချာထည့်သည်။ လက်တစ်ဖက်က ထမင်းချိုင့်ထည့်တဲ့
ကိုဆွဲပြီး လှေကားတွေကို ခပ်သော့သော့လေး ပြေးဆင်း၏။

ဒီတစ်တိုက်လုံးမှာ လူနေခန်းမရှိတာမို့ သင်တန်းခန်း
က ညနေ ခြောက်နာရီဆို အားလုံး တံခါးပိတ် အိမ်ပြန်ကြ
အသချော်တို့သာ ဆယ်တန်းကျူရှင်မို့ ခြောက်နာရီခွဲလောက် အ







ဘာတောင် ကျောင်းသားတွေ ပြန်ချိန်စောင့်ရတာနဲ့၊ ဖာဟီရ
ထုပ်တွေ လက်စသတ်ရတာနဲ့ ခုနစ်နာရီခွဲ ဖြစ်သွားသေးသည်။

"ဒါတောင် နှယ့်လို စိတ်ကပ်ဖို့တာ၊ ခေါင်းဖြီးတာမလုပ်
ဒီ ဒီလောက်မြန်တာ"

ကိုယ့်ကိုယ်ကို အားပေးရင်း လှေကားတစ်ဆစ်ချိုးကို
ရွှေ့အချ

"ဝါး"

"အမလေး"

အသံကျယ်ကြီးနဲ့ ရုတ်တရက် ထွက်ပေါ်လာတဲ့လူရိပ်။
အိပ်ပြာလွင့်မတတ် လန့်သွားကာ မျက်လုံးထဲ ပြာသွား၏။

"ဝုန်း"

"ခွမ်း"

ကြောက်စိတ်နှင့် လက်က ထမင်းချိုင့်ကို လွှတ်ချလိုက်
သံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွား၏။

"ဟာ...ဆရာမ၊ ဆရာမ လန့်သွားပြီ၊ ဆောရီး....
ဆောရီး ဆရာမ၊ ကျွန်တော်က နောက်လိုက်တာ"

အလန့်မပြေသော ရင်ဘတ်ကိုဖိရင်း တောင်းပန်သူကို



www.burmeseclassic.com

www.burmeseclassic.com



အသချော် ရင်ခုန်ထိတ်လန့်စွာ ကြည့်လိုက်တော့ စာသင်ခန်းထဲ
ချာတိတ်လေး ဖြစ်နေ၏။

"အာကာဝင်းဆွေ"

"ဟုတ်ပါတယ် ဆရာမ၊ ဒီလောက်လန့်သွားလိမ့်
လို့ မထင်လို့၊ တောင်းပန်ပါတယ်၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ဆရာ
ချိုင့်ကို ကျွန်တော် ကောက်ပေးမယ်"

မျက်နှာငယ်လေးနှင့် ပျာပျာသလဲ တောင်းပန်ပြီး လွ
ကျသွားသည့် အသချော် ထမင်းချိုင့်ကို လိုက်ကောက်ပေးသ
ကောင်လေးကိုကြည့်ပြီး ဘယ်လိုအပြစ်တင်ရမှန်းမသိ။

ဒီလောက်တောင် ထိတ်လန့်ရပါ့မည်လားဟု ကိုယ့်ကို
ကိုပဲ အပြစ်ပြန်တင်ရမလို ဖြစ်နေချိန်မှာ ကောင်လေးက အသ
နား ပြန်ရောက်လာ၏။

"ရော့...ဒီမှာ၊ ဆရာမ ထမင်းချိုင့်"

သူလှမ်းပေးသည့် ချိုင့်ကို အသချော် လှမ်းယူလိုက်

"ကျွန်တော် ဆရာမကို ပြောစရာစကားရှိလို့ စောင့်
တာ"

"ဘာပြောမလို့လဲ မောင်ဝင်းဆွေ"





စိတ်ကိုလျှော့ပြီး ကောင်လေးပြောမည့်စကားကို လှည့်
မှာ ကောင်လေးက ခေါင်းတစ်ချက်ငုံ့သွား၏။

"ဆရာမ"

"အို"

အသချော်လက်ခုံပေါ် ဖျတ်ခနဲ ဆုပ်ကိုင်လာတဲ့ သူ့လက်
တ်ကြောင့် အသချော် မျက်လုံးဝိုင်းကာ တအံ့တသြကြီး မော့
ကြည့်မှာပဲ ရိုပ်ခနဲဝင်လာတဲ့ ခြေတစ်ဖက်က အာကာဝင်းဆွေ
ရီးတစ်ဖက်နှင့် ကျကျနနကြီး မိတ်ဆက်သွား၏။

"ကဲကွာ"

"ခွပ်"

"ဒုတ်"

"အမလေး"

အဖြစ်အပျက်တွေက မြန်ဆန်လွန်းတာမို့ အသချော်ရှေ့မှာ
ခနဲ ယိုင်ကျသွားသည့် အာကာဝင်းဆွေအဖြစ်ကို ကြည့်ရင်း
က်လှူကို ဖျတ်ခနဲ မော့အကြည့်

"ဟင်...ထင်တိုင်းကြဲ"

"ဟုတ်တယ်...ကိုယ်ပဲ"

"ဟိတ်ကောင်...ထစမ်း၊ မင်း အခုပြန်တော့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ အသချော်ကို လက်ဖျားနဲ့ထိဖို့မပြောနဲ့၊ သူ့အရိပ်တောင် မင်း မော်မကြည့်မိစေနဲ့ ကြားလား၊ ဘခဲ့…သွားမယ်"

"အို…ဒါက ဘယ်လဲ"

ထင်တိုင်းကြဲက အသချော်မေးတာကို မဖြေ။ စိတ်တိုင်းကျ ကြိမ်းဝါးပြီး အသချော်လက်ကို ဝိုင်စိုးဝိုင်နင်း လာဆွဲခေါ်ပုံက ခပ်ကြမ်းကြမ်း။

"အို…ဘယ်လိုဖြစ်နေတာလဲ"

"လက်ကို လွှတ်ပါ"

အသချော် ရုန်းပေမယ့် သူက မလွှတ်။ ဒေါသထောင်သော ဆွဲခေါ်လာခြင်းနောက်မှာ လှေကားထစ်တွေကို အပြေးဆော ဖြတ်ဆင်းခဲ့တာပဲ အသချော် သိသည်။

"တောက်"

ထင်တိုင်းကြဲ၏ မကျေမချမ်းသော ဒေါသကို တစ် ခေါက်သံ ကျယ်ကျယ်နှင့် အဆုံးသတ်သွားပြီး လမ်းပေါ်ရပ်ထား သော အနီရဲရဲ ပြိုင်ကားတံခါးကို ဆွဲဖွင့်လိုက်၏။

"ကားပေါ်တက်"

"အို…မတက်ပါဘူး"

အသချော် စူးစူးလေးပြန်အော်ရင်း အခုချိန်ထိ သူ့ထော





ဆုပ်ကိုင်ထားသူထံမှ ဆောင့်ရုန်းပစ်သည်။

"လှကို ဘာထင်နေလဲ မသိဘူး၊ အရုပ်ကျနေတာပဲ၊ ပြောလိုပြေး၊ ကားပေါ်အတင်းတက်ခိုင်းလိုခိုင်းနဲ့၊ ဒီမှာ…ရှင် ရှင့်ဘာသာပြန်၊ အသချော်လည်း ကိုယ့်ဘာသာပြန်မယ်"

"မင်းကို ကိုယ့်ကားနဲ့ လိုက်ပို့ပေးပါရစေဆိုရင် လက်ခံ လား"

"လက်မခံဘူး၊ ကိုယ့်ဘာသာ သွားစရာရှိတာသွား၊ အသချော်လည်း သွားတော့မယ်"

"ပြောမရရင်လည်း သွားကွာ၊ မင်းသွားတဲ့နောက် ကိုယ် လိုက်မှာပဲ"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ"

အသချော်မျက်နှာလေး သိသာစွာ ပျက်သွားကာ အနား အတူရှိနေသည့် ထင်တိုင်းကြဲမျက်နှာကို မော့ကြည့်လိုက်၏။ ထင်တိုင်းကြဲက ခပ်တည်တည် အသချော် မျက်နှာလေးကို ပြန် ကြည့်နေတော့ အသချော် လန့်သွား၏။

"ရှင် တကယ်ပြောနေတာလား"

"မင်းက ညာနေတယ်ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကားနဲ့ပဲ ကိုယ်ပြန်ပါရှင်၊ အသချော်ကို စိတ်ညစ်အောင် မလုပ်ပါနဲ့"

"မင်းလည်း ကိုယ်စိတ်မညစ်စေချင်ရင် ကားပေါ်တက်လေ"

"ဘာဆိုင်လို့လဲရှင့်"

"မဆိုင်ဘူးလား"

အသချော်ကို စိုက်ကြည့်နေသည့် မျက်ဝန်းတောက်တောက်တွေကြောင့် အသချော် စိတ်ရှုပ်သွားသည်။ မတတ်နိုင်။ အသချော် စိတ်ပိုင်းဖြတ်ပြီး ကားမှတ်တိုင်ဆီ လျှောက်လာတော့ သူက အသချော်နှင့်အတူ လိုက်လာ၏။

သူ့ကားကြီးကိုလည်း ဂရုမစိုက်။

လမ်းပေါ် ဒီအတိုင်း ထားပစ်ခဲ့တာ အံ့သြနေခိုက်မှာ ဘတ်စ်ကားရောက်လာ၍ ပြည့်သိပ်နေသည့် လူအုပ်ထဲ နေရာရအောင် အသချော်ကိုယ်လေးကို တိုးဝင်လိုက်တော့ သူက အသချော့် အရင် နေရာယူပြီးသားဖြစ်နေ၏။

"ဒီကိုလာလေ"

'မလာဘူး' လို့ ပြောလို့မရ။ နောက်က စပါယ်ယာက





အော်ဟစ်နေ၍ သူ့နားကို အသချော် ရောက်သွားတော့ သူက ဘစ်ချက်ရယ်သည်။

လူက ဖိသိပ်တိုးလာတော့ အသချော်က အလိုလို သူ့ရင်ခွင်ထဲ ရောက်သွားတာ အသချော်လည်း မတတ်နိုင်။

"အသချော်"

"ဘာလဲ"

"ဒီလိုပုံအတိုင်းဆို ဘယ်နေရာသွားသွား သွားနိုင်တယ်"

"ရှင့်ပါးစပ်ပိတ်ထား"

အသချော် မျက်စောင်းထိုးတော့ သူရယ်သည်။ လူတွေကြားမှာဖြစ်နေ၍ သူနှင့်အသချော် ဆက်စကားများမနေတော့။

ကားက သူလိုရာခရီးစဉ်အတိုင်း တခုန်းခုန်း တဒိုင်းဒိုင်း ဆက်ထွက်သွား၏။

နွေးထွေးကျယ်ပြန့်သည့် သူ့ရင်ခွင်နဲ့ ထိစပ်နေသည့် အသချော် ရင်ခုန်သံတွေက ဘာလိုလို။

အလကားလူ။ စိတ်ချ…ရှင့်ကို ဘယ်တော့မှ အသချော် ချစ်ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ငါ့သား…ဘာတွေ အဆန်းတွင်နေလဲ ထင်တိုင်းကြဲ"

"ဘာဖြစ်လို့လဲ ဒယ်ဒီ"

"သားပုံစံက အရင်ကနဲ့မတူလို့၊ သား ကြိုက်လှပါချည်ရဲ့ဆိုတဲ့ ကားတောင် ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့တယ်ဆို"

"အဟား…ဒယ်ဒီ့အင်ဖော်မေးရှင်းက မြန်လှချည်လား"

"မင်းအဒေါ်ပဲ ဖုန်းဆက်တာ၊ အပိုကြီးတွေ ထုံးစံအတိုင်း ကားအကောင်းကြီးကို မင်း ပစ်ထားတာရော၊ နမြောတာရော၊ ဒယ်ဒီ့မှာ မနက်စောစောစီးစီး နားတွေဆူသွားတာ လက်ဖက်ခြောက်တောင် ခပ်လို့ရတယ်"





"အဲဒီလောက်ထိပဲလား ဒယ်ဒီ"

"အဲဒီထက်တောင် ပိုသေးတယ်ကွ"

ဖုန်းထဲမှ ဒယ်ဒီ့ရယ်သံဝါဝါကို ကြားနေရ၍ ထင်တိုင်းကြဲပါ သူ့အဖြစ်သူ ပြုံးမိသည်။ ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ အလုပ်တွေ အာသခေျ်နဲ့ကျမှ လုပ်ဖြစ်နေတာကိုပဲ သူရယ်ချင်နေ၏။

"နေစမ်းပါဦး သား၊ မင်းက ဒီမနက် ကြီးစောကို ထမင်းချိုင့်ထည့်နိုင်းတယ်ဆိုတာရော ဘာသဘောလဲ၊ ဓာတ်ဘူးအသေးလေးနဲ့ ကော်ဖီတောင် ပါသေးဆို"

သတင်းတွေက အတိအကျ။

ထင်တိုင်းကြဲဆိုသည့် သူ့ဘဝမှာ တစ်ခါမှ မလုပ်ဖူးတာတွေ လုပ်နေတာဆိုတော့ ဒီလောက်တော့ ရှိမည်။

"ကျွန်တော့်အတွက် မဟုတ်တာတော့ သေချာတယ် ဒယ်ဒီ"

"ဟုတ်ပြီ၊ အခု မင်းပြင်ဆင်နိုင်းတဲ့ ထမင်းဘူးပိုင်ရှင်က ဘယ်သူတုန်း"

"ကောင်မလေးတစ်ယောက်ပါ၊ နောက်မှ ဒယ်ဒီနဲ့ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူရဲ့ ရယ်သံ ဦးတိုင်းကျော်က ကြားဖြစ်အောင် ကြားသည်။ သူ့အမေ ပညတ်ခဲ့သည့် ထင်တိုင်းကြဲဆိုတဲ့ အမည် အတိုင်း သားက ဘာကိုမှဂရုမစိုက်။ နာမည်နဲ့လိုက်အောင် ရှည်းစား တွေ ဟောတစ်ယောက် ဟောတစ်ယောက် ထင်တိုင်းထားခဲ့သလို သားက ခြေမြန်လက်မြန် ဇတ်ဇတ်ကြဲမို့ ဦးတိုင်းကျော် ဖြေရှင်း ပေးခဲ့ရတာ အခါခါ။

တရားခြင်း မတရားခြင်းက သားနှင့်ပတ်သက်လျှင် အမြဲတမ်း အမှန်ဟု သူကိုယ်တိုင် ဆုပ်ကိုင်ထားခြင်းကြောင့် ဘာပဲ ဖြစ်ဖြစ် သားကို အပြစ်မမြင်။

"ကိုကိုတိုင်းလုပ်ပုံက ကြဲကို မိုက်လိုက်စမ်းဟော့လို့ ပြောသလိုဖြစ်နေပြီနော်"

ဒေါ်မိုးမမ ဝေဖန်တာ အပြုံးမပျက် နားထောင်ပေမယ့် မေစီတို့ ဝေဖန်တာကိုတော့ လုံးဝလက်မခံ။

"ငါ့သားသဘော ရှိနေပါစေ၊ မင်း ဘာမှမစွက်ဖက်နဲ့ မေစီ၊ သူ့အမေ ငါရှိတယ်"

"မေစီလည်း ကိုတိုင်းနဲ့ပတ်သက်ရင် ကြဲရဲ့…"

"ဘာလဲ…အုပ်ထိန်းသူဆိုတဲ့စကားမျိုး မင်းပါးစပ်နဲ့





တန်လို့လား မေစီ၊ ငါ့သားကို မင်းရောက်လာတာ ငါ့ကမ်းလှမ်း မှုမရှိဘဲ ရောက်ခဲ့တာ သဘောပေါက်ရင် မင်းတာဝန်က ပါးစပ် ပိတ်ပြီး မြင်တာကို မြင်တယ်လို့မှတ်ရင် လုံလောက်ပြီ"

သားနဲ့ပတ်သက်ပြီး လုံးဝအထိမခံခဲ့သည့် ဦးတိုင်းကျော်။ ဘဝမှာ အချစ်ကို တစ်ခါတွေ့တာနှင့် တစ်သက်စာ လုံလောက် ခဲ့သော ဦးတိုင်းကျော်က ကြဲအမေ ဆုံးသွားတာနှင့် စိတ်အာရုံ အလုံးစုံ နစ်မြုပ်ခဲ့တာ စီးပွားရေးဆီ။ လောဘတွေ ကျောကပ်မိ တာ မဟုတ်ပေမယ့် အမြတ်အစွန်းကိုမြင်ပြီး ကျွံခဲ့သော ခြေလှမ်း က မေစီရဲ့မာယာထောင်ချောက်ထဲကျခဲ့တာ နတ်မိရမှ သိခဲ့ရ သည်။

"မေစီတို့သားအမိအတွက် အရိပ်တစ်ခု မိုးပေးရင် ကျေနပ်ပါပြီ"

ဒေါ်မေစီက အဲဒီတုန်းက လေပြည်လေးနှင့် အေးငြိမ်း ဖြခဲ့တာ အဟုတ်ထင်ခဲ့သည်။ သိက္ခာတရားတွေကြောင့် အနား ခေါ်ထားရုံမှတစ်ပါး တခြားအကြောင်းမရှိခဲ့။ ဦးတိုင်းကျော်ဘဝ ဖြစ်တည်မှုထဲမှာ ရှိရှိသမျှ ချစ်ခြင်းမေတ္တာတို့က ဒီသားတစ်ယောက် တည်းအတွက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ…ဘာပြောစရာရှိသေးလဲ"

တစ်ဖက်ကမေးသော သားအသံကြားမှ ကြည်နူးဖွယ်မရှိသော အတိတ်မှ ဦးတိုင်းကျော် လန့်နိုးလာ၏။

"မရှိဘူး၊ သား အချိန်ရရင် ဒယ်ဒီတို့ ဒီညတွေကြ အောင်"

"အဟွန်း…ကိုယ့်မွေးသဖခင် ကျေးဇူးရှင်ကြီးပဲ၊ မယ်လေ ဒယ်ဒီ၊ အခုတော့ ဒါပဲနော်၊ ကျွန်တော် ဖုန်းချပြီ"

"အိုကေ"

ဒယ်ဒီနှင့် ဖုန်းပြောပြီးတာနှင့် သူ့အစီအစဉ်ကို စသည်

ထင်တိုင်းကြဲက လမ်းသွယ်ထဲမှ ထွက်လာသည် အသချော်ကို လှမ်းမြင်တာနဲ့ နှလုံးသားတစ်ခုလုံး နွေးသွားသည် အချစ်ဆိုတာ ဒါလား။

ကားကူရှင်ပေါ်က ထမင်းဘူးထည့်ထားသည့် အိတ်ကို ဆွဲယူလိုက်ပြီး ကားတံခါးကို ဝုန်းခနဲ ပြန်ပိတ်၍ သူမနောက် ပြေးလိုက်ရင်း ကိုယ့်ကိုယ်ကို သဘောကျစွာ ဟက်ခနဲ ရယ်လိုက်မိ၏။

ဘယ်တုန်းကမှ ထင်တိုင်းကြဲဘဝမှာ မလုပ်ဖူးတဲ့အလုပ် အသချော်နှင့်ကျမှ စိတ်ကူးတွေယဉ်ပြီး လုပ်ချင်နေတာကလည်း အံ့သြမယုံနိုင်စရာ။



အသချော်က သူ့ပါလာတာ မသိ။

သူမ သွားရမယ့်လမ်းအတိုင်း ခပ်အေးအေးသွားနေပုံက သည်။ နူးညံ့သိမ်မွေ့သည်။

ဘယ်အချိန်ကြည့်ကြည့် အသချော်ပုံစံလေးက မပြောင်းလဲ တတ်ပေမယ့် ထင်တိုင်းကြဲကို မြင်တွေ့တာနှင့် ပုံစံတစ်မျိုး ပြောင်း ပြောင်းသွားတာက အသည်းယားစရာဖြစ်နေ၏။

အသချော် စိတ်ထဲမှာ ထင်တိုင်းကြဲဆိုသည့် သူက မုန်း စရာလူတစ်ယောက်အဖြစ် နားလည်လက်မခံထားတာ သူ သိ သည်။ ပန်းနုရောင်ဝတ်စုံနှင့် အသချော် အသားရောင်က နုဖပ် သ်းမွက်စွာ ရောထွေးလျက်။ ဆံပင်ရှည်တွေကို ခပ်ရိုးရိုးစည်း ထား၏။

စီးရမယ့်ကားက ရှေ့သို့ထိုးဆိုက်လာ၍ အသချော် ကား ပေါ်တက်သွား၍ ထင်တိုင်းကြဲလည်း နောက်ပေါက်မှတက်၍ အသချော်ရှိရာ တိုးဝှေ့သွားမယ်လို့ ရည်ရွယ်ခဲ့သော်ငြား တိုးဝှေ့ ရပ်ရသော သူမနောက်မှာ အသက်ကြီးကြီးကောင်တစ်ကောင်။





www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြည့်တာနှင့် အလွန်အကျွံဘူးတတ်သော ထိုကောင်က ရှေ့
တန်းကို လက်နှစ်ဖက်နှင့် လှမ်းကိုင်ထားသဖြင့် ထိုကောင့်ရင်ခွင်
ထဲ အသခ်ျေ လုံးလုံးလျားလျား ရောက်သွားတာမြင်ရတော့
ထင်တိုင်းကြဲ မျက်လုံးထဲ ပြာသွား၏။ သူ ဘာမှစဉ်းစားမနေတော့
ထိုမူးရာရောက်အောင် လူတွေထဲ ဖွတ်အတင်း တိုးဝှေ့သွား၏

"ဟွဲ…ဟွဲ"

"အို…ဘယ်လိုဖြစ်လို့ ဒီလောက်တိုးနေရတာလဲ"

"ဒီမှာ ခြေထောက်တွေ နင်းမိကုန်ပြီ"

ဆူဆူညံညံအသံတွေကြောင့် အသခ်ျေ ပြန်အမ်းငွေကို
ဒီတိုင်း လက်ထဲကိုင်ပြီး ကားနောက်ဘက်ဆီ အကြည့်…

"ဟင်"

"ထင်တိုင်းကြဲ"

အံ့သြလွန်း၍ ဘာမှမပြောနိုင်အောင် ငေးကြောင်ကြည့်
နေဆဲမှာပဲ သူက အသခ်ျေ့နား ရိပ်ခနဲရောက်လာကာ အသခ်ျေ့
နောက်နားက လူကို ဝုန်းခနဲ ဆောင့်တွန်းပစ်တာ မြင်လိုက်ရ၏

"ဟ…ဘာလဲ"

"ဘာဖြစ်ရမလဲ၊ မင်း အဲဒီလောက်အထိ ကပ်နေရအောင်





[illegible]ကျော့ပ်ဘူးကွ"

"ဗလိုင်းကြီးပါလား၊ ငါ့ဘာသာ ငါ ကပ်တာ မင်းအမှု
[illegible]း"

"ကဲကွာ"

"ဖြောင်း"

"ဟာ"

"အမလေး"

ထင်မှတ်မထားချိန်မှာ တစ်ဖက်လူ့မျက်နှာကို ရိုက်ပစ်
[illegible] ဖြောင်းခနဲမြည်သွား၍ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်
[illegible]။

"မသိရင်မှတ်ထား၊ ဒါ ငါ့ချစ်သူ၊ နားလည်လား"

"ထင်တိုင်းကြဲ"

"ကားစပါယ်ယာ…ဒီ နှမချင်းမစာနာတဲ့ကောင်ကို ငါ
[illegible]ချရမလား၊ မင်းဆွဲချမလား…ပြော"

ထင်တိုင်းကြဲအသံက မာထန်နေသလို မျက်နှာကလည်း
[illegible]င်းနေ၏။

"ဟုတ်ပတော်၊ ကားကြပ်တာ အခွင့်ကောင်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် တမင်သက်သက်''

''တွေ့တယ်၊ ကောင်မလေးလက်မောင်းနဲ့ ဒင်းနှာခေါင်း
ထိတော့မယ်…ဟွန်း''

ကျွတ်စီစီဖြစ်လာသည့် စကားသံတွေကြားမှာ လူယုတ်
ကားပေါ်က ဆင်းသွားပြီ။ သူကလည်း ဒေါသတွေ ရှူးရှူးရှဲ
ထွက်တုန်းဖြစ်ပေမယ့် အသချော်မျက်နှာက ဘယ်နားဝှက်ထား
မှန်းမသိ။ ဖြစ်နိုင်ရင် ကိုယ့်ခေါင်းကိုယ် လက်နှစ်ဖက် စုံထု
ချင်သည်။ ဒီလောက်တုံးရသလားဆိုပြီး။ ကိုယ့်ကိုကပ်ပြီး အသ
ယူတာ ကိုယ်တိုင်တောင် မသိတဲ့ဘဝ။

''မှတ်တိုင်ပါတယ်''

အသချော်နား နား ကပ်အော်လိုက်သည့် ထင်တိုင်း
အသံကြောင့် အသချော်ကိုယ်လေး ဆတ်ခနဲတုန်ကာ သတိဝင်သွား
၏။

''လာ…ဆင်းမယ်''

''အို''

အသချော် ဘာမှမပြောနိုင်။ သူဆွဲခေါ်ရာနောက် တရွတ်
တိုက် ပါလာ၏။





ရှက်ရွံ့ခြင်းကြောင့်ရော၊ အားကိုးခြင်းရော။ မြေပြင်ပေါ်
မှ သူ့လက်ဖဝါးတွေထဲက ရုန်းထွက်လိုက်၏။

''ကျေးဇူးပဲ''

တိုးတိုးလေး မော့ပြောသော မျက်နှာလေးကို ထင်တိုင်း
စိုက်ကြည့်ပစ်သည်။ ရည်းစားလည်း ထားဖူးသည်။ နှလုံး
သား မရိုင်းဘဲ အချစ်ဆိုတာ မြည်းစမ်းဖူးသည်။ ဘယ်တုန်း
က ဘာမှမဖြစ်ခဲ့တဲ့လူက အသချော်နှင့်ကျမှ တစ်ခုပြီးတစ်ခု
ဆိုလာထိနေတာ ခက်သည်။ သူမကို ထိတဲ့လူကို မီးပွင့်တဲ့
ဒေါသနှင့် စစ်ပြုချင်သည်။ အသချော်ကို ဘာဖြစ်လို့ ဒီလောက်
ချစ်မှန်းလည်းမသိ။ သူမသာ တော်ဝင်ပန်းတစ်ပွင့်ဖြစ်ခဲ့မယ်ဆို

ကြဲက ထမင်းဘူးထည့်ထားတဲ့ အိတ်ကို သူမလက်ထဲ
ထည့်ပေးကာ တီရှပ်အပေါ်မှ ထပ်ဝတ်ထားသော ခေါင်းစွပ်ပါ
အင်္ကျီကို ချွတ်ယူလိုက်ကာ အသချော် ပခုံးနှစ်ဖက်ပေါ်မှ
ခြုံပေးသည်။

''နေပါစေ၊ အသချော် ဘာမှမဖြစ်ဘူး''

''မင်း မဖြစ်ပေမယ့် ကိုယ်ဖြစ်နေတယ် အသချော်၊ အချို



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ထားလိုက်၊ လာ…တက္ကစီနဲ့သွားမယ်"

"အို…မဟုတ်တာ"

"ဘာလဲ…နောက်တစ်ခါ ရုန်ဖြစ်တာ ကြည့်ချင်လို့လား"

အသချော် ဘာမှမပြောနိုင်ခင် သူက သူ့မလက်တစ်ဖက်ကို ခပ်တင်းတင်းဆွဲကာ ရပ်ထားသော တက္ကစီပေါ်တက်၏။ ကျူရှင်လိပ်စာပြောပြီး ကားပေါ်ခေါ်တင်လာတဲ့အထိ အသချော် အံ့သြခြင်းကြောင့် မျက်လုံးဝိုင်းဝိုင်းလည်ဆဲ။ ထင်တိုင်းကြ ဆောင်းဘီအိတ်ထဲမှဖုန်းကို ထုတ်ကာ နံပါတ်တွေ နှိပ်သည်။

"လပြည့်…ငါကား (…)ရပ်ကွက်ထိပ်မှာ ရပ်ထားခဲ့တယ် မင်းယူပြီး သိမ်းထားလိုက်"

တစ်ဖက်က, ဘာပြန်မေးလဲမသိ။ သူ့မျက်ဝန်းတွေ လင်းလက်စွာ အသချော်ဘက် ရောက်လာ၏။

"အေး…အခု သူ ငါ့ဘေးမှာ"

ပြောပြီး ဖုန်းပိတ်ဖွာနှင့် အသချော်က ဆက်မျှသိပ်နိုင်စွမ်းမရှိဘဲ

"ရှင် အသချော်တို့လမ်းထိပ်ကို ရောက်နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ် မင်းကိုလာစောင့်တာ"

"အို"

အသချော် ငိုချင်သွားသည်။ ဒါ ဘယ်လိုမှမဖြစ်သင့်တဲ့ ကိစ္စပဲ၊ ဘာဖြစ်လို့ ဒီလူ မဟုတ်တာတွေ လုပ်နေရတာလဲ။ အသချော် မျက်စောင်းတစ်ပွင့် မထွေ့လင့်ဘဲ သူ့ဆီရောက်သွား၏။

"ရှင် ဘာတွေလျှောက်လုပ်နေတာလဲ ထင်တိုင်းကြ၊ ... တက်ကို အသချော်တို့ရပ်ကွက်ထဲကို မလာပါနဲ့၊ ရှင့်ဘဝနဲ့ အသချော် ... ဘဝက တခြားစီဆိုတာ ရှင် သိမှာပါ"

"အဲဒီတော့ ဘာဖြစ်လဲ"

"မဖြစ်နိုင်တာကို စိတ်ကူးမယဉ်ဖို့ ပြောချင်တာ"

အသချော် မျက်နှာလှလှလေးကို သူ စိုက်ကြည့်လိုက်၏။ အသချော်ပြောသည့်စကားထဲမှာ အမှားတစ်ခုမှ မပါ။ အခြေအနေချင်း မတူတာမှန်ပေမယ့် နှလုံးသားက အသချော် အချစ်ကိုမှ လိုချင်သည်ဆိုတော့ ခက်သည်။

"မင်းကို ကိုယ်ချစ်တယ် အသချော်"

"လူတိုင်းကို ရှင် ဒီလိုချစ်နေကျပဲ"







www.burmeseclassic.com

www.burmeseclassic.com



"မင်းမှားနေပြီ၊ ဘယ်သူ့ကိုမှ မင်းလို ဒုက္ခခံပြီး [illegible]ပူးဘူး၊ အဲဒါယုံ"

"ရှင့်ကိုရော ဘယ်သူက ဒုက္ခခံခိုင်းနေလို့လဲ"

"ဒီထဲက"

ထင်တိုင်းကြဲက နှလုံးသားရှိသည့် သူ့ရင်ဘတ်ကို [illegible] ပြနေတော့ အသချော်ပါးလေးတွေ ဖြန်းခနဲ ပူနွေးသွားကာ ရင်[illegible] ဒိတ်ခနဲ ဆောင့်ခုန်သွား၏။

ဟင့်အင်း။

သူ့ကို အသချော် မချစ်ဘူး။

"ရော့…ဒီမှာ ရှင့်ထမင်းချိုင့်"

"အဲဒါ ကိုယ့်ထမင်းချိုင့် မဟုတ်ဘူး အသချော်၊ အဲ[illegible] မင်းဘမင်းချိုင့်"

"ရှင် ဘာတွေပြောနေတာလဲ"

"မနေ့က မင်းထမင်းချိုင့်က ချိုင့်ကိုင်းကျိုးသွားတာ[illegible] သိလို့ မင်းအတွက် ကိုယ်ဝယ်လာတာ"

"အသချော် မယူချင်ဘူး"

"လွှယ်ပါတယ်၊ မလိုချင်ရင် လွှင့်ပစ်လိုက်"





ပြောတဲ့လူက လွယ်လွယ်ပြောပေမယ့် သူပြောသမလို [illegible]သချော် အလွယ်တကူ မလွှင့်ပစ်ရက်။ တကယ်လည်း အသချော် [illegible]မင်းချိုင့်က မရတော့တာနှင့် သူ ပေးသည့် ထမင်းဘူးလေးကို [illegible] လက်ထဲတင်းနေအောင် ဆုပ်ထားလိုက်၏။

"ဘယ်လိုလဲ၊ မယူဘူးလား၊ မယူရင် ကိုယ့်ကိုပေး၊ [illegible]ယ် ကားပေါ်က ပစ်ချလိုက်မယ်"

"ရှင်နော်"

"ဒါဖြင့် လက်ခံပြီလား"

"အင်း"

ပြုံးသွားသည့် သူ့မျက်နှာကို အသချော် မမြင်ဟန်ဆောင် [illegible]ိုက်ပေမယ့် ပါးလေးတွေက ပို၍ ရဲရဲနီသွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကြားရတဲ့သတင်းတွေက တကယ့်အထူးအဆန်းချည်းပဲ ထင်တိုင်းကြဲ၊ မင်း ဦးနှောက်တော့ ကောင်းပါသေးတယ်ရော်"

"အေးလေ…ငါ့မှာ တစ်ခါမှမရောက်ဖူးတဲ့ ရပ်ကွ… ထိပ် ကားသွားယူပေးရတာဆိုတော့ ဒီကောင့်လုပ်ပုံကို မင်းတို့… စဉ်းစားကြည့်"

"ဟောကောင်…လပြည့်၊ မင်းက ကားသွားယူဆိုရ… ယူပြီးသိမ်းထားပေးရတာ ဘာကျိုင်မှမရှိဘူး၊ ငါ့ကမှ တကယ့် ကျိုင်အကြီးစားကို ရင်ဝယ်ပိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်နေ… တာ"





ငုံးဥက ထင်တိုင်းကြဲမျက်နှာကို မကျေမနပ် စွေစောင်းကြည့်ရင်း ပြောတော့ ထင်တိုင်းကြဲက

"စောင့်ရှောက်ခွင့်တွေ မင်းကို ဘယ်သူပေးထားလို့လဲ"

"ဟွန်း…မင်းဘိုးတော် ငါ့ကိုခေါ်မှားတာ ပြောဦး"

"မှားတာမဟုတ်ဘူး၊ ငါ့ခြေလှမ်းတွေ ထူးဆန်းနေလို့ခေါ်စုံစမ်းတာပါ၊ ဒယ်ဒီက သူ့သားအကြောင်း သူယုံကြည်ပြီးသား"

ထင်တိုင်းကြဲက စစ်စိမ်းရောင်ရှပ်အင်္ကျီကို ထုံးစံအတိုင်း ရင်ဘတ်ဖွင့်ထားသည်။

လူက ဘယ်လိုနေနေ စတိုင်က မိသည်။ ရုပ်ဖြောင့်တော့ ပြောစရာမရှိ။ မျက်ခုံးထူထူ၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ စူးရှတောက်ပသည့် မျက်လုံးတွေက အရောင်တဖျတ်ဖျတ် လက်နေ၏။ လေးကိုင်းပုံနှုတ်ခမ်းက ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တမ်း ဘာမဆိုလုပ်မည့်သူ။

အပြာဖျော့ဂျင်းမှာ ပေါင်ရှေ့၌ အပြဲရာတွေကို တမင်တထားသလို ချုပ်ရာတွေရှိပြီး ဆံပင်နက်နက်တွေက နဖူးပေါ် ဖြာကျနေပုံကအစ မနောလိုစရာကောင်းအောင် ရုပ်ချောတာ…က



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ ဝိုင်းဝိုင်းလည်ဖို့ဖြစ်နေ၏။

ကိုယ့်ဆုတောင်းနှင့်ကိုယ်ဆိုတော့လည်း ဖြစ်လာသမျှ ကံကို အပြစ်တင်ချင်လို့မဖြစ်။ ထင်တိုင်းကြဲဆိုသည့် လူထူးလူဆန်းက သူများက မိန်းမလှတွေကို စိတ်မဝင်စားဘဲ အသချေ်လို သူ့ကို ဂရုမစိုက်သူကို စိတ်ဝင်စားပြနေတာ ဆန်းသည်။

"မင်းတို့အခြေအနေ ဘယ်လိုလဲ ထင်တိုင်းကြဲ"

"အေးဆေးပါ၊ အခု မချစ်လည်း နောက်တော့ ချစ်သွားမှာပဲ"

"အချစ်လို့ မင်းပဲပြောတာနော်၊ ဘာလဲ…မင်းက အတည်လား"

"အင်း"

"ဟား…စဉ်းစဉ်းစားစားလည်း လုပ်နော် ထင်တိုင်းကြဲ ကောင်မလေးက မင်းတို့နဲ့ ဘဝချင်းတူတာ မဟုတ်ဘူး"

အားလုံးအကြည့်တွေက ထင်တိုင်းကြဲ စုပြုရောက်လာ၏။

"တကယ်ချစ်ရင် ဒါတွေမလိုဘူးကွ၊ ချစ်ဖို့ပဲလိုတယ်"

"လုပ်လိုက်ကွ၊ တစ်ခါမှမပြောဖူးတဲ့ စကားတွေ"





ငုံးဥက ထအော်သည်။

"မင်းအဖေ သဘောတူပါ့မလား"

"တူအောင် ကြိုးစားမှာပေါ့"

"သိပ်တော့ မလွယ်ဘူးထင်တယ်၊ ကောင်မလေးဘက်က အခြေအနေက မင်းသိတဲ့အတိုင်း"

"ဘာဖြစ်လဲ၊ ဆင်းရဲတာ အပြစ်မှမဟုတ်တာ၊ ငါတကယ်ချစ်ဖို့ပဲလိုတယ်"

"ဟား…အချစ်ရဲ့ဒဿနတွေ အမိုက်စားပါလား"

ထင်တိုင်းကြဲကိုယ်တိုင်လည်း အံ့ဩသည်။ အချစ်အကြောင်း ဒီလောက်ပြောဖြစ်လိမ့်မည်ဟု ထင်မထားခဲ့။

"မင်း တကယ်ချစ်တတ်လာပြီပဲ ထင်တိုင်းကြဲ"

ငုံးဥ စကားကို သူ ဘာမှမတုံ့ပြန်မိ။ အတော်လေးကြာမှ

"ငါ့ကိုယ်ငါလည်း အံ့ဩနေတယ်ဆိုရင် မင်းတို့ ယုံလား"

"ယုံတယ်၊ ထင်တိုင်းကြဲဘဝမှာ အချစ်စစ်စစ်နဲ့တွေ့တာ ဒီတစ်ခါပဲ ရှိသေးတယ် ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဝန်ခံလိုက်သည်။ ထိုအတွက် နောင်တမရှိ။ အသချော်ကို သူ တကယ်ချစ်မိသွားတာ သူပဲသိသည်။

လပြည့်က သူ့စကားကို ငုံးဉလို ခေါင်းညိတ်ထောက်ခံသည်။ ထင်တိုင်းကြဲကို သူ နားလည်သည်။

"မင်းတို့အချစ်ရေး အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်ကွာ"

"ထင်တိုင်းကြဲပဲ အဆင်ပြေရမှာပေါ့"

"အေးပါ၊ ငါတို့လိုချင်တာကလည်း ဒါပါပဲ"

သူငယ်ချင်းတွေအားလုံးက ထင်တိုင်းကြဲကို ယုံသည်။ သူ့ကိုမယုံတာက အသချော်တစ်ယောက်တည်း။

ကိုယ် ဘယ်လိုလုပ်မှ ကိုယ့်အချစ်ကို မင်းယုံမှာလဲ အသချော်။

ပြောမည့်သာ ပြောရသည်။

အသချော် သူ့ကိုမယုံတာလည်း အသချော် အပြစ်ချည်း မဟုတ်။ ထင်တိုင်းကြဲဆိုသည့် သူကိုယ်တိုင် ပွေရှုပ်ခဲ့တာ အသချော် မျက်စိရှေ့တင်ဆိုတော့ သူ့မ မယုံမယ်ဆိုလည်း မယုံချင်စရာ။

သူကသာ တစ်ယောက်တည်း သေချာနေပေမယ့်





အသချော်က သူ့ကို နည်းနည်းမှ ဂရုစိုက်တာမဟုတ်။ သူ့ကိုတွေ့တိုင်း လစ်ပြေးဖို့ချည်း ကြိုးစားနေတာကိုပဲ သူ အသည်းယားနေမိ။

ပိုချစ်မိသည်။

အသချော်နေရာမှာ တခြားကောင်မလေးတစ်ယောက်ဆိုရင် ဇာတ်လမ်းက လှလှပပလေး စီးမျောသွားရုံအပြင် တခြား

အသချော်ကျတော့ တခြားမိန်းကလေးတွေနှင့် မတူ။ အချစ်ကိုစိတ်ကူးယဉ်တတ်သူ မဟုတ်။ လက်တွေ့ဘဝထဲ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေး ဆုံးဖြတ်တတ်သူ။

ထင်တိုင်းကြဲက သူမကို ချစ်တမ်းကစားသွားမှာကို ကြောက်ရွံ့နေသည့် ကလေးမ။ သူကတော့ အသချော် အချစ်ကိုသာ ရမည်ဆိုလျှင် သူမကိုလက်ထပ်မည်။

ရိုးမြေကျသည်အထိ တစ်သက်လုံးစာ ချစ်သွားမည်။ ဘယ်သူမှမတောင်းဘဲ ကတိတွေ ပေးနေမိသူ။

အသချော်မိသားစု၊ အသချော်အကြောင်းအားလုံး သူ စုံစမ်းပြီးပြီ။ ဒယ်ဒီ သဘောကျစရာမဟုတ်သလို ထင်တိုင်းကြဲကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမဘက်က အသိုင်းအဝိုင်း အခြေအနေကို သဘောမကျ ပေမယ့် အသချော်ကို ချစ်တာတစ်ခုတည်းနဲ့ အားလုံးမေ့ထားသည်။

နောက်ဆုံး ကုန်ကုန်ပြောရရင် ဒယ်ဒီ သဘောမတူဘူး ဆိုရင်တောင် အသချော်နှင့် လက်ထပ်ပြီးရင် ကိုယ့်ထမင်း ကိုယ် ရှာစားဖို့အထိ စဉ်းစားထားတာတွေ၊ စွန့်စားရမှာတွေက အများကြီး။

"မင်းတို့ကို ဒီဆိုင်ခေါ်လာတာ အကြောင်းရှိလို့"

"ဟာ...ဘာလဲ"

"ချိန်းပွဲရှိလို့"

ငုံးဥနှင့် လပြည့် အလန့်တကြား ဆိုင်ထဲလှည့်ပတ်ကြည့် တော့ သူ ရယ်ပစ်လိုက်သည်။

"မင်းက ဘာရယ်တာလဲ ထင်တိုင်းကြဲ"

"မင်းတို့ကို သဘောကျလို့"

"ငါတို့ဘာသာ အေးဆေးနေတာကို ပြဿနာမရှာနဲ့နော် ထင်တိုင်းကြဲ"

"ဟုတ်တယ်ကွ၊ ဒီတစ်ခါ ပြဿနာဖြစ်ရင် ငါ့အဖေက လုံးဝတာဝန်မယူဘူးလို့ အပြတ်ပြောပြီးသား"

လပြည့်နှင့်ငုံးဥ အသည်းအသန်ဖြစ်နေပုံကို သူကြည့်ပြီး





ပြုံးလိုက်၏။

"ဟိုမှာ ရုပ်ဖြောင့်ဖြောင့်နဲ့တစ်ယောက်"

ထင်တိုင်းကြဲ ညွှန်ပြသည့် စတီတ်စင်ကို ငုံးဥတို့ ပြိုင် တူလှမ်းကြည့်သည်။

"သူက ဘယ်သူလဲ"

"အသချော်အစ်ကို"

"ဟမ်"

"လူမော်တဲ့"

"အစ်ကိုရင်း မဟုတ်ဘူး၊ အသချော်ကို သူတို့မိသားစုက မွေးစားထားတာ"

"ဟာ"

အားလုံးအကြည့်တွေက လူမော်ထံ စုပြုံရောက်သွား၏။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သုံးယောက်ကို အိမ်မှာ ဝိုက်(ဒ်)လုပ်ပေးရမှာ၊ သမီးနဲ့လည်း နဂိုကတည်းက ရင်းနှီးပြီးသားမဲ၊ ကလေးတွေထဲက တစ်ယောက်က ကျွန်မတူအရင်းပဲ ဒေါ်ယု၊ သူ့နဲ့ ဘယ်ဆရာမနဲ့မှ မဖြစ်တာ၊ အခုတော့ အသချော်နဲ့မှ စာတွေကျက်၊ စာတွေပါ ရလာတာလေ၊ ဒါကြောင့် ကျူရှင်မှာရှိတဲ့ ဝိုက်(ဒ်)တွေထဲက အသချော်ကိုပဲ ရွေးပြီးလွှတ်တာပါ၊ ဒါက ဝိုက်(ဒ်)ငှားခအတွက် တစ်လစာ"

ငါးထောင်တန် သိန်းအုပ်တွေ တီချယ်က အမေ့ကို ထိုးပေးသည်။ အမေက ဝိုက်ဆံတွေမြင်တာနဲ့ တီချယ်ပြောသမျှ





ခေါင်းညိတ်လက်ခံပြီးသား ဖြစ်နေတာ အသချော် သိသည်။

"ဆရာမကို ယုံကြည်ပါတယ်၊ ဆရာမ တပည့်ကို ကောင်းမယ်ထင်သလိုသာ စီစဉ်ပေးပါ"

တီချယ်ကို ယုံသလို ငွေကိုယုံသည့် အမေ့ကြောင့် အသချော် စာသင်မယ့်သုံးယောက်က ဘယ်သူဘယ်ဝါဆိုတာတောင် မေးမလိုက်ရဘဲ တစ်ခါတည်း လက်ခံပြီးသားဖြစ်သွား၏။

ငြင်းစရာလည်း မရှိ။

ဒီမိသားစု အဆင်ပြေမည်ဆိုလျှင် အသချော် ကိုယ်ကျိုးတောင် အသင့်ရှိပေမယ့် အသချော်ဆန္ဒ မမေးဘဲ အမေ ချက်ချင်း ခေါင်းညိတ်ပစ်တာကိုတော့ စိတ်ထဲမှာ ဝမ်းနည်းမိသည်။

သားသမီးထက် ငွေကို ပိုတွယ်တာသည်ဆိုပေမယ့် အမေ အနေအထားနဲ့ဆိုတော့လည်း အပြစ်မတင်ရက်။ ရှိပါစေလေ။ အမေ စိတ်ချမ်းသာမယ် ကြေနပ်မယ်ဆိုရင် အသချော် ပျော်ရမည်။

အသချော်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်လာခဲ့သည့် အမေ့ကို အသချော် ကျေးဇူးပြန်ဆပ်ခွင့်ရတာလို့ပဲ သဘောထားလိုက်သည်။

"ဘယ်နေရာတွေကို သွားဆင်းရမှာလဲ အသချော်"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး ကိုကြီး၊ တီချယ် စီစဉ်ပေးမှာ"

"ဪ"

"အမလေး...စာသင်ရတာများ ဘာပင်ပန်းတာမှတ်
လူမော်ရယ်၊ ဟိုက အကြီးအပိုင့်လည်း စီစဉ်ပေးဦးမယ်၊ စား
သောက်ရေးလည်း စိတ်တိုင်းကျ၊ ကိုယ်က အိမ်တစ်အိမ်ကို အ
သမားအနေနဲ့ သွားရမှာမဟုတ်ဘူး၊ ဆရာမအနေနဲ့ ခေါင်း
ရင်ကော့ပြီး ဝင်ရုံပဲ၊ ဘယ်လောက်ဂုဏ်ရှိလဲ၊ ကုသိုလ်လည်း
ဝမ်းလည်းဝဆိုတာ သမီးအလုပ်ပဲ"

"အမေကတော့ သင်စေချင်မှာပေါ့၊ ငွေတွေက အ
လိုက်ရတာကိုး"

"ဘာဖြစ်လဲ၊ ငါ့သမီးလုပ်အားခနဲ့ ငါရတာ"

"သူဌေးအိမ် သွားသင်ရမှာဗျ"

"အဲဒါ ဘာဖြစ်လဲ၊ အသချေဆရာမကိုယ်တိုင် လာ
မှ ထည့်ရမှာပေါ့၊ နင်က ကြားထဲက ဘာဖြစ်နေတာလဲ လူမော်"

"ဖြစ်နေတာမဟုတ်ဘူး၊ ဖြစ်တတ်တာတွေကို ပြော
တာ၊ သူများအိမ်သွား၊ ကျွေးတာစားပြီး အမှတ်လေးခြစ်၊ ထပြ
လာရတဲ့အထိ ဝိုက်(ဒ်)အလုပ်က မလွယ်ဘူး"





"ဘာဖြစ်လဲ၊ သူများတွေလည်း ဒီလိုလုပ်နေကြတာပဲ၊
တိ သွားသတိရှိရင် ပြီးပြီပေါ့၊ ဟုတ်တယ်မဟုတ်လား
"

"ဟုတ်ကဲ့ပါ မေမေ"

"တွေ့လား၊ အမေ့သမီးက လိမ္မာပြီးသား"

အမေ့မျက်နှာက ကျေနပ်ခြင်းပီတိဖြင့် ဝင်းထိန်နေသလို
ပျော်နေတာကိုကြည့်ပြီး အသချေလည်း စိတ်ထဲလိုက်ပျော်
ည်၏

ကိုကြီးလူမော်က အသချေကို စိတ်မချတာ အသချေ
မယ့် အမေကတော့ သူ့သမီး အသချေကို စိတ်ချယုံကြည်
ာလည်း တစ်မျိုးတော့ ဝမ်းသာရသည်။ မကြည်သာသည့်
နှာနှင့် မှုန်တည်နေသော အစ်ကိုဖြစ်သူကို အသချေ ပြန်ချော့
တ်၏။

"အသချေအတွက် စိတ်ချပါ ကိုကြီးရယ်၊ ဝိုက်(ဒ်)လုပ်
ရမယ့် ကလေးတွေကလည်း စာရပြီးသားပါ၊ အသချေက
တို့ကျက်ပြီးသားတွေ မေ့မေ့အောင် ပြန်နွှေးပေးရုံပဲ၊ စာမေးပွဲ
နိုလကလည်း ဘာမှမလိုတော့ဘူးဆိုတော့ အသချေ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေပါတယ်''

''အဲဒါလည်း တစ်ပိုင်းပေါ့၊ တကယ်လို့များ တ
တစ်ရာဖြစ်လာခဲ့ရင်၊ စိတ်ကသိကအောက် ဖြစ်တာရှိခဲ့ရင် တ
ဘာမျက်နှာမှမထောက်နဲ့ ချက်ချင်းထွက်လာခဲ့၊ ကျန်တာ အ
ဆက်ရှင်းမယ်…နားလည်လား''

''ဟုတ်ကဲ့ပါ၊ အသချော် ကိုယ့်ကိုယ်ကို ကာကွယ်
ပါတယ်''

အသချော် ကတိပေးလိုက်သည်။ လက်တွေ့မှာ အ
ဆုံးပဲ လာမလား၊ အကောင်းဆုံးတွေပဲ စောင့်မျှော်နေမလား
ပေမယ့် အခုတော့ အကြိုလွှတ်သော နောက်ဆုံးပေါ်ကားအကော
စားကြီးပေါ်မှာ အေးစိမ့်မွေးပျံ့သော ကားအတွင်းထဲထိုင်
ခေါ်ဆောင်ရာလိုက်သွားရသူက အသချော်။

အသချော်စိတ်တွေ ငြိမ်သက်အောင် ထားလို့မရ။ ထ
တိုင်းကြဲလိုလူကို စာသင်ရမည်ဆိုတာနှင့် အသချော် နေရာ
ထွက်ပြေးချင်နေတာ အသချော်ကိုယ် အသချော် သိသည်။

ဒါကြောင့် ထူးထူးခြားခြားငြိမ်ပြီး အသချော်များ ရော
မလာတာကို အခုတော့ မအံ့သြမိတော့ပါ။ ထင်တိုင်းကြဲ ဆိုသည





မှာ အကြံဉာဏ်တွေအပြည့်ရှိနေတာ အခုမှ အသချော် သဘော
တ်ရပေမယ့် အသချော်အတွက် ပြေးစရာမြေမရှိသည့်ဘဝ။

ကိုယ့်ကို ချစ်ရေးဆိုနေသူ၊ ရည်းစားစကားပြောနေသူ
ထိုသွားပြီး စာသင်ရမည့်အဖြစ်က တွေးလေ ရင်လေးစရာ
ာင်းလေ ဖြစ်၏။

''ရှင့်လူ ငြိမ်နေတာ ထူးပါတယ်လို့ ထင်နေတာ၊
တ်စသတ်တော့ မောင်မင်းကြီးသားက အကြံနဲ့ကို အသချော်ရဲ့''

နှယ့်ပြောစကားတွေ ပြန်အမှတ်ရတော့ အသချော် ရင်မော
ားသည်။ ဒီလိုလူနဲ့ ရှေ့ဆက် ဘယ်လိုစခန်းသွားရမှာပါလိမ့်ဟု
ားတိုင်း အဖြေရှာမတွေ့။

လက်ရှိအခြေအနေအရ သူ့ဆန္ဒစား ရဲရမည်။ ဒါကလွဲ
တခြားမရှိ။ အခုချိန်ကျမှ ဒီလူကို စာသင်မပေးပါရစေနဲ့လို့
ြောရဲဖြစ်တာလည်းမဟုတ်။

တီချယ်ကိုယ်တိုင်က သူ့တူ ထင်တိုင်းကြဲကို သေချာ
ရှစိုက်ပေးပါဟု အသချော်ကို အထပ်ထပ်မှာထားတာကိုက
သက်ရှူမဝချင်စရာ ဖြစ်နေခဲ့တာ အသချော်ပဲ သိသည်။

''ဒီခြံပဲ ကလေးမ၊ ဟိုမှာ လူလေး စောင့်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သည်နှင့် ပေါ်တီကိုအောက်မှာ ထင်တိုင်းကြ အပြုံးမျက်နှာကို မြင်ရသည်။ ခမ်းနားကြီးကျယ်သော ခြံဝန်း ထဲက ခံ့ထည်ခြင်းအသွင်ဆောင်သော အိမ်ကြီးအနေအထားက ဘယ်သူဆိုတာ ဖော်ပြပြီးသားဖြစ်နေ၍ သူ့နှုတ်ခမ်းအပြုံးကို မ ဟန်ပြုကာ မျက်နှာလှလှလေးကို အတည်ငြိမ်ဆုံး ဣန္ဒြေဆော လျှက် မရယ်မပြုံးဘဲ ကားပေါ်က ဆင်းလိုက်၏။

သူ့ရဲ့ဆရာမလို့ အားတင်းထားပေမယ့် တပည့်ကို ကြည့်ငံ့သော ဆရာမက ဒီလောကမှာ သူမတစ်ယောက်တည်း

* * *

## အခန်း (၁၂)

“ဆရာမဆိုလို့ အသက်ကြီးကြီးလား မှတ်တယ်၊ ကိုကြဲ တ်တောင် ငယ်ဦးမယ်ထင်တယ်…ဟုတ်လား”

ကားပေါ်ကချသော ခြေထောက်က ကြွေပြားတွေပေါ် သေး၊ ပထမဆုံး စီစီလွင်လွင် အသံခပ်ကျယ်ကျယ်နှင့် အလို ဗျွာ ပြောလိုက်သည့် မိန်းကလေးတစ်ယောက်အသံကြောင့် သချော်မျက်နှာ ပို၍တည်တင်းသွား၏။

ကြားရတဲ့စကားက မလိုလားခြင်းများစွာနှင့်။ အသံလာ ကို ဖျတ်ခနဲ မော့ကြည့်တော့ ဆင်ဝင်အောက် တိုင်လုံးကြီး ဘွကိုမှီရင်း ရပ်နေသူက အသချော်နှင့် ရွယ်တူလောက်ရှိမည်





www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်။ တီရှပ်ခါးတိုက အဖြူရောင်ကို ဝေ လယ်လောက်ရှိသည့် ဘောင်းဘီတိုတိုနှင့်မို့ ဖြူဖွေးသော အ အရေက ထင်းခနဲဖြစ်သွား၏။

မျက်ရစ်မရှိသည့် မျက်ပေါက်ကျဉ်းကျဉ်းကို အိုင်းလိုင် အထူကြီးဆွဲထားပြီး အစစ်မဟုတ်သော မျက်တောင်က အတု သိသာစွာ လိုတာထက် ရှည်လျားကော့ပျံနေ၏။ မထင်ရှား နှာတံအောက်မှာ နှုတ်ခမ်းကျတော့ ခပ်ပါးပါး။ ရုပ်မလှပေမ ခေတ်အပြင်အဆင်နှင့် ပေါင်းလိုက်တော့ သိပ်တော့မဆိုးပါ။

"လာ…ချစ်အသချေ"

ထင်တိုင်းကြဲက လူစီကို ဂရုမစိုက်ဘဲ အသချေ လှမ်းခေါ်၏။

"အို…လက်ကိုလွှတ်ပါ"

ထင်တိုင်းကြဲက အသချေလက်ကို ခပ်တည်တည်လာ တော့ အသချေ လန့်ပြီး ရုန်းပေမယ့် သူက မလွှတ်။

"ဘယ်လိုလဲ ကိုကြဲ၊ မူကြို မဟုတ်ဘူးနော်"

အကြည့်နှင့် စကားသံက ခပ်ရိရိဆိုတော့ အသချေ ရင်ထဲ ပူလာ၏။ လက်ကို ဆောင့်ရုန်းတော့လည်း မလွှတ်။





"နင့်ပါးစပ်ကို ပိတ်ထား လူစီ၊ ငါ့ကိစ္စထဲ နင်ဝင်ပါ စရာမလိုဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်"

"ဆောရီး…ကိုကြဲ၊ လူစီက တကယ်အံ့သြသွားလို့ပါ၊ ဟင်း…ဟင်း"

"တို့လက်ကိုလွှတ်စမ်း ထင်တိုင်းကြဲ"

ပြောလည်းပြော၊ သူ့လက်ထဲက အသချေလက်လေးကို ဆောင့်ရုန်းတော့ သူက အသာဖြေလွှတ်ပေးတာ အလွယ်တကူ အလျှော့ပေးချင်၍တော့ ဟုတ်ဟန်မတူ။ လူစီဆိုသည့် မိန်းကလေး ရှေ့မှာ ပြဿနာထပ်မဖြစ်ချင်၍ အလျှော့ပေးခြင်းဟု အသချေ စိတ်ထဲ အလိုလိုသိနေ၏။ နှယ်ပြောတော့ ထင်တိုင်းကြဲက တစ်ဦးတည်းသောသားလို့ အသချေ သိထား၍ လူစီဆိုသည် မိန်းမက သူ့ညီမ မဟုတ်နိုင်မှန်း နားလည်လိုက်၏။

"နောက်တစ်ခါ ငါ့ကိစ္စထဲ ဝင်ပါလာရင် ငါ့အဆိုးမဆို နဲ့"

"ဟား…ကြောက်စရာကြီးပါလား"

တကယ်ကြောက်ခြင်းမဟုတ်ကြောင်း မျက်နှာအမူအရာ နှင့် စကားသံက ဖော်ပြနေ၍ ထင်တိုင်းကြဲမျက်နှာကို အသချေ တစ်ချက်လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူသောမျက်နှာ ရဲခနဲဖြစ်သွားသလို မျက်နှာထားပိုတင်းသွား၏။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုပတ်သက်မှန်းမေ ပေမယ့် ပုံစံတွေကတော့ တကယ့်ရန်သူတွေနှင့် တူနေတာ သေချာသည်။

"ဒီအိမ်မှာ ကိုယ်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူး အသချော်"

"အဲဒီလိုဆိုရင် မင်းများမှာပေါ့ ကြဲ"

ဒေါ်ဆေစီက ပန်းထည့်ခြင်းတစ်ဖက်၊ ကတ်ကြေးတစ်ဖက်နှင့် ထင်တိုင်းကြဲတို့ရှေ့ ရောက်လာ၏။

"ဟုတ်တယ်၊ ကိုယ်မှားသွားတယ်၊ ကိုယ်နဲ့ ကိုယ့်ဒယ်ဒီကလွဲရင် ဘယ်သူ့ကိုမှ ဂရုမစိုက်နဲ့"

"ကြည့်စမ်း…မင်း"

"လာ…အသချော်"

"အို"

"မင်း ဘာပဲပြောပြော ငါက မင်းအဖေ ဦးတိုင်းကျော်ရဲ့ တရားဝင်ဇနီးဆိုတာ မမေ့နဲ့ ထင်တိုင်းကြဲ"

"တောက်"

ထင်တိုင်းကြဲထံမှ တောက်ခေါက်သံ ခပ်ပြင်းပြင်းက ပျော့အခြေအနေကို ဖော်ပြပြီးသားဖြစ်သလို ထင်တိုင်းကြဲ အခြေအနေကို အသချော် ချက်ချင်းသဘောပေါက် နားလည်လိုက်၏။

ဒီအိမ်မှာ စာသင်ဖို့ဆိုတာ ဖြစ်မှဖြစ်နိုင်ပါ့မလား။ အတွေးနှင့် အသချော် အကြည့်တွေက ထင်တိုင်းကြဲထံ ရောက်သွား၏။

"ဘယ်လိုလဲ၊ ကိုယ့်အဖြစ်ကိုကြည့်ပြီး အံ့သြနေပြီလား အသချော်၊ မိထွေးနဲ့ သူ့သမီးလေး၊ မြင်တဲ့အတိုင်း အိမ်ပေါ်တက်ဦး ဗိုလ်ကျချင်နေတာ မြင်တယ်မဟုတ်လား"

"ဒါပေမဲ့ ကိုယ့်အဖေမျက်နှာကိုလည်း ကြည့်ရဦးမှာမဟုတ်လား"

"သူ့တုန်းကရော ကိုယ့်မျက်နှာကို ပြန်ကြည့်ခဲ့လို့လား"

သူ့ကို ဘာမှပြန်မပြောနိုင်ဘဲ အသချော် နှုတ်ဆိတ်သွား၏။ ထင်တိုင်းကြဲ မျက်နှာက တင်းမာခက်ထန်နေမြဲ။

"ထင်တိုင်းကြဲ"

"ပြော"

"စိတ်ကိုလျှော့လိုက်ပါ"

"မင်းက ကိုယ့်ကို တရားချနေတာလား"

"ဟုတ်တယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဒီလိုပြောလို့ အသနျော်ကို ဒေါသဖြစ်မနေနဲ့ လောကမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို လုပ်ကြရတဲ့သူတွေ အများကြီး"

"အဲဒါ ကိုယ်က ဘာလုပ်ရမှာလဲ"

ဒေါသမျက်နှာကို အေးငြိမ်းသောအကြည့်ဖြင့် တည်ငြိမ်စွာ တုံ့ပြန်လိုက်တော့ သူ့အပေါ် အရင်လို ဒေါသမဖြစ်တော့။

"သုံးမိနစ်အချိန်ပေးမယ်၊ ပြီးရင် စာသင်မယ်"

"မင်းပြောသလို မလုပ်ဘူးဆိုရင်ရော"

"ပြန်ရုံရှိတာပေါ့"

တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံသွား၏။

"လှစီရော ကြဲနဲ့အတူ စာသင့်လို့ရမလား"

လှစီက မျက်နှာပြောင်နှင့် ထင်တိုင်းကြဲနား ရောက်လာတော့ ထင်တိုင်းကြဲမျက်နှာ မှုန်ကုပ်သွား၏။

"နင့်ကို ငါနဲ့ ဝေးဝေးမှာနေလို့ ပြောထားတာ နားမလည်ဘူးလား"

"လှစီလည်း စာသင်ချင်လို့ပါနော်"

"သင်ချင်ရင် တခြား သွား၊ ဒါ ငါ့ဆရာမ"





"ဟွန်း..ဖြစ်နေလိုက်တာ"

"အေး..ဖြစ်တယ်၊ နောက် ဘာမှ လာပတ်သက်ဖို့ မကြိုးစားနဲ့"

အညာတာကင်းကင်း ရက်စက်စွာ ပြောသွားသည့် ထင်တိုင်းကြဲမျက်နှာကို မီးထွက်မတတ် မျက်လုံးတွေနှင့် ကြည့်နေသည့် မိတွေးကို ဂရုမစိုက်သလို ခံစားကြေကွဲနေသည့် မျက်လုံးတွေနှင့် လှစီကိုလည်း လှည့်မကြည့်။

"သိပ်ခံစားမနေနဲ့ သမီး၊ မခံချင်ရင် ပိုကြိုးစားပြလိုက်၊ ဒါပဲရှိတယ်"

"ကဲ..သွားစရာရှိတာ သွား၊ ဘဝကို ပျော်ပျော်နေ၊ စိတ်ညစ်ဖို့ လူဖြစ်လာရတဲ့အထဲမှာ မာမီ့သမီး မပါဘူးဆိုတာ မှတ်ထား"

သိပ်မကြာလိုက်။

ဖြိုင်ကားနီနီလေးကို ခပ်ပြင်းပြင်းမောင်းသွားသည့် လှစီကို တွေ့လိုက်ရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

“ဒီဖုန်းကို မင်းယူထား အသချော်”

“ဘာဆိုင်လို့လဲ”

“မင်းက ကိုယ့်ဆရာမ၊ အရေးအကြောင်းရှိ ဖုန်းဆက်ပြီး စာလေးဘာလေး မေးလို့ရအောင်”

“အမိပွာယ်မရှိတာ”

အသချော်ရှေ့မှာ ထင်တိုင်းကြဲက စခရင်မ်ကြီးနှင့် ဖုန်း ပြားပြားလေးကို လာချပေး၍ ဘေးကို တွန်းထုတ်လိုက်သူ အသချော်။ ထင်တိုင်းကြဲက တာ့ချ်စခရင်မ်ပေါ်မှာ ဟိုထောက်ဒီ ထောက်နှင့် ဖုန်းသုံးနည်းတွေ တစ်ခုပြီးတစ်ခု သင်ပြနေတာကို





ဝင်စားဘဲ မျက်နှာထားတင်းတင်းလေးနှင့် မျက်ခုံးတွန့် နား ဘင်ရင်း ကြာတော့ ဒေါသဖြစ်လာ၏။

“ကဲ..ဒီနေ့အတွက်က စာသင်ရဦးမှာလား၊ ရှင်ပြောသမျှ ထောင်ရမှာလား”

“ဖုန်းသုံးနည်း သင်နေတာကွ၊ ဒါမှ မင်း သုံးတတ် ပါ”

“ဘယ်သူက ရှင့်ဖုန်းကို သုံးပါ့မယ် ပြောနေလို့လဲ”

“ဘာပဲဖြစ်ဖြစ် ကိုယ်သင်တာ မင်း လိုက်မှတ်ထားရင်

ထင်တိုင်းကြဲက သူပြောချင်ရာ ဆက်ပြောနေတော့ သချော် နေရာက ထရပ်လိုက်၏။

“ဒါက ဘယ်လဲ”

“ပြန်မလို့”

“ရမလား၊ မင်းချည်း နေ့တိုင်း ကိုယ့်ကို ဆရာလုပ်နေ ာ၊ ဒီလောက်တော့ ကိုယ်ကလည်း မင်းကို ဆရာပြန်လုပ်ခွင့်ရမှ ဖြစ်မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



“အသချော် ဆရာအလုပ်မခံချင်ရင် ရှင့်ဘာသာ စာမေးပွဲ အောင်အောင် လုပ်ပါလား”

“တကယ် အောင်စေချင်တာလား”

“အဲဒါ ရှင့်ကိုယ်ရှင် မေး”

“ကိုယ်မေးနေတာ အသချော်ကို၊ ပြော··အောင်အောင် ဖြေရမလား”

“ဖြေပေါ့”

“ဆုပေးမှာလား”

“အသချော် ပေးနိုင်တဲ့ဆုဆိုရင် ပေးမယ်”

ထင်တိုင်းကြဲက သူ လိုချင်သည့်အဖြေကို ရလိုက်ပြီမို့ အသချော်မျက်နှာလေးကို စိုက်ကြည့်ပစ်သည်။

မျက်ဝန်းလက်လက်၊ ချွန်သောနှာတံနှင့် နှုတ်ခမ်းပါးတွေ က ဘဲဥပုံမျက်နှာကျလေးက သူ့ရင်ကို နွေးထွေးလှုပ်ခတ်စေတာ ဘာကြောင့်လဲ။ အင်္ကျီလက်ပြတ်ဝတ်တာ မတွေ့ရသော သူမ ခေါင်းစည်းနှင့်ဆင်တူသည့် ဂါဝန်က ဒူးကျလေးကို ခါးနားမှာ အပြာရင့်ခါးပတ်ပြားကြီး ပတ်ထားတာမို့ သွားကြိုသည့် ကားပေါ် က ဆင်းလာကတည်းက အသချော်ကို မကြာခဏခိုးကြည့်ရင်း



တွေခုန်နေတာ သူမက သိမည်မဟုတ်ပါ။

“အိုကေ··ကိုယ် ကတိပေးတယ်၊ ဒီနှစ် ဆယ်တန်းအောင် မယ်”

“မင်းလည်း ကတိတည်မှ ဖြစ်မှာနော် အသချော်”

“ဘာကိုလဲ”

“ကိုယ့်ကို ပေးမယ်ဆိုတဲ့ ဆု”

“ရှင် အောင်အောင်ပဲ အရင်လုပ်ပါဦး”

“စိတ်ချပါ၊ မင်း ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရစေ့မယ်”

အသချော် သိပ်မယုံစပမယ့် သူပြောတာကိုငြိမ်ပြီး နား ထောင်နေလိုက်သည်။ အပြောလွယ်သလောက် လက်တွေ့မှာ တော့ အသချော်အသိ။ ထင်တိုင်းကြဲ ပုံစံပြောင်းပစ်တော့ သူ့ငယ် တွေက ပခုံးတွန့်သည်။

“ဘယ်လိုလဲ၊ ဒီတစ်ခါတော့ တကယ်ကြီးပါလား”

“မင်းတို့ကိုယ်တိုင် ချစ်တတ်လာတော့ သိလိမ့်မယ်၊ တ်ထဲထိ ရောက်သွားတာ လှလို့ဆိုတဲ့ အကြောင်းပြချက် တည်းကြောင့် မဟုတ်တာ လုံးဝသေချာတယ်”

“ယုံပါတယ်၊ မင်း တကယ်ချစ်ပြနေတာ ငါတို့ မြင်





www.burmeseclassic.com

www.burmeseclassic.com



သွားပဲ''

''မင်းကိုယ်စား အသချေကို ကျေးဇူးတင်ရမယ်၊ သူ့ ...
ကြောင့် မင်း အမြင်မှန်ရတာ ထင်တိုင်းကြဲ''

အားလုံး သဘောတူကြသလို ထင်တိုင်းကြဲလည်း ...
အဆိုကို သဘောတူထောက်ခံသည်။

အချစ်က အရာရာကို ပြောင်းလဲစေနိုင်ဟာ ကိုယ်ရေ...
ဖြစ်နေမှ ယုံကြည်လက်ခံသည့်လူထဲမှာ ထင်တိုင်းကြဲဆိုသ...
သူကိုယ်တိုင် ထိပ်ဆုံးကဖြစ်သည်။

ဘယ်တုန်းကမှ အောင်အောင်ဖြေဖို့ စိတ်မဝင်စား...
ထင်တိုင်းကြဲက ဒီနှစ်စာမေးပွဲ အောင်ကိုအောင်ရမည်ဟု နိုင်...
မာမာ ဆုံးဖြတ်ချက်ချသည်အထိ အချစ်၏စွမ်းအားက ပြင်း...
သည်။

''ငါတို့ အပြင်သွားမလို့ ထင်တိုင်းကြဲ''

''မလိုက်ဖြစ်သေးပါဘူးကွာ၊ နောက် ကြုံမှပဲ''

ထင်တိုင်းကြဲက ဘယ်သူငယ်ချင်းပဲ အပြင်သွားဖို့ ...
ခေါ်ခေါ် နောက်ပိုင်း မလိုက်ဖြစ်တာတွေ များလာတော့ အားလုံး...
ပခုံးတွန့်ကြသည်။

''ကြိုးစားလှချည်လား''

''ဒီနှစ် အောင်ကိုအောင်ရမည်လို့ ဆုံးဖြတ်ပြီးပြီ''

''အသချေက အဲဒီလိုပြောလို့လား''

''နိုး..ငါကိုယ်တိုင် အသချေကို ကတိပေးထားတာ''
သူငယ်ချင်းတွေထံမှ ဝေါခနဲ အသံမျိုးစုံ ထွက်လာပေမယ့်
...ရှုမစိုက်။

''မင်းတော့ လုံးဝ ပြောင်းလဲသွားပြီ ကြဲ''

''အခြေအနေနဲ့ အချိန်အခါက ဒီလိုဖြစ်သွားတာတော့
...ည်း မတတ်နိုင်ဘူး''

ထင်တိုင်းကြဲက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သူ
... အားလုံးပါးစပ်ပိတ်သွားသည်။ အစတည်းက ဉာဏ်ကောင်း
...ကိုးသားဖြစ်ပါလျက်နှင့် ဖခင်ကို အရွဲ့တိုက် ပေတေပြခဲ့သမျှ
... သူလှည့်မကြည့်ဘဲ ပစ်ထားသည့်စာထဲမှာ ထင်တိုင်းကြဲ
...နှစ်လိုက်တာနှင့် စာမေးပွဲဖြေဖို့ အားလုံးအသင့် ဖြစ်သွား၏။

''အသချေ''

''ဘာလဲ..ထင်တိုင်းကြဲ''

''ကိုယ် ဒီနှစ် စာမေးပွဲ အောင်အောင်ဖြေမှာနော်''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"ကိုယ် လိုချင်တဲ့ဆုပေးဖို့ အသင့်ပြင်ထားလို့ ပြောမလို့"

"ထင်တိုင်းကြွဘ၀က ပြည့်စုံတယ်၊ ချမ်းသာတယ် အသခ်ျေက ဆင်းရဲတယ်၊ ထင်တိုင်းကြွ လိုချင်တဲ့ဆု အသချေ ပေးချင်မှ ပေးနိုင်မှာ"

"ပေးနိုင်တာပဲ တောင်းမှာလို့ ပြောပြီးပြီလေ"

စူးရှတောက်ပသော ထင်တိုင်းကြွ အကြည့်တွေ အသချေ့ရင်ထဲ သိမ့်ခနဲဖြစ်သွားကာ မျက်လွှာကို ဖျတ်ခနဲချလို သည်။

"ဆရာမအတွက် အိပ်ချင်ပြေ၊ လက်ဖက် ကော်ဖီ ရ ငုံးဥ အော်သံနှင့်အတူ အသချေ့များ ရောက်လာ၏။

"သုံးဆောင်ပါ ဆရာမ၊ ကျွန်တော်တို့လက်ရာလို့တော့

"လုံး၀မထင်နဲ့ ဆရာမ၊ နောက်က ကြီးစော သုပ် လိုက်တာ"

လပြည့်စကားအဆုံးမှာ အသချေ လှဲ့လှဲ့ပြုံးလိုက်၏။

"လပြည့်တို့ရော စားလေ"

"ကျွန်တော်တို့အတွက် ဟိုဘက်မှာ သီးသန့်ရှိပြီးသာ





ဆရာမ ကျွေးချင်ရင် ကြွကိုသာ ကျွေးလိုက်"

"ကြွ··မင်းအတွက် ကော်ဖီက ဒီမှာ"

"ငါ ကော်ဖီ မသောက်ချင်ဘူး"

ရှေ့မှာချပေးတဲ့ ကော်ဖီခွက်ကို ကြွက လက်ခုံနှင့် တွန်း ပစ်တော့ အသချေ့အကြည့်က သူ့ထံ ဖျတ်ခနဲရောက်လာ၏။

"မင်းက ဘာသောက်မလို့လဲ"

"ရေနွေးကြမ်း၊ အသချေသောက်တဲ့ ပန်းကန်နဲ့ သောက် မှာ"

"အိုး"

"ကြားတဲ့အတိုင်းပဲနော် ဆရာမ၊ အဲဒီထဲမှာ ကျွန်တော်တို့ ပါဘူး"

ငုံးဥက ထင်တိုင်းကြွတို့နားက ပြုံးပြုံးကြီးထွက်သွားတော့ အသချေ့ပါးတွေ နီရဲပြီး ကျန်ခဲ့သည်။

"လူတွေရှေ့မှာ ဘယ်လိုဖြစ်နေတာလဲ ထင်တိုင်းကြွ"

"ကိုယ်က ဘာဖြစ်နေလို့လဲ"

ထင်တိုင်းကြွမျက်နှာက ခပ်တည်တည်ဆိုတော့ အသချေ့ မျက်တောင်းက သူ့ထံ ဒိုင်းခနဲရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတဲ့စကား ကိုယ့်ဘာသာ စဉ်းစားကြည့်ပေါ့"

"ရေနွေး အတူသောက်မယ်ပြောတာ အပြစ်လား"

"နောက်မပြောနဲ့၊ မကြိုက်ဘူး"

"ကောင်းပြီ၊ နောက် မပြောဘူး"

ရန်ပွဲက ဤနေရာမှာ ရပ်သွားပေမယ့် ထင်တိုင်းကြ အကြည့်တွေက ထိုနေရာမှာ ရပ်မသွား။ အသချော်မျက်ဝန်းအနဲ ဟစ်ဆင့် စူးစိုက်ကြည့်နေသည့် သူ့အကြည့်တွေက အသချော် နှ သားထဲအထိ ထိုးဖောက်သွားတာကတော့ အတော်ထူးခြားခ ကြယ်လှသဖြင့် ရင်ခုန်သံ မြန်လာတာကို ကြိုးစားပြီးမေ့လိုက်ရသူ အသချော်။

* * *



အခန်း (၁၄)

"ဟယ်··လှလိုက်တာ"

လှစီအကြည့်တွေက မရှည်ရှယ်ဘဲ ထင်တိုင်းကြအခန်း ရောက် ရောက်သွားသလို ခြေထောက်တွေကလည်း စပ်စုလို တ်နှင့် ထင်တိုင်းကြအခန်းတံခါး ပွင့်နေတာ အခွင့်ကောင်းယူပြီး အလစ်မှာ ဖျတ်ခနဲအခန်းထဲရောက်သွား၏။ အနက်နှင့် အဖြူ ကြောတွေလို ရောယှက်ထားသည့် ထင်တိုင်းကြအိပ်ရာခင်းပေါ် ာ ဖွင့်လက်စ ရတနာဘူးလေးကို ဖျတ်ခနဲငုံ့အကြည့်မှာ လှစီ ညသွား၏။

"ဖုချိန်းလေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



လှပသော ပစ္စည်းလေးကို လူစီ ယူမကြည့်ဘဲ မနေနိုင် တာနှင့် ရတနာထည့်ဘူးလေးထဲမှ ပလက်တီနမ်ဖုချိန်းလေး ယူကြည့်လိုက်၏။ မှန်ကြိုးလိမ်လို လိမ်ပတ်ထားသည့် ကြိုးချော တွေမှာ အသည်းပုံဖောင်းဖောင်းလေးတွေ။ ကမ္ဘာလုံးလို အ လုံးလုံးလေးတွေ တို့လို့တွဲလောင်း ချိတ်ထားပုံက အမြင်ဆန်းသ ခေတ်လည်းမီသည်။ ဖုချိန်းဆိုပေမယ့် သေးသေးမွှားမွှားမဟုတ် လက်ထဲ ဆ,ကြည့်တာနှင့် လေးလေးတစ်တစ်ကလေးမို့ အလေး စီး၍ တန်ဖိုးမနည်းမှန်း လူစီ သိလိုက်သလို ဖုချိန်းပိုင်ရှင် ဘယ် လည်းဆိုတာကိုပါ စိတ်ဝင်စားသွားသည်။

“ဒါ ဘယ်သူ့အတွက်လဲ”

BURMESE CLASSIC .com

ဒီမေးခွန်းအတွက် လူစီ ကြာကြာခေါင်းမစားရ။ မျက်ဝန်းထဲ ထင်တိုင်းကြွရဲ့ဆရာမ အသချော်မျက်နှာလှလှလေး ဖျတ်ခနဲဝင်လာတော့ ရင်ထဲပူသွားသည်။

ဒါ..အသချော်အတွက်လား။

လူစီတို့လောက် အဆင့်အတန်းမရှိ။ ဆင်းဆင်းရဲရဲ စားနေရတဲ့ မိန်းမကိုမှ ထင်တိုင်းကြွလို အသည်းစားဘုရင် စိတ်ဝင်တစား တန်ဖိုးထား ချစ်မြတ်နိုးပြနေတာ တန်ရောတန်





လားမသိ။

လူစီမျက်လုံးထဲမှာတော့ ထင်တိုင်းကြွနှင့် အသချော်ကို မြင်တိုင်း ကန့်လန့်ကြီးဖြစ်နေသည်။

“ဝင့်လည်တယ်ဆိုတာ ဒါပဲလေ၊ မိန်းကလေးတွေ အသည်းကို လိုက်ခွဲတဲ့နေရာမှာ နာမည်ကြီးနေတဲ့လူက ဘာမဟုတ်တဲ့ မိန်းမတစ်ယောက် ခြေဖျားအောက်မှာ ပြားပြားဝပ်ဖြစ်နေတာ၊ ကြည့်ပါလား”

“ဒါပေမဲ့ သမီးက ကြွကို..”

“သမီးဖြစ်စေချင်တဲ့အတိုင်း ဖြစ်မှမလာဘဲ၊ မာမီ့ဘက်က အစွမ်းကုန်ကြိုးစားနေတုန်းပဲ၊ အခုမဖြစ်လဲ တစ်နေ့တော့ ဖြစ်လာမှာပါ”

“အဲဒီနေ့အထိ လူစီက ကြွကို ဒီအတိုင်းထိုင်ကြည့်နေရမှာလား မာမီ၊ ကြွနဲ့ အဲဒီမိန်းမသားနဲ့ သားတစ်ရာ မြေးတစ်ဖြာ ရတဲ့အထိလား၊ မာမီပဲ ပြောတော့ ကိုကြွနဲ့လူစီ မဝေးစေရပါဘူးဆို၊ ကိုကြွကို အပိုင်ရမယ့်လူက လူစီပဲဆို”

မလိမ္မာတတ်သော စိတ်ရိုင်းက လိုအင်မပြည့်တာနဲ့ ချက်ချင်းခုန်ထလာကာ မာမီ့ရှေ့မှာ လူစီ ငိုမိတာ ကြွကိုချစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူစီကိုယ်လူစီပဲ သိသည်။

"မာမီ့ကိုချည်း အပြစ်တင်နေလို့ ရမလား လူစီ၊ သမီးသာ တော်ရင် မာမီတောင် ပါနေစရာမလိုဘူး"

"ပြောပါ မာမီ၊ အဖြစ်က လူစီ့အပြစ်ပဲ မဟုတ်လား"

လူစီက ပြောလည်းပြော၊ ငိုလည်းငို။ သားအမိနှစ်ယောက် ထင်တိုင်းကြဲကွယ်ရာမှာ ဒီလို အမြဲဖြစ်နေကြ။ လူစီအတွက်တော့ အခက်ကြီးခက်နေပြီး ကြဲအတွက် ခံစားနေရတာ ရင်နဲ့မဆံ့လို့ လူစီ့ရင်တွေ ပွင့်ထွက်တော့မည်။ အခုချိန်ထိ ကြဲဆိုတာ လူစီကို စာရင်းထဲထည့်ထားတာ မဟုတ်။

"ဟော့..မငိုနဲ့ကွာ၊ အခု အသဲချော် ဘယ်မှာလဲ၊ ကျစ်.. အဲဒီဖုန်းက ပြန်ယူဖို့မဟုတ်ဘူးလေ၊ ပိတ်ရက်မှာ အသဲချော်နဲ့ စကား ပြောချင်လို့ ယည့်ပေးလိုက်တာ၊ ငိုမပြောနဲ့ကွာ၊ ဒီမှာ ရင်တွေပူပြီး ဘာလုပ်ရမှန်းတောင် မသိဘူး"

"အိုကေ၊ အဲဒီနေရာမှာပဲ စောင့်၊ ကိုယ် အခုထွက်လာ ခဲ့ပြီ"

ထင်တိုင်းကြဲ၏ ဖုန်းပြောသံနှင့်အတူ တဖျတ်ဖျတ် လျှောက်လာသည့် ခြေသံကြောင့် လူစီ့ကိုယ်လေး တွန့်ခနဲဖြစ်သွား





ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေခိုက်မှာပဲ ဝရန်တာဘက်မှ အခန်းနှင့် ခြားထားသော မှန်ဆွဲတံခါး ပွင့်သွားပြီး ထင်တိုင်းကြဲ ဘွားခနဲ ဝင်လာ၏။ ရင်ဘတ်ကြယ်သီးတွေ မတပ်ရသေး၊ အင်္ကျီဖြူ ဘောင်း ဘီကလည်း ဖြူပွပွပေမယ့် မျက်နှာသစ်ပြီးစမို့ ရေစိုနေသော ဆံပင် တွေကို ထင်တိုင်းကြဲက လက်ငါးချောင်းနှင့် ထိုးသိပ်သပ်တင်ပြီးမှ လူစီကို မြင်သွားဟန်ဖြင့် စိတ်ပူပင်သောမျက်နှာက ချက်ချင်း တင်းမာရိပ်တွေ ပေါ်လာကာ မွေ့ရာဆီ ခြေလှမ်းကြဲကြီးတွေနှင့် လျှောက်လာ၏။ ဖုန်းထည့်ထားသည့်ဘူးကို ဆတ်ခနဲကောက်ယူ သည်။ ပြီးမှ လူစီ့ကို မျက်နှာထားတင်းတင်းနှင့် မသင်္ကာသလို ကြည့်၏။

"နင် ငါ့အခန်းထဲ ဘာဝင်လုပ်တာလဲ"

"ကိုကြဲ အခန်းတံခါးပွင့်နေတာနဲ့ အခန်းရှင်းပေးရမလား ဆိုပြီး လူစီ ဝင်လာတာ"

"မလိုဘူး၊ နောက် ငါ့အခန်းထဲကို ဘာကိစ္စနဲ့မှ မဝင်နဲ့၊ ငါ့အခန်းထဲ ခွင့်ရတဲ့လူထဲမှာ နင်တို့သားအမိ မပါဘူး၊ သွားတော့"

အခန်းဝကို လက်ညှိုးညွှန်ပြီး လူစီကို မောင်းထုတ်ပုံက အေးတိအေးစက်။ ရက်ရက်စက်စက်ဖြစ်၍ လူစီ့ရင်ထဲ နင့်ခနဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှာသွား၏။

"လူစီကို အဲဒီလောက်ပြောဖို့ မလိုပါဘူး"

"ဖြစ်နိုင်ရင် ဒီထက်မက ပြောချင်တာ"

လူစီ့အကြည့်တွေက စူးခဲ့ ထင်တိုင်းကြဲရှိရာ ရောက်လ

တာကို ဂရုမစိုက်။ လူစီ ထွက်သွားတာနှင့် သူပါ အတူလိုက်ထွ

ပြီး အခန်းတံခါးကို တစ်ခါတည်း သော့ခတ်ပစ်လိုက်သည်။

ထင်တိုင်းကြဲ ကား ထွက်သွားသံကြားမှ လူစီက အိ

ပေါ်မှ ပြေးဆင်း၍ အိမ်နောက်ဖိုဒေါင်ဘက်ဆီ လွင့်နေအောင်

ပြေးထွက်ခဲ့သည်။

"ဦးမောင်··လူစီ့ကားထုတ်၊ ကိုကြဲနောက် လိုက်မယ်"

* * *



BURMESE CLASSIC .com

## အခန်း (၁၅)

"ဘာဖြစ်တာလဲ မပြောရင် ဒီဖုန်း ပြန်မယူဘူး အသချို၊ မင်းလည်း ဒီနေရာက မသွားရဘူး၊ မင်းငိုသံကြားရတာ ကိုယ့်ရင်ထဲ ဘယ်လောက်ပူလောင်လဲဆိုတာ မင်း သိလား"

အသချိုကတော့ ထင်တိုင်းကြဲ ဘာပြောပြော ဂရုမစိုက်။ သူ့ရှေ့က ထွက်သွားဖို့သာ စဉ်းစားနေ၏။ ပါးပြင်တွေနီမြန်းကာ ငိုထားသည့်မျက်နှာနှင့် သူ့ရှေ့မှာ ကြာရှည်မနေချင်။

"အသချို"

"မင်း ဘာဖြစ်နေတာလဲ အသချို၊ ကိုယ်မေးတာမဖြေရင် မင်း ဒီက မသွားရဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်··ပြောနေတာ ကြားလား"

"အို··ဘာဖြစ်လို့ အသချေ့လက်ကို လာကိုင်တာလဲ လွှတ်ပါ၊ ဆိုင်ထဲမှာ လူတွေနဲ့"

"လူတွေရှိတော့ ဘာဖြစ်လဲ၊ ကိုယ် ဂရုစိုက်တာ မင်း တစ်ယောက်ပဲရှိတယ် အသချေ့"

"ရှင်နော်··ဖုန်းကို အသချေ့မသိအောင် ဘာလို့ထည့် ပေးရတာလဲ၊ ရှင့်ကြောင့်၊ ရှင့်ဖုန်းက အသံမြည်တော့ ဒါ ဘယ်သူ့ ဖုန်းလဲ၊ ဘယ်လိုဖြစ်တာလဲနဲ့ ပြဿနာပေါင်းစုံ မေးခွန်းပေါင်းစုံ ဖြစ်ပြီး အသချေ့ အဆူခံရတာ ရှင့်ကြောင့်၊ သိလား"

"ဖယ်ပါ··လွှတ်၊ အသချေ့ သွားတော့မယ်"

ပြောလည်းပြော၊ ခေါသလည်းဖြစ်နှင့် အသချေ့ နေရာက ဆတ်ခနဲအထမှာ အသချေ့လက်ဖဝါးကို တင်းနေအောင် ဆွဲထားသူ က ထင်တိုင်းကြဲ။

"မသွားရဘူး"

"အ··နာတယ်ရှင့်"

ချက်ချင်း ငိုမဲ့မဲ့မျက်နှာလေးနှင့် သူ့ဘောခုံနား ပြန်ထိုင် ကျလာသည့် အသချေ့မျက်နှာလေးမှာ မျက်ရည်တွေ အိခနဲ





…ာက်လာတာကိုမြင်တော့မှ ထင်တိုင်းကြဲ ဆွဲကိုင်ထားတဲ့ …တ်ဖဝါးရဲ့ ထူးခြားသော အထိအတွေ့ကြောင့် ထင်တိုင်းကြဲ …က်ခုံးတွန့်သွား၏။

"လက်က ဘာဖြစ်တာလဲ အသချေ့"

မေးလည်းမေး၊ မေးပြီး ငြင်းဆန်ချိန်မရအောင် အသချေ့ …တ်ဖဝါးကို ဆွဲအလှန်··

"ဟင်"

ဖြူဖွေးနူးညံ့သော အသချေ့ လက်မှာ နီရဲညိုမောင်းသော …ဆ်ရာကြီးကြောင့် ထင်တိုင်းကြဲ မျက်နှာပျက်သွားကာ ချက်ချင်း …ှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကြည့်စမ်း၊ လက်မှာလည်း ညိုမည်းလို့၊ ဘယ်လိုဖြစ် …ာလဲ အသချေ့၊ မင်း အခုငိုနေတာ ဒီအနာကြောင့် မဟုတ်လား"

"ဟိတ်··မေးရင် ဖြေလေ"

"ဘာဖြေရမှာလဲ၊ အသချေ့လက်ကို လွှတ်"

"မလွှတ်ဘူး"

အသချေ့ထံမှ အင့်ခနဲ ငိုရှိုက်သံ မပီမသ။ ငုံ့ချထားတဲ့ …အသချေ့မျက်နှာလေးကို ထင်တိုင်းကြဲ အမိအရ လိုက်ငုံ့ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ချစ်စိတ်တွေ ပြည့်သိပ်လာကာ ချစ်သူကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲပွေ့ကာ ကလေးတစ်ယောက်လို ချော့မော့နှစ်သိမ့်ပေး လိုစိတ်ကို ရင်ထဲ မျိုသိပ်ထားလိုက်ရ၏။

"မငိုနဲ့လေ အသချော"

"ငိုမယ်၊ ကိုယ့်မျက်လုံးနဲ့ကိုယ်ငိုတာ ဘာဖြစ်လဲ"

မျက်ရည်တွေနှင့် သူ့ကို ရန်ပြန်စွာသူလေးကို ငုံ့ကြည့်ပြီး အသချောလေးကို သူ့အားနှင့် ဆွဲယူထူမတ်လိုက်တော့ သူနှင့်အတူ အသချော ပါလာသည်။

"လာ..လိုက်ခဲ့"

"အို..ဒါက ဘယ်လဲ၊ အသချောလက်ကို လွှတ်ဆိုနော်"

အင်အားချင်းမမျှ၍ ထင်တိုင်းကြဲ ဆွဲခေါ်ရာနောက် ပါလာသည့် အသချောမှာ သူ့ကားပေါ်ရောက်သွားသည်နှင့် ကားက နေရာမှ ဝေါခနဲ ပြေးထွက်သွားသည်။

"ရှင် ဘာတွေလုပ်နေတာလဲ ထင်တိုင်းကြဲ၊ အခုရော ဘယ်ကို သွားဦးမလို့လဲ"

အသချော ဘာမေးမေး သူက မဖြေ။ ကြာတော့ အသချော ဒေါသဖြစ်လာသည်။





"ရှင် ပြောနေတာ မကြားဘူးလား၊ ရှင့်ကားကို အခုရပ်၊ ရှင့်ကားနဲ့ အသချော ဆက်မလိုက်နိုင်ဘူး"

"မလိုက်နိုင်လဲ ရတယ်"

"ရှူး"

"ကျွီး"

"ကဲ..ကျေနပ်ပြီလား"

ထင်တိုင်းကြဲက သူ့ကားကို လမ်းဘေးတစ်နေရာမှာ ကြမ်းကြမ်း ထိုးရပ်လိုက်ပြီး အသချောဘက် လှည့်မေးလာတာကို အသချော မဖြေနိုင်။ ကားတံခါးကိုဖွင့်ပြီး ဆင်းဖို့ ကြိုးစားသည်။

"အသချော"

"အို..အမေ့"

နောက်က ဆောင့်ဆွဲယူလိုက်သည့်အချိန်ဖြင့် အသချော ထင်တိုင်းကြဲဘက် လဲပြိုသွားချိန်မှာ သူက အသချောကိုယ်လေးကို ဖွတ်ခနဲဆွဲယူပြီး မျက်နှာလှလှလေးကို ဖွတ်အတင်း အနမ်းမိုး ရွာချသည်။

"ထင်တိုင်းကြဲ..ရှင်နော်၊ ဘယ်လိုဖြစ်နေတာလဲ"

"ချစ်တယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ရန်းထွက်ချင်ပေမယ့် အင်အားခြင်းမမျှ။ မှတ်သိပ်ကြ... စွာ ကျရောက်လာသည့် ချစ်အနမ်းတွေက အသချော်ကို မည်... စကားမှဆိုရန် ခွင့်မပြု။

"သိပ်ချစ်တယ် အသချော်ရယ်၊ မင်းကြောင့် ကိုယ်... သိလား"

ထင်တိုင်းကြဲအသံက တုန်ရီတိုးရှနေသလို အသချော်... တိုင်လည်း စိမ်းသက်သော အတွေ့ကြားမှာ ရင်ခုန်သံတွေ အ... အပြိုင်ပြိုင်နှင့် သူ့မျက်နှာကို စေ့စေ့ကြည့်ဖို့ အနေရခက်နှင့်ပင် ဒေါ... လှိုင်းကလည်း ထန်နေ၏။

"ရှင် လူကို ဘာထင်နေလဲဟင်"

"ချစ်သူထင်လို့"

"ဘာ"

"ရှင့်ကို အသချော် မုန်းတယ်၊ သိလား"

"သိတယ်"

"ဟင်"

"ကိုယ် အသချော်ကို တကယ်ချစ်နေတာရော အသ... သိလား"

"တခြားမိန်းကလေးတွေကိုလည်း ရှင်ဒီလိုပဲ ပြောပြီး..."





"ဟိတ်..ထင်ရာတွေ လျှောက်ပြောမနေနဲ့နော်၊ ကိုယ် ...ယ်ချစ်တာ အသချော်တစ်ယောက်တည်း၊ အဲဒါ ယုံ"

"နောက်တစ်ခါ ရှင် အသချော်အသားကို ထိကြည့်"

"ဘာဖြစ်လဲ"

"ရွတ်"

"အို"

ပါးစပ်က ပြောတာမှ နောက်ကျဦးမည်။ အသချော် ပါး...ကို ဖျတ်ခနဲ ငုံ့နမ်းလိုက်သည့် ထင်တိုင်းကြဲ အပြုအမူကြောင့် ...သချော် သူ့မျက်နှာကို ဖျတ်ခနဲမော့အကြည့်မှာ သူက အသချော် ...လေးကို ဖျတ်ခနဲ ငုံ့နမ်းပြန်သည်။

"ကြည့်စမ်း..ရှင်..ရှင်"

"ကဲဟယ်"

"ကဲ..ကဲ"

ဒေါသဖြစ်ဖြစ်နှင့် အသချော်ကို ရန်စနေသူကို လက်သီး ...ဆုပ်လေးများဖြင့် ထုရိုက်အပြစ်ပေးတော့ သူက ရယ်မောပြီး ...အသချော်လက်သီးဆုပ်လေးများကို သူ့လက်တွေနှင့် ဖမ်းချုပ်ပြီး ...ရင်ခွင်ထဲ ဆွဲပွေ့ကာ ချစ်မြတ်နိုးစွာ ရှိုက်နမ်းသည်။

"သိပ်ချစ်လို့ပါ အသချော်ရယ်၊ မောင့်ကို မမုန်းနဲ့ ...တတ်"



www.burmeseclassic.com

www.burmeseclassic.com



လား”

“အို”

သိပ်သည်းသော ချစ်အနမ်းတွေက မုန်တိုင်းလို အင်အား
ပြင်းပြင်း ပြို့ကျလာချိန်မှာ အသချေတစ်ကိုယ်လုံး လှုပ်မရအော
အချစ်ဆိုသည့် စကားလုံးများအောက်မှာ နစ်မြုပ်သွားသည်။

“တော်ပြီလို့ဆိုနေ…ရှင်နော်”

“မောင့်ကို မောင်လို့ခေါ်ပါလား အသချေ”

“အို…ဘာကိစ္စ ရှင့်ကို အသချေက အဲဒီလို ခေါ်ရမှာလဲ”

“မခေါ်ဘူး”

“မခေါ်ရင် မလွှတ်ဘူး”

“ဟင်”

သူ့မျက်နှာကို အသချေ မကြည့်ဝံ့ပါ။ သူ့ရင်ခွင်
အသချေတစ်ကိုယ်လုံး ရောက်နေတာကိုလည်း အသချေ သဘော
မကျ။ ကြိုးစားပြီး ဖွတ်ရုန်းတော့ သူက တိုးဖက်ပြီး အသချေ
လည်တိုင်ဖွေးဖွေးကို ဖွတ်အတင်း တိုးဝှေ့နမ်းသည်။

“အသချေနဲ့မောင်က ချစ်သူတွေနော်”

“ဘာမှမဆိုင်ဘူး”





“မဆိုင်ဘူး…ဟုတ်လား၊ ဒါဆို မောင်တို့နှစ်ယောက်
ယ်လိုဆိုင်တယ်၊ ပတ်သက်တယ်ဆိုတာ သိရအောင် ပောဒီလို”

“ထင်တိုင်းကြဲ…ရှင်နော်”

“အခုမှ မရတော့ဘူး”

“အို…ဟင့်အင်း”

ရင်ခွင်ထဲ မွန်းနစ်သွားတော့မှပဲ မှတ်မိသည်။ စိတ်ထင်
င်း ချစ်အနမ်းတွေ ခပ်ကြမ်းကြမ်း ရွာချနေသူက သူ့ကို ဘယ်လိုပဲ
ထုရိုက်ရိုက် မမှု။

“ကဲ…ပြော၊ အသချေနဲ့မောင်က ဘာလဲ”

“ဘာမှ မလဲဘူး၊ ရှင့်ကို မုန်းတယ်၊ မဖြစ်နိုင်တာကိုမှ
င်တာ…”

“နောက်တစ်ခါ ထပ်ပြောရဲရင် ပြောကြည့်”

“ရှင်နော်”

အသချေ ဒါပဲပြောနိုင်သည်။ ထင်တိုင်းကြဲဆိုသည့်လူက
းစပ်နဲ့ ခြိမ်းခြောက်ရုံမဟုတ်ဘူးဆိုတာ သိ၍ ရှေ့ဆက်ဘာမှ
ပြောရဲဘဲ လှပနီရဲသော သူ့နှုတ်ခမ်းအစုံကို ဖျတ်ခနဲမျက်နှာလွှဲပစ်
တ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ညဆယ်နာရီ ဖုန်းဆက်မယ်"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ"

"ဆယ်နာရီ အဆင်မပြေရင် ဆယ့်နှစ်နာရီ ခေါ်မယ်
ဒါဆို ဖြစ်ပြီလား"

"မဖြစ်ဘူး၊ မဆက်ပါနဲ့"

"မရဘူး၊ ခေါ်မှာပဲ"

တစ်ဖက်က ဘာပြောမှန်းမသိ။ ဒီဘက်မှ ဖြစ်ပြနေတာ
တာကယ့်ကို အသည်းအသန်ဖြစ်နေတာကိုကြည့်ပြီး ခေါ်မေစီ မ...





...သာဟန်ဖြင့် တစ်ချက် ရယ်လိုက်သည်။ ပုံစံကြည့်တော့ ကျွတ်
...တ်ဆတ် မာရေကြောရေ။ မိန်းကလေးတွေကို အသည်းခွဲတမ်း
...စားလာသူက ဘာမဟုတ်တဲ့ မိန်းမနဲ့ကျမှ ဖြစ်နေလိုက်တာ။
...ယ်တိုင်မြင်တွေ့နေရတာကိုပင် မယုံချင်။

"ကြဲကသာ ဖြစ်နေတာပါ၊ တစ်ဖက်မိန်းကလေးက ခပ်
...ည်တည်ပဲ၊ မျက်နှာသာ တစ်ချက်ပေးတာ မဟုတ်ဘူး"

ထင်တိုင်းကြဲအကြောင်း အဖေဖြစ်သူကို စကားစပေမယ့်
...စံအတိုင်း သားကို ဘယ်တုန်းကမှ အပြစ်မတင်သည့် ဦးတိုင်း
...ဉ်က ခပ်ပြုံးပြုံး။

"ထားလိုက်ပါ၊ သူတို့ကိစ္စ စိတ်ဝင်စားမနေနဲ့၊ သား
...ယူနိုင်ရင် ပြီးတာပဲ"

"ကောင်မလေးက ဆင်းဆင်းရဲရဲထဲကနော် အစ်ကိုကြီး"

"ကြဲရမယ့် စည်းစိမ်တွေမက်ပြီး ခေါင်းညိတ်လက်ခံလိုက်
... အစ်ကိုကြီးသား ဒုက္ခရောက်နေဦးမယ်"

"မင်းပြောတော့ သားအချစ်ကို ကောင်မလေးက အခု
...ထိ လက်မခံသေးဘူးဆို"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲက အဖြေက ရှင်းနေတာပဲ၊ သူသာ ငွေတ[illegible] မက်ရင် သားလိုလူကို ငြင်းနေဝံ့မလား"

"အမယ်လေး၊ အထင်တွေ ကြီးနေလိုက်တာ၊ မယ[illegible] ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"သားပျော်မယ်ဆို ကျေနပ်တယ်"

ဖအေအရင်းက ဘာမှမပြောတော့ ဒေါ်မေစီဘ[illegible] ဘာမှ ဆက်ပြောစရာမရှိတော့။ မမြင်ချင်လည်း မြင်ရ၊ မကြ[illegible] လည်း နားစွင့်ရနှင့် အသချေအိမ်ပေါ်ရောက်လာရင်ဆိုသော အ[illegible] က ဒေါ်ဒေစီကို အိပ်မက်ဆိုးလို ခြောက်လှန့်နေ၏။

ဒီကြားထဲ လှစီက ဒေါ်ဒေစီသဘောမကျသည့် [illegible] လေးနှင့် တွဲနေတော့ ပိုဆိုးသည်။ တားတော့လည်း စကာ[illegible] မထောင်။

"လှစီ စိတ်ချမ်းသာချင်တယ် မာမီ၊ စိတ်ညစ်မခံချင်[illegible] ကြဲကမှ လှစီကို မချစ်တာ၊ လှစီကိုချစ်တဲ့သူနဲ့ နေရတာ ဘ[illegible] လောက် စိတ်ချမ်းသာစရာကောင်းလဲ"

"မာမီပဲပြောတာလေ၊ ကိုယ်ချစ်ကို မရှာနဲ့ သူချစ်တ[illegible] ဆိုတာလေ၊ ဂျင်မီနဲ့နေရတာ လှစီပျော်တယ် မာမီ"





ကိုယ့်စကားနှင့်ကိုယ်ဆိုတော့ ဒေါ်ဒေစီ ဘာမှထပ်မပြော [illegible]င်၊ ပြော၍လည်း လှစီက နားမထောင်တော့ သူ့အရှိန်နှင့်သူ [illegible]ွတ်ထားလိုက်ရသည်။ ဒါပေမဲ့ ကြဲနှင့်လှစီတို့ နီးစပ်ပတ်သက်ရေး [illegible]ဒီ ဒေါ်ဒေစီဘက်က နည်းနည်းမှမလျှော့။

အမြဲတွေးကာ ကြံစည်စိတ်ကူးအားထုတ်နေတာ သမီးလှစီ [illegible]တွက် ဖြစ်သည်။ ဂျင်မီနှင့် အဆက်အသွယ်ဖြတ်ဖို့ကိုလည်း [illegible]လသံအေးအေးနှင့် လှစီ နားဝင်အောင် ပြောဆိုဖျောင်းဖျသည့် [illegible]ထဲမှာ ထင်တိုင်းကြဲဆိုတာ သမီးအတွက်ပဲဖြစ်လာရမှာဆိုသည့် [illegible]ဒေါ်ဒေစီစကားက အရေးအပါဆုံး အထိအရောက်ဆုံးစကားဖြစ် [illegible]သည်။

စာသင်ချိန်ပြီးသွား၍ အသချေပြန်ရန်နှုတ်ဆက်သည်။ [illegible]ထင်တိုင်းကြဲဘက်က ဘယ်လိုနေနေ အသချေက ဣန္ဒြေရရ [illegible]တည်ငြိမ်နေတော့ ထင်တိုင်းကြဲ အသည်းယားပေမယ့် ချစ်စိတ်နှင့် [illegible]ခွင့်လွှတ် အလိုလိုက်ထားရသည်။

"ကျွိး"

"ဟ··ဘာလဲ၊ ဦးသာမောင် ဘယ်သွားလို့ ခင်ဗျားက ဒီရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထင်တိုင်းကြဲအကြည့်တွေက အသချော်ကို လိုက်ပို့မည့် ကားမောင်းသူနေရာရောက်နေသည့် ဒရိုင်ဘာစိန်မင်းဆိုသည့်လူကို ကြည့်ကာ မျက်ခုံးတွန့်သွား၏။

"ဆောရီး..ကြဲရေ၊ ဦးသာမောင်ကို သမီး ခေါ်သွားလို့ ဒီနေ့တော့ မောင်စိန်မင်းကိုပဲ ပို့ခိုင်းလိုက်ပါကွယ်"

အသံနှင့်အတူ သူတို့နားရောက်လာသည့် ဒေါ်ဒေစီကို ကြည့်၍ ထင်တိုင်းကြဲ မျက်နှာပိုတင်းသွားသည်။

"ဦးသာမောင်က ကျွန်တော့်ဒရိုင်ဘာဗျ၊ ဘာကိစ္စသူက ခေါ်သွားရတာလဲ"

"အန်တီလည်း မသိပါဘူးကွယ်၊ သမီး ဖုန်းလှမ်းဆက်မှ သိရတာ၊ ဒီနေ့လေးပဲကွယ်၊ သည်းခံလိုက်ပါ"

"ကျစ်..အရေးမပါဘာ၊ နောက် အန်တီ့သမီးကို ပြောထား၊ ကျွန်တော်နဲ့ အတတ်နိုင်ဆုံး ကင်းရှင်းအောင်နေပါလို့"

"အေးပါကွယ်..အေးပါ"

တမင် သဘောထားကြီးဟန် ပြုံးပြုံးကြီးလုပ်ပြနေပုံကို တစ်စက်မှ ကြည့်မရပေမယ့် မတတ်နိုင်။ ဒရိုင်ဘာစိန်မင်းက အသက် သုံးဆယ်အရွယ်ဆိုတော့ အသချော်နှင့် စိတ်မချ။ ဖြစ်နိုင်ရင်





ထင်တိုင်းကြဲကိုယ်တိုင် လိုက်ပို့ချင်ပေမယ့် ဒယ်ဒီနဲ့ချိန်းထားသည့် တခြားကိစ္စက ရှိနေတော့ ခက်နေသည်။

"အိမ်ရောက်တာနဲ့ ချက်ချင်း ကိုယ့်ကို ဖုန်းဆက်လိုက် အသချော်၊ ဖြစ်နိုင်ရင် ကိုယ်တိုင် လိုက်ပို့ချင်တာ၊ ဒယ်ဒီနဲ့ ချိန်းထားတာရှိလို့ လိုက်ပို့လို့မရဘူးဖြစ်နေတယ်ကွာ"

ထင်တိုင်းကြဲအသံမှာ အလိုမကျခြင်းတွေ၊ မကျေနပ်ခြင်းတွေက အထင်းသား။ မာမီရှိကတည်းက အဘသာက မာမီ့ဒရိုင်ဘာ လူယုံ။ မာမီ မရှိတော့လည်း ဒီအတိုင်းပဲ ဆက်ထားဖြစ်တာက မိသားစုဝင်လို သဘောထားတာလည်းပါသည်။ ယုံကြည်တာလည်းပါသည်။ ထို့ကြောင့် ကြဲတို့သားအဖနှင့် ပတ်သက်သော ကိစ္စရပ်တိုင်းမှာ အဘသာပဲ ရွေးချယ်ထားပါသည်ဆိုမှ..။

"ရပါတယ်၊ ခါတိုင်းလည်း အသချော် ဒီလိုပြန်နေကျပဲ၊ သွားမယ်နော်"

"ကိုယ် ဖုန်းဆက်လိုက်မယ်"

"ဖြစ်နေလိုက်တာကွာ၊ ဒီလောက် စိတ်မချဖြစ်နေရင်လည်း ဖြစ်ချင်ရာဖြစ် မင်းကိုယ်တိုင်ပဲ လိုက်သွားလိုက်တော့ ထင်တိုင်းကြဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် လိုက်သွားတာ ကြာလှပြီ၊ ဒယ်ဒီ့ကို ကတိ
ပေးပြီးသားဖြစ်နေလို့ဆိုတာ သဘောပေါက်"

"ကဲ..ကိုစိန်မင်း၊ မောင်းတော့၊ ဒီပုံစံနဲ့ ဆရာမ အိမ်
ပြန်ရောက်တော့မှာ မဟုတ်ဘူး"

"အားလုံးပဲ သွားပြီနော်"

အသခေျှ နှုတ်ဆက်စကားအဆုံးမှာ ကားက ဝေါခနဲ
ပြေးထွက်သည်။

"မင်းကွာ..ရှပ်ပျက်ဆင်းပျက်နဲ့"

"ကိုယ့်ချစ်သူ ကိုယ် စိတ်မချတာ ဘာဖြစ်လဲ"

"သေချာနေလိုက်တာ၊ အသခေျှက မင်းအချစ်ကို လက်ခံ
လို့လား"

"လက်မခံလို့လည်း မရဘူး၊ ထင်တိုင်းကြဲကွ၊ တခြားသူ
မဟုတ်ဘူး"

ပြောပြီး နေရာက ချာခနဲ လှည့်ထွက်သွားသည့် ထင်တိုင်း
ကြဲကျောပြင်ကိုကြည့်ပြီး သူငယ်ချင်းတွေ တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်ပြီး ပခုံးတွန့်လိုက်ကြသည်။

ပြောတိုင်းဖြစ်နေတတ်သည့် ထင်တိုင်းကြဲကို ဘယ်သူမှ





ဆက်မပြောရဲဘဲ ငြိမ်သွားချိန်မှာ ထင်တိုင်းကြဲဖုန်းက အသံ
မြည်သည်။

"ဟဲလို"

"ဩော်..ကဥနာလား၊ တို့ မအားဘူးကွ၊ ချိန်းထားတာ
ရှိတယ်..ဆောရီးပဲ"

"မွေးနေ့လား"

"အင်း..ဖိတ်စာရောက်ပါတယ်၊ လာဖြစ် မလာဖြစ်တော့
သေချာဘူး ဒါပဲနော်"

တစ်ဖက်က စကားရှည်ချင်နေတာကို တစ်ခါတည်း ဖြတ်
ချလိုက်၏။ အချစ်ဆိုတာ ဘာလဲ။ ဟိုတုန်းက မသိခဲ့ပေမယ့်
အသခေျှကို ချစ်တတ်လာတည်းက အချစ်၏တန်ဖိုးကို ထင်တိုင်းကြဲ
နားလည်လက်ခံခဲ့သည်။ မမြင်ရရင် ရူးချင်တဲ့အထိ အချစ်ဆိုတာ
သူ့ကို ပြုစားတတ်သော စေတန်၏ နတ်ဆိုးတစ်ပါးဖြစ်ခဲ့လျှင်
ထိုနတ်မင်းကိုပင် သူ ကျေးဇူးတင်သည်။

ငေးကို ကိုယ်ချစ်တာ ရင်ခုန်သံတိုင်း မင်းအကြောင်းတွေ
ချည်း တွေးနေမိတဲ့အထိပဲ အသခေျှ။

"တူ..တူ..တူ"



www.burmeseclassic.com

www.burmeseclassic.com



သတိရစိတ်နှင့် အသချော်ဆီ ချက်ချင်းဖုန်းလှမ်းခေါ်တော့ ကိုင်မည့်သူက မရှိ။ သူ မျက်ခုံးတွန့်ပြီး ဖုန်းကို ထပ်ခေါ်နေချိန် အသချော်ကတော့ သူမကားပေါ် ရောက်လာသည့် လူစီမျက်နှာ အံ့ဩမယုံနိုင်သော မျက်ဝန်းတွေနှင့် ငေးကြောင်ကြည့်နေ၏။

"မင်းမယုံလည်း မတတ်နိုင်ဘူး အသချော်၊ တကယ် ကိုကြဲနဲ့ တို့က..."

အသချော် ကမ္ဘာလေးက လူစီစကားအောက်မှာ အမှောင် အတိကျလျက်...။

* * *



## အခန်း (၁၇)

"အသချော် တစ်ခုခုဖြစ်နေတာ လုံးဝသေချာပြီ"

ပြောပြောဆိုဆို လက်ထဲကဖုန်းကိုပိတ်ပြီး အခန်းအပြင် အက်ကို ခြေလှမ်းကျဲကြီးတွေနှင့် ထင်တိုင်းကြဲ ထွက်လာတော့ သူ့နောက်မှာ ငုံးဥနှင့် လပြည့်တို့ အတူပါလာသည်။

"ဖုန်းပိတ်ထားရုံနဲ့ ဒီလိုပြောလို့ ဖြစ်မလားကွ"

"လူကိုယ်တိုင် ရောက်မလာတာ နှစ်ရက်ရှိပြီ၊ အဲဒါလည်း ဆည့်ပြောဦး"

"ဩော်ကွာ၊ ဒါကလည်း သူ နေထိုင်မကောင်းဖြစ်ချင် လည်း ဖြစ်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com





"ဒီတစ်ရက်တော့ စောင့်ကြည့်ဦး ထင်တိုင်းကြဲ၊ ဆရာ… အိမ်ရဲ့ အခြေအနေကိုလည်း သိသားနဲ့"

"သိတယ်၊ ငါ သိလို့ လိုက်သွားမှာ"

"ဟိုက ကြိုက်မှာမဟုတ်ဘူးကွ"

"မကြိုက်လည်း မတတ်နိုင်ဘူး"

လှေကားကို ပြေးဆင်းရင်း ထင်တိုင်းကြဲမျက်နှာက တင်း… နေ၏။ ပြဿနာက အသချေ့ ဖုန်းကို စက်ပိတ်ထားတာရော စာသင်ရမည့်နေရာကို ရောက်မလာတာရော စုပေါင်းနေ၏။

"ဘာလဲကွာ၊ အဓိပ္ပာယ်မရှိ၊ ဖုန်းပိတ်ထားရအောင်"

"ဘက်ထရီမီးသွင်းဖို့ မေ့ချင်လည်း မေ့နိုင်တာပဲ"

"ဘာပဲဖြစ်ဖြစ် တခြားဖုန်းနဲ့ဆက်ပြီး ငါ့ကို အကျိုးအကြောင်း ပြောရမှာ သူ သိသင့်တယ်၊ ငါ သူ့ကို ဘယ်လောက် ချစ်လဲဆိုတာ သိရဲ့နဲ့"

"သွားပြီဟေ့"

ဘယ်သူတားတား မရဘူးဆိုတာ သိပြီးပြီမို့ ထင်တိုင်းကြဲ သူ့ကားပေါ်တက်ပြီး ခပ်ကြမ်းကြမ်း မောင်းသွားတာကိုပဲ ဒီအတိုင်း ကြည့်နေလိုက်ရသည်။





အများအမြင်မှာတော့ ထင်တိုင်းကြဲတို့က ဖြစ်လိုက်ရင် …ည်းအသန့်လို့ ထင်ချင်စရာပါ။ ဒီရင်ထဲ မီးတောက်နေတာကို …သူ စာနာနားလည်နိုင်မှာလဲ။ စိန်မင်း ကားနဲ့ လိုက်ပို့ပေးသည့် …ထဲ ထင်တိုင်းကြဲနှင့် အသချေ့ နောက်ဆုံး ဖုန်းပြောလိုက်ရ… နောက်ရက်ကစပြီး အသချေ့က ဖုန်း လုံးဝမကိုင်ရုံမက …ပိတ်ထားလိုက်သေးသည်။

"ကျွတ်"

"ဘာဒီဇိုင်းလဲကွာ"

စိတ်ထဲ မကျေလည်တိုင်း ရှေ့တွင်ပိတ်ထားသော ကား…ကို ဝေ့ကာဝိုက်ကာ ကျော်တက်သည်။ အမြန်နှုန်းကို စိတ်…ထည့်၍ မောင်းနေတော့ ဘေးကကားတွေက အော်သွားကြ…သည်။

"ဒီည ဖုန်းမပြောတော့ဘူး၊ အသချေ့ အိပ်ချင်လို့"

တို့ညက နောက်ဆုံးကြားခဲ့သည့် စကား။ မင်း ကိုယ့်ကို …တွေ မကျေနပ်နေတာလဲ အသချေ့။

မင်းအသံလေး မကြားရရင်၊ မင်းမျက်နှာလေး မမြင်ရရင် …နိုင်တဲ့သူဆိုတာ မင်းကိုယ်တိုင် သိရဲ့နဲ့။ ကိုယ့်အပေါ် ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ရက်စက်ချင်တာလဲ။

တကယ်ချစ်မိတော့ ချစ်သူရဲ့ဥပေက္ခာပြု စိမ်းကား... နှလုံးသားက ဆတ်ဆတ်ထိမခံနိုင်တာ ချစ်တတ်သူတိုင်းရဲ့ သဘာ... ဆိုရင် မင်းကို ကိုယ် အရှုံးပေးတယ် အသချော်။

"ဟင်"

"အသချော်"

မြင်လိုက်ရတဲ့ မြင်ကွင်းကို ထင်တိုင်းကြွ မယုံနိုင်အော... ဖြစ်သွားပေမယ့် သူ့အကြည့် မမှား။ တစ်ဖက်လမ်းပေါ်မှာ ရပ်... သူက အသချော်မှ အသချော်အစစ်။

ထင်တိုင်းကြွ ဘာမှစဉ်းစားမနေဘဲ ရောက်သည့်နေရာ... သူ့ကားကို ဝေါခနဲကွေ့ချ၍ သူ့နောက်မှကားသံတွေ၊ ဆဲဆိုကြ... မောင်းသံတွေ ဆူညံသွား၏။ အသချော်ရှိရာ ပလက်ဖောင်းအ... လမ်းကြောင်းကိုရအောင် ကားကို မောင်းယူရင်း အသချော်... ကားကို ဝေါခနဲရပ်လိုက်၏။

"အသချော်"

"ဟင်"

ရုတ်တရက် အသချော်များ ထိုးရပ်လာသည့် ကားပေါ်...





...တိုင်းကြွကို မြင်လိုက်ရ၍ အသချော်မျက်နှာလှလှလေး ကွက်ခနဲ ...သွား၏။

"ထင်တိုင်းကြွ"

ထင်တိုင်းကြွက ကားစက်မသတ်ဘဲ ကားပေါ်က ဒီတိုင်း ...ဆင်းလာကာ အသချော်ဘေးက တံခါးကို ဆွဲဖွင့်ပေးသည်။

"ကားပေါ်တက် အသချော်"

"ဟင့်အင်း"

ခေါင်းကို ဆတ်ခနဲခါမှ စူးရှသည့်အကြည့်က အသချော် ...မှာကို လက်ခနဲ ရောက်လာ၏။

"ဒီနေ့ ခွင့်တိုင်တယ်"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကို"

"အခု မရဘူး၊ ကိုယ်နဲ့လိုက်ခဲ့"

"လိုက်လို့ မရဘူး"

"ဘာဖြစ်လို့လဲ"

"မလိုက်ချင်လို့"

"မရဘူး၊ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရရင် ဆွဲခေါ်ရုံပဲ"

"လာခဲ့"

"အို..ရှင်နော်"

"လူတွေရှေ့မှာ ဘယ်လိုဖြစ်နေတာလဲ"

အသချော် ပြောနေပေမယ့် လူကတော့ ထင်တိုင်းကြဲ

ရာ အင်အားချင်းမမျှ၍ ပါလာပြီး သူ့ကားပေါ်ရောက်သွားသည်။

"ရှူး"

"ဝရော"

ကားက နေရာမှ ဝေါခနဲပြေးထွက်သွားတော့ အသ

ငိုချင်သွားသည်။ ထင်တိုင်းကြဲဆိုတာ အစတည်းက ရွတ်တရွ

လူဆိုး။ သူလုပ်ချင်တာလုပ်ရမှ ကျေနပ်တဲ့သူ။

"အသချော်ကို အိမ်ပြန်ပို့"

"မရဘူး၊ မင်း ကိုယ့်ကို ဘာမကျေနပ်လည်း ပြော"

"ဘာမှ ပြောစရာမရှိဘူး"

"ဒါဖြင့် ဖုန်းကို ဘာလို့ပိတ်ထားတာလဲ"

"မကိုင်ချင်လို့"

အမှန်အတိုင်းပဲ ပြောသည်။ စူးခနဲစိုက်ကြည့်လာသည်





ကြည့်တွေကို အသချော် ဂရုမစိုက်။ ဖြစ်နိုင်ရင် ထင်တိုင်းကြဲနှင့်

ဝေးမှာပဲ နေချင်သည်။ သူ့ကြောင့် အသချော် နှလုံးသားတွေ

ထပ် မနာကျင်ချင်သလို မခံစားချင်တာကို အသချော်ပဲသိ

သည်။

"ကျွီး"

ထင်တိုင်းကြဲကားက လူရှင်းသည့်နေရာမှာ ဝေါခနဲ ထိုးရပ်

သွားတာနှင့် ဘာမှမစဉ်းစားဘဲ ဖျတ်ခနဲ သူ့ကားပေါ်က အသချော်

ဆင်းလိုက်သည်။

"ဟိတ်..ဒါက ဘယ်လဲ၊ ကားပေါ် အခုပြန်တက်"

"မတက်ဘူး"

"ရတယ်၊ ကိုယ့်ဘာသာ မတက်ချင်ရင် ဟောဒီလို"

"ထင်တိုင်းကြဲ..ရှင်နော်၊ အသချော်ကို လွှတ်"

အင်အားချင်းမမျှသဖြင့် ထင်တိုင်းကြဲ ကားနောက်ခန်းထဲ

အသချော် ဝုန်းဒိုင်းရောက်သွားသလို သူမနှင့်အတူ ထင်တိုင်းကြဲပါ

အတူပါလာ၍ အသချော်ကိုယ်လေးက သူ့ရင်ခွင်ထဲ ခွေးခနဲရောက်

သွား၏။

"လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်ဘူး၊ မင်းကြောင့် ကိုယ့်ရင်တွေ ပေါက်ကွဲ
မတတ်ဖြစ်အောင် မင်းပဲလုပ်ခဲ့တာ အသာချော်၊ ငြိမ်ငြိမ်နေ"

"အို..အမေ့"

လွှန်ဆန်ရုန်း အင်အားမဲ့ခဲ့သည့် အစဉ်အလာအ
အသချော် သူ့ရင်ခွင်ထဲမှာ မှိန်းနစ်သွားကာ ဘာစကားမှ ဆိုခွင့်
ဖြစ်သွားသည်။

"သိပ်ချစ်တယ် အသချော်ရယ်၊ ကိုယ့်ကို မင်း မရက်
နဲ့"

*　*　*



## အခန်း (၁၈)

ကျွဲခနဲ ကားဘရိတ်အုပ်သံ၊ နောက်..ကားတံခါးပိတ်သံ
ဆက်တိုက်ပေမယ့် လူအရိပ်ကို မမြင်ရသေး။ ဦးတိုင်းကျော်
လက်စ တိုင်းမ်ကို ဘေးချကာ ကော်ဖီတစ်ငုံသောက်လိုက်၏။

"သား ပြန်လာပြီထင်တယ်၊ ကားတံခါးပိတ်သံကို ကြား
တော့ ရာသီဥတု သိပ်ကောင်းပုံမပေါ်ဘူးဟော့၊ ဟိုနှစ်ကောင်
ထား၊ မင်းတို့သူငယ်ချင်း ဒေါသတွေကို ဗဟိုပြုပြီး မုန်တိုင်း
တော့မယ်"

ကော်ဖီအတူသောက်နေသော လပြည့်တို့ကို လှမ်းပြော
ည်။ အခုမှ အိပ်ရာထလာသော လူစီအတွက် ဒေါ်ဒေစီက



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီငှဲ့ထည့်ပေးသည်။

"အစ်ကိုကြီးသားက လူပုံချောသလောက် သူ့တစ်...
လုံး ခေါသချည်းပဲ၊ အမြဲ ဝှန်းခနဲ ဒိုင်းခနဲ လုပ်လိုက်ရမှ ...
အိပ်ပျော်ဖြစ်တတ်တာကိုက ထုံးစဖြစ်နေတာ"

"အဲဒီလိုဖြစ်ပေမယ့် ခင်ဗျားအပါအဝင် ဘယ်သူ...
မထိနိုက်ဘူးမဟုတ်လား ဒေါ်ဒေစီ"

"သား"

တားမြစ်ခြင်းမပြုသော အံ့သြခြင်းမျိုးနှင့် ဦးတိုင်းကျော်...
ခေါ်ခြင်းပါ။ နီမြန်းကာ အရောင်တလက်လက် ထွက်...
ထင်တိုင်းကြဲမျက်ဝန်းတွေထဲမှာ ဒေါသံကို အထင်းသားမြင်...
သည်။ ထင်တိုင်းကြဲနောက်မှာ သူ့လက်တစ်ဖက်ကို ကြိုးစား...
ဖယ်နေသော ဝိုက်ဒ် ကလေးမမျက်နှာက သိသာစွာ စိတ်ရှုပ်...
သည့် အမူအရာနှင့် ရှက်ခြင်း၊ အနေခက်ခြင်းဖြင့် မျက်နှာလှလှ...
သိသာစွာ ပျက်လျက်။

"ဆရာမ"

လပြည့်နှင့် ငုံးဥက ကော်ဖီဝိုင်းမှ ထွက်လာသည်အ...
ထင်တိုင်းကြဲက အသချေလက်ကို မလွှတ်။





"အသချေလက်ကို လွှတ်စမ်းပါဆို..ရှင်နော်"

"ငြိမ်ငြိမ်နေနော်၊ ပြောမရရင် ဒီထက်ဆိုးသွားမယ်"

"အို"

ထင်တိုင်းကြဲထံမှ ခြိမ်းခြောက်စကားကြောင့် အသချေ
...ကိုယ်လေး တွန့်ခနဲဖြစ်သွားကာ လူပါ ငြိမ်သွား၏။

"ဘာဖြစ်လာတာလဲ သား"

ဒီလောက် ထင်တိုင်းကြဲတို့ သွေးဆူနေပြီဆိုရင် ဒါ တော်ရုံ
ပြဿနာမဖြစ်နိုင်မှန်း ဦးတိုင်းကျော် သိလိုက်ပြီ။ ထင်တိုင်းကြဲက
အသချေလက်ကို ဆွဲထားရင်း ထမင်းစားခန်းထဲထိ ခြေလှမ်းကျဲကျဲ
နှင့် ဝင်လာ၏။ ဦးတိုင်းကျော်က သားဖြစ်သူပခုံးတစ်ဖက်ကို
ကိုင်ပြီး ဆုတ်ကန်ကန်နှင့် ပါလာသည့် ကလေးမကိုကြည့်ရင်း
မျက်ခနဲ တစ်ချက် ဟင်ခနဲ ဖြစ်သွား၏။

"သားကလဲ၊ ဆရာမကို အားနာစရာကွာ၊ ပြောချင်တာ
အေးအေးဆေးဆေး ပြောလည်း ရပါတယ်"

"အေးအေးဆေးဆေး ပြောမှာပါ ဒယ်ဒီ၊ ဒါပေမဲ့ သား
ပြောရမှာ မဟုတ်ဘူး ဒယ်ဒီ၊ ပြောရမယ့်လူက လူစီ"

"ဟော့..လူစီက မင်းနဲ့ ဘာမှ ပြောစရာမရှိဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ထင်တိုင်းကြဲ၊ ငါ့သမီးက သူ့ဘာသာ အေးအေးဆေးဆေး နေတာ"

"ခင်ဗျားသမီး ဘယ်လောက်အေးလဲဆိုတာ ခင်ဗျား ဘာသာပဲ မေးကြည့်"

"ကိုကြဲကို ဒီမိန်းမ ဘာတွေ သွေးထိုးလိုက်လို့လဲပြော"

"နှင့်ကိုယ်နှင့် သိမှာပေါ့ လှစီ၊ ပြောစမ်း၊ နှင့်ပါးစပ်က နှင်က ငါနဲ့လက်ထပ်မယ့်သူ၊ လူကြီးချင်းသဘောတူထားတဲ့လူလို့ အသချော်ကို နှင် တစ်ခွန်းမှ မပြောခဲ့ဘူးပေါ့"

ဦးတိုင်းကျော်အကြည့်က ဒေါ်ဒေစီတို့သားအမိဆီ ဒိုင်းခနဲ ရောက်သွားကာ အခြေအနေကို ချက်ချင်းသဘောပေါက်သွား၏

"ကိုကြဲ"

ထင်တိုင်းကြဲအမည်ကိုခေါ်ရင်း လှစီ မတ်တပ်ထရပ်လေ မယ့် စူးရှသော မျက်ဝန်းတွေက ထင်တိုင်းကြဲမှာမဟုတ်။ သူ့ နောက်သို့ကျော်ကာ အသချော်ထံ စိုက်သွားကာ လူကလည်းရှေ့ကို တိုးလာ၏။

"မိန်းမယုတ်"

"ဘာ..နှင့်စကားကို အခုပြန်ရုပ်သိမ်းပြီး အသချော်ကို တောင်းပန်လိုက်စမ်း လှစီ"





"အို..လှစီက ဘာကိစ္စ ဒီမိန်းမကို တောင်းပန်ရမှာလဲ၊ ဟုတ်တယ်..ပြောတယ်၊ ပြောတော့ ဘာဖြစ်လဲ"

"ကြားတယ်နော် ဒေါ်ဒေစီ၊ ကိုယ့်သမီးကို ဆုံးမထား၊ နောက်တစ်ခါ ဒီလိုအချိုးမျိုး လာချိုးလို့ကတော့ ပွဲအသိမ်းပဲ"

"နှင့်လောက် ဘယ်သူမှ မယုတ်မာဘူး လှစီ"

"ငါ့သမီးကို မင်း ဒီလို မပြောပါနဲ့"

"ခင်ဗျားသမီးက ကျုပ်ချစ်သူကို ပြောတုန်းက ခင်ဗျား ဒီစကားမျိုး ပြောလို့လား"

"တော်ပါတော့ ထင်တိုင်းကြဲရယ်၊ အသချော် တောင်းပန် ပါတယ်၊ နောက်ထပ် ဘာမှမပြောပါနဲ့တော့နော်"

အသချော်မှာ မျက်နှာပူသလို အနေလည်းခက်ခက်နှင့် ကြားထဲက ထင်တိုင်းကြဲကို ဝင်တောင်းပန်တော့ ဒေါ်ဒေစီတို့ သားအမိနှစ်ယောက် မျက်နှာတင်းမာစွာ အသချော်ကို ကြည့်သည်။

"ဒယ်ဒီ..ဒါ ကျွန်တော့်ချစ်သူ၊ ကျွန်တော် လက်ထပ် မယ့် မိန်းကလေး"

"အေး..ဟုတ်ပြီ"

"အို..မဟုတ်ဘူး အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ်ကို ပိတ်ထား အသချေ၊ လာ..သွားမယ် ကျွန်တော်တို့ကို ခွင့်ပြုဦးဒယ်ဒီ"

"ကောင်းပြီ"

သူ လက်ထပ်မည့် မိန်းကလေးကို လက်ဆွဲထွက်သွား သော သားဖြစ်သူခြေလှမ်းတွေကိုကြည့်ကာ ဦးတိုင်းကျော် ကျေနပ် နှစ်သိမ့်စွာ အားပါးတရ ပြုံးလိုက်သည်။

သူ့တုန်းက သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ ငဲ့ခဲ့ရ၍ စိတ်ခံစားမှုတွေ ဆုံးရှုံးရသည်။ သားဖြစ်သူကျတော့ အဖေနှင့် ဆန့်ကျင်ဘက်။ ခံစားချက်တိုင်း ရှေ့တန်းတင်တဲ့သားကျတော့ လွတ်လပ်ခြင်းအပြည့်နှင့် ရှိပါစေလေ။

သားကို ထင်တိုင်းကြဲခွင့်ပေးထားတာကိုက ဖခင်တစ် ယောက်ရဲ့ မဟာမေတ္တာ။

*  *  *



## အခန်း (၁၉)

"ကဲ..ယုရေ၊ စိတ်တော့ မကောင်းဘူးနော်၊ ပွဲလည်း သိမ်း၊ ငွေလည်း သိမ်းပေါ့"

ဒေါ်ကေသီက စားပွဲဝိုင်းကြီးပေါ်မှ ငွေပုံကြီးကို သူမဘက် ဆွဲအယူမှာ ဒေါ်ယုက စားပွဲမျက်နှာပြင်ကို လက်ထောက်လျက် အားပြုထလိုက်သည်။

"ဘယ်တတ်နိုင်မလဲ၊ ဒီတစ်ပွဲ မနိုင်ရင် နောက်လာမယ့် ပွဲမှာ အနိုင်ကစားရမှာပေါ့၊ ဟုတ်ဘူးလား ကိုထွန်းလူ"

ဒေါ်ယုက ဆောင်းမှာထိုင်နေသည့် ခင်ပွန်းသည်ကို တစ်ချက် လှမ်းကြည့်ပြီး အဖော်အညီမှာ အိမ်ရှင် ဒေါ်ဇာဇာက အအေးပုလင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ သယ်လာကာ စားပွဲပေါ်မှာချသည်။

"အမယ်လေး၊ ရှုံးတာနဲ့ တန်းပြန်တော့မလို့လား၊ စား အကောက်ရထားတာလေးတွေနဲ့ ပြုစုချင်လို့၊ အအေးသောက်ပြီး ပြန်"

"သောက်ဆိုလည်း သောက်ရတာပေါ့၊ ဒီမှာ ရင်ထဲ ပူနေတာ"

ဦးထွန်းလူကတော့ ခုံမှာဝင်မထိုင်တော့ဘဲ ပုလင်းကို ဆွဲကာ ပြတင်းပေါက်နား သွားရပ်ရင်း သောက်သည်။ ကစားဝိုင်း ရှိုးသာလာခဲ့တာ။ မိန်းမတွေကြား သိပ်ပတ်သက်မှုတွေ မလုပ်ချင် မိန်းမတွေ ဝိုင်းဖွဲ့ပြောကြသော စကားတွေကလည်း ဗမာစကား ပေမယ့် သူ စိတ်မဝင်စားသော အရာတွေချည်းဖြစ်သည်။

"ရှုံးလည်း ယုတို့က ဂရုစိုက်မှာ မဟုတ်ပါဘူး၊ သိလား ကောသီ၊ စိတ်သန့်သန့်ထားပြီးသာ ယူသွား၊ သူတို့က"

"ခြံအကျယ်ကြီးရှိတယ်၊ တစ်လတစ်လ မြေငှားခတောင် သိန်းချီဝင်တာ၊ ဒါပဲ ပြောမလို့မဟုတ်လား၊ ယုက အလွတ်ရပြီး သား၊ ဟွန်း..ထစ်ခနဲ ဒါပဲ မျက်စောင်းထိုးနေတာ"

"အမယ်လေး..အခု နောက်ထပ် မျက်စောင်းထိုးစရာ





ပေါ်လာပြီလေ၊ ဘာလဲ..ယုက ဒိုင်လျှိုထားတာလား၊ ပြော"

ဒေါ်ဇာဇာက ပြောရင်း ဒေါ်ကေသီဘက် မျက်စလှည့်ပစ် ပြီသည်။ အတိုင်အဖောက်ညီသော ဒီနှစ်ယောက်ကြောင့် ယုက ထိုဒီလှည့်ကြည့်ရင်း သောက်လက်စ အအေးပုလင်းကို စားပွဲပေါ် ပြန်ချလိုက်၏။

"ယုက ဘာဒိုင်လျှိုစရာရှိလို့လဲ၊ မရှိပါဘူး"

"အမယ်..တို့ မသိဘူးမှတ်လို့ အခုထိ ဖုံးနေတာ ဆောသီရေ"

"ဟုတ်ပါ့၊ သူဌေးယောက္ခမ တော်ရမယ့်သူကများ"

"သူဌေးယောက္ခမ"

ယုက လိုက်ရွေ့တ်ရင်း ပဟေဠိအဖြေညှိသလို ဦးထွန်းလူ ကို လှည့်ကြည့်သည်။ မပတ်သက်သော အကြောင်းအရာတွေပေ မယ့် တစ်ဖက်က အပိုင်ကြီးပြောနေတာကြောင့် ဦးထွန်းလူလည်း စိတ်ဝင်တစားဖြစ်လာပြီး ဒီဘက် လှည့်ရပ်၏။ ဒေါ်ဇာဇာက မစားရ ခမန်းဆိုသော စကားနဲ့အညီ ဒါမျိုးဆို အရှိန်ကောင်းကောင်းနှင့် စကားဝိုင်းဖွဲ့ချင်သူဖြစ်သည်။

"ဟုတ်ပါ့၊ ကောင်လေးက ပြိုင်ကားအနီလေးနဲ့၊ ယုတို့ သမီးနဲ့ တွဲနေတာ နှစ်ခါရှိပြီ၊ မနက်ကတောင် ကားပေါ်ခေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



သွားသေးတယ်''

''အဲဒါတော့ ဟုတ်တယ် ယုရဲ့၊ ယုသာ ဒီအိမ်ကို အရောက်နည်းလို့ မသိတာ၊ ကေသီက နေ့တိုင်းလိုလိုရောက်နေတော့ ယုသမီးနဲ့ အဲဒီကောင်လေးတွဲပြီး ဟိုရှေ့ဆိုင်မှာ ထိုင်တာတောင် မြင်ဖူးနေတာ၊ ကောင်လေးက သူဌေးဆိုတော့ ယုတို့လည်း ချမ်းသာပြီပေါ့''

''ကောင်လေးက ကြင်နာပုံပဲ၊ ယု ဒါတွေ တကယ်မသိတာလား''

''အဲဒီလိုလည်း မဟုတ်ပါဘူး''

ကိုယ့်သမီးတစ်ယောက်လုံး ရည်းစားထားတာ အမေမသိဘဲ ပတ်ဝန်းကျင်က သိတာမျိုး အဖြစ်မခံနိုင်၍ ဒေါ်ယု ခေါင်းမညိတ်ခေါင်းမခါ အလိုက်သင့် ပြန်ပြောလိုက်ရပေမယ့် စိတ်ထဲကတော့ သိပ်မခံချင်။

ဟိုတလောက ပွပွနွေးနွေး ပြုံးသနားကို ဖျတ်ခနဲသတိရလိုက်တော့ ဒေါ်ယု တွေခနဲဖြစ်သွားသည်။

''ဘာပဲဖြစ်ဖြစ် ရှေ့နေကြီးနဲ့တွေ့ဖို့ တစ်နေ့ထက်တစ်နေ့ နီးလာတာ မင်းလည်းအသိ၊ သူ့အမှားက ကိုယ့်အမှားမဖြစ်စေနဲ့ ကိုထွန်းလူ''





ဖုန်းကိစ္စနှင့် ဒေါသဖြစ်နေသည့် ဦးထွန်းလူကို အဲဒီတုန်းက ဒေါ်ယုပဲ ကြိတ်သတိပေးခဲ့ရတာ ပြန်အမှတ်ရတော့ ဒေါ်ယုအကြည့်မှာက ဦးထွန်းလူရှိရာ ရောက်သွား၏။

သမီးမှာ ရည်းစားရှိနေပြီဆိုတော့ ဘာဆက်လုပ်ရမှန်းမသိဘဲ စိတ်ညစ်သွားကာ ယောက်ျားကိုလှမ်းကြည့်တော့ ဦးထွန်းလူက အံကြိတ်ရင်း မျက်နှာလွှဲသည်။

''ဒေါသမထွက်နဲ့ ကိုထွန်းလူ၊ ကလေးကိုလည်း သွားဆူမနေနဲ့ဦး၊ နားနဲ့မနာ ဖဝါးနဲ့နာပေါ့၊ ကျွန်မတို့လည်း ကလေးမကောင်းစားမယ့်အရေးဆိုတော့ ဘေးကကြည့်ရင်း တကယ်ဝမ်းသာတာ''

ဦးထွန်းလူရဲ့ မျက်နှာအမူအရာကိုကြည့်ပြီး ဒေါ်ကေသီက ပြုံးသိမ့်စကားဆိုသည်။

''ဟော..ပြောရင်းဆိုရင်း ဟိုမှာ လာနေတဲ့ကားပဲ''

ပြတင်းပေါက်ဘက် မျက်နှာမူထားသော ဒေါ်ဇာဇာက အံ့ချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားတော့ ဦးထွန်းလူတို့ အကြည့်တွေလည်း ထိုနေရာမှာ စုပြုံသွား၏။

''အဲဒီကားပဲ ယု၊ ဟိုမှာ ကြည့်လိုက်''

ဒေါ်ယုက ဦးထွန်းလူနားလျှောက်သွားရင်း ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့နေရသော လမ်းမပေါ် လှမ်းကြည့်သည်။ နေညိုညိုမှာ
ရောင်အမိုးဖွင့်မြင်းကားက ရွှေရောင်နေ့ာ တောက်နေသည်။
မြင့်မြင့်၊ ဆံပင်တွေစုစည်းထားတဲ့ ကောင်လေးက တစ်ဘက်
ကို အပြေးအလွှားဖွင့်ပေးတော့ ဆင်းလာတာ အသချော်။
ကားလည်းဖြစ်တာကြောင့် လူများစရာမလို၍ အားလုံးလ
ချစ်စရာကောင်းအောင် လိုက်ဖက်လှသော ချစ်သူစုံတွဲလေး
ငေးကြည့်နေကြသည့်အခိုက်မှာပဲ မြင်းကားနီနီလေးနောက်
ဖိတ်ဖိတ်တောက်နေသော အနက်ရောင်ကားကြီးက ကပ်ရပ်
သည်။ ကောင်လေးက အသချော်လက်ကိုဆွဲပြီး ကားနက်ကြီး
နောက်ခန်းတံခါး ဖွင့်ထိုင်နိုင်းပုံက တယုတယ။

"ဒီကားက အိမ်ကနေ အသချော်ကို အကြိုအပို့လုပ်
တဲ့ကား မဟုတ်လား ကိုထွန်းလူ"

"အေး"

ခေါင်းညိတ်သော ဦးထွန်းလူမျက်နှာမှာ ဒေါသ
တွေ့ရတော့ ဒေါ်ယု သက်ပြင်းချလိုက်၏။

"တွေ့တယ်မဟုတ်လား ယု၊ ကောင်လေးက ယုသမီး
ကို တော်တော်ချစ်တာ မြင်လား၊ ကိုထွန်းလူက ဖအေဆိုပြီး ဒေါသ



...သမယ့် ကိုယ့်သမီး တင့်တင့်တယ်တယ်ဖြစ်မယ့်ကိစ္စပဲဆို
...ထွက်နေတဲ့ဒေါသကို သမီးမျက်နှာထောက်ပြီး ပြန်သိမ်းထား

ဖြစ်ရလေ။ တင့်တင့်တယ်တယ် ဖြစ်မယ်ဆိုတိုင်း မိဘ
...တဲ့လူတွေက ခေါင်းညိတ်ထိုင်ကြည့်နေရမလား။ တစ်နေ့
...လာမှာသိလို့ သတိပေးထားရက်နဲ့ အသချော်ကို ဒေါသ
...သည်။

"အဲဒါ မင်းအသုံးမကျလို့ ယု"

"အို…ကျွန်မကိုချည်း အပြစ်တင်နေလို့ရမလား၊ ဒီကိစ္စ
...ရှင်လည်းဆိုင်တာပဲ"

"သူ့ကောင် ဘာဖြစ်ဖြစ် အဆက်ဖြတ်လို့ပြောလိုက်၊
...ရရင် လူမော်နဲ့ ချက်ချင်းလက်ထပ်ပေးလိုက်"

"ပြောတော့လွယ်လိုက်တာ၊ ရှင့်သားကိုက မိဘစကား
...ထောင်တာ ထည့်ပြောဦး"

လင်မယားနှစ်ယောက် ဘာစကားမှမပြောနိုင်ဘဲ အကြာ
... ငြိမ်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မင်း စိတ်ထင်တိုင်း လျှောက်မလုပ်နဲ့နော် ထင်တိုင်းကြဲ၊ ဘာပဲဖြစ်ဖြစ် မင်းမထိန်းနိုင်ရင် ဆရာမကိုပဲ ထိမှာ"

"ငါ သိတယ်"

ထင်တိုင်းကြဲ ကားတံခါးပိတ်ရင်း ကျွတ်ဆတ်ဆတ်အသံနှင့် ပြန်ဖြေသည်။ အသချေ ဘာဖြစ်နေတာလဲ၊ ဘာကြောင့်လဲ ဆိုသည့် မေးခွန်းတွေက ထင်တိုင်းကြဲ နှလုံးသားကို လက်ကြ... ကြီးနှင့် ဖျစ်ညှစ်ဆုပ်ချေနေသည်။ သူတို့နှစ်ယောက်ကြား... ပြဿနာတွေ အားလုံးရှင်းပြီလို့ ငြိမ်းချမ်းသွားပြီထင်ပြီး... အသချေ စာလာမသင်တာ ဒီနေ့နဲ့ဆို သုံးရက်မြောက်နေ့ဖြစ်သည်...





...မတစ်ရက် မလာတုန်းက သူမှာ ပေါ်တီကိုအောက်ကတောင် ...ခွင့်မနေနိုင်။ ခြံဝအုတ်ခုံအထိ လည်ပင်းရှည်နေခဲ့တာ။ သွားကြည့်ကား ပြန်လာတော့ အသချေ မပါဘဲ အဘသာပဲ ဆင်း...လာသည်။

"ဆရာမ နေမကောင်းလို့ ခွင့်နှစ်ရက်ယူတယ်တဲ့ ...လေး"

"နေမကောင်းတာက ဖြုန်းစားကြီးပါလား ထင်တိုင်းကြဲ"

"အေးလေ...မနေ့ကပဲ အကောင်းကြီး၊ မင်းပြန်လိုက်...တော့ရော အဆင်ပြေတယ်မဟုတ်လား"

မေးခွန်းကိုယ်စီထုတ်လာတဲ့ ငုံးဥတို့ကို သူ ခေါင်းပဲ ညိတ်ပြရသည်။

"အားလုံးအိုကေတယ်ကွ၊ အခုမှ ဘာဖြစ်မှန်းမသိတာ"

"မင်းကို စိတ်ကောက်တာလား"

"ညက ဖုန်းပြောတော့လည်း အေးဆေးပါပဲ၊ သူ စိတ်...ကောက်ရင် ငါသိမှာပေါ့"

"အဲဒါဆို သေချာတယ် ထင်တိုင်းကြဲ၊ မင်း မနေ့က...



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရှေ့ ကြေညာလိုက်တာကို ရှက်ပြီး မလာတော့
ဖြစ်မယ်''

ဒါလည်း သူလက်ခံသည်။ ထင်တိုင်းကြဲဘ
အဆင့်တွေကျော်ထွက်သွားခဲ့တာ သူ့အမှား။ ထိုနေ့ အဖြစ်
မှာ အသချော်က သူ့မျက်နှာရဲရဲမကြည့်ဝံ့ဘဲ ဖြစ်နေတာ သူ
ဆုံး။ အဲဒီလိုဖြစ်နေတာကိုပဲ သူက သဘောတကျကျနှင့်
ရင်း ချစ်နေမိတာ သူပဲ သိသည်။

''ကိုယ့်ကိုစိတ်ဆိုးလား အသချော်''

''ထင်တိုင်းကြဲပြီး လုပ်ချင်တာလုပ်၊ ပြောချင်ရာ
တာ ကောင်းတဲ့အလုပ်လား''

''ချစ်တာကိုကျတော့ ထည့်မပြောတော့ဘူးလား''

''ထင်တိုင်းကြဲက တကယ့်ဖွတ်တရွတ်ပဲ''

''ပြောစကား နားမထောင်ရင် ဒီထက် ဖွတ်တရွ
ဖို့တွေ ရှိသေးတယ် သိလား၊ အသာတကြည်တောင်းလို့မှ
ရင် ဓားထောက်ပြီး လုရင် လုရမှာပဲ''

''တခြားမိန်းကလေးတွေကိုရော ဒီလိုပဲ ခြိမ်းခြော
တာလား''





''ဟင့်အင်း…အသချော် တစ်ယောက်တည်းကို၊ ကိုယ်
တကယ်ချစ်တာ အသချော်၊ ကိုယ့်ကိုယ်ကိုအံ့ဩပြီး မယုံနိုင်တဲ့
အထိ အသချော်ကို ချစ်နေတာ''

''စိတ်ညစ်တယ် ထင်တိုင်းကြဲရယ်''

''ကိုယ့်ကို ပြန်ချစ်ဖို့လား''

''အင်း…ဘဝချင်းက မတူဘူးလေ''

''တူသွားအောင် ကိုယ့်ကိုလက်ထပ်လိုက်''

''ဟွန်း…သိပ်နစ်နာနေဦးမယ်''

''အချစ်အတွက်ပဲ၊ အနစ်နာခံသင့် ခံရမှာပေါ့''

''မုန်းစရာကောင်းတဲ့လူ''

ချစ်စရာကောင်းသော မျက်နှာလေးကို သူ စိုက်ကြည့်
ခဲ့သည်။

ညကတည်းက ခေါ်မရသော အသချော်ဖုန်းက ဒီမနက်
အထိ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ဆဲ။ အကြိုထောက်သော
ကား ပြန်လာတော့လည်း မျှော်သူ ပါမလာ။

''ဆရာမ စာလာမသင်နိုင်တော့ဘူးဆိုပြီး သူ့အမေ
ကိုယ်တိုင် ထွက်ပြောလိုက်တာပဲ လူလေး၊ ဆရာမလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင်တောင် မတွေ့ခဲ့ဘူး''

အဘသာ စကားအဆုံးမှာ ကားပေါ်တက်ပြီး ထင်တိုင်း
ကြဲ ကမူးရှူးထိုး သူ ထွက်လာခဲ့သည်။ ထင်တိုင်းကြဲ
ရာဇဝင်တွင်အောင် စိတ်နောက်ကိုယ်ပါခဲ့သူမို့ သူမ နေထိုင်
ဆိုသော ခြကြီးရှေ့ ရောက်လာခဲ့သည်။ ခြံဆိုပြီး ဝင်းတွေ
ခတ်ထားတာမျိုးမဟုတ်။ စည်းရိုးအဖြစ် သစ်ကြီးဝါးကြီးတွေ
အုပ်အုပ်ဆိုင်းဆိုင်း။ လှုဝင်ပေါက်က ခပ်ကျဉ်းကျဉ်းမှာ သဲ
မို့ ကားဝင်လို့မရ။

ထင်တိုင်းကြဲက ခြံကြီးထဲ ခြေစချတာနှင့် လမ်း
တစ်ဖက်တစ်ချက်ရှိ အိမ်သေးသေးလေးတွေထဲမှ လူတွေ
ခေါင်းပြူထွက်လာကာ ထင်တိုင်းကြဲကို မသိမသာ ကြည့်
တာလည်းရှိသလို သိသိသာသာလည်း ကြည့်သည်။ က
နေသော ကလေးတွေက ကစားတာရပ်ပြီး သိသိသာသာ ငေး
တာလည်းရှိ၏။ ဘယ်ဟာ အိမ်ရှေ့၊ ဘယ်ဟာ အိမ်နောက်မှန်း
အောင် မြေကြီးပေါ် အုတ်ခဲသုံးလုံးချ၊ သစ်ကိုင်းခြောက်တွေ
မီးတောက်စေလျက် မီးနိုးငွေ့တလူလူကြားက မီးဖိုချောင်တွေ
လည်း အစီအရီ။ ခြံဝိုင်းအလယ်မှာတော့ မော်တာတပ် ကျော





ရေချ ရေတွင်းရှိပြီး မိန်းမတချို့ အဝတ်ထိုင်လျှော်ကာ ကလေး
တွေက ဒီတိုင်းရေချိုးနေကြပုံက ကမ္ဘာခြားတစ်ခုသို့ သူတို့ရောက်
သွားသလို ဖြစ်နေ၏။

''ခြံကြီးရဲ့ ဟိုးအတွင်းပိုင်းမှာ ရေနံချေးဝနေတဲ့ ပျဉ်
ထောင်အိမ်ကြီးတစ်လုံးတည်းရှိတယ်၊ အဲဒါ ဆရာမအိမ်''

အဘသာ ညွှန်လိုက်သော အိမ်ကြီးကို ထင်တိုင်းကြဲ
တွေ့နေရပြီ။ မြန်မြန်ရောက်ချင်စောနှင့် ခြေလှမ်းကို အရှိန်မြှင့်
လိုက်ကာမှ အိမ်ကြီးပေါ်မှဆင်းလာသော ပိန်ပိန်ပါးပါး အမျိုးသမီး
ကြီးနှင့် မျက်နှာချင်းဆိုင်မိသည်။

''ဘယ်ကိုလာတာလဲကွဲ့''

အမျိုးသမီးကြီးက ထင်တိုင်းကြဲတို့ သုံးယောက်စလုံး
ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မေးသည်။ ထင်တိုင်းကြဲက
အမျိုးသမီးကြီးနောက်က အိမ်ကြီးဆီ လည်ပင်းရှည်ကြည့်တာ
အသင်္ချေ အရိပ်လေး မြင်ရနိုး မျှော်လင့်ချက်နဲ့ဖြစ်ပြီး မတွေ့ရတော့
စိတ်အားလျော့ကာ လူကပုံကျတော့မတတ် ချက်ချင်း။ ဒေါ်ယုက
အကဲမရသော ဒီသုံးယောက်ထဲက ထင်တိုင်းကြဲကို မြင်ဖူးပြီးသား
မို့ မျက်နှာကို တမင်တင်းထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ဒီမှာ၊ ဘာကိစ္စလဲလို့ မေးနေတယ်လေ"

"ဟို…ဒီလိုပါခင်ဗျ"

လပြည့်က ထင်တိုင်းကြဲကျောပြင်ကို တံတောင်နှ

တွတ်ရင်း

"ကျွန်တော်တို့ကို ဒီအိမ်က ဆရာမက စာသင်ပေး

တာပါ၊ အဲဒါ ဆရာမ စာလာမသင်နိုင်တော့ဘူးဆိုတော့‥ဟို–

ကျွန်တော်တို့အပေါ် ဘာများမကျေနပ်တာရှိလဲဆိုပြီး"

"သူ့ရဲ့ မကျေနပ်ခြင်း၊ ကျေနပ်ခြင်းက မင်းတို့

စာသင်တာ မသင်တာနဲ့ ဘာမှမဆိုင်ဘူးကွ"

"ခင်ဗျာ"

"ငါက အသချေ်ရဲ့အမေ"

"အခုချိန်ကစပြီး အသချေ်ကို အလုပ်က ထုတ်လိုက်

ပြီ၊ မင်းတို့လာလည်း အပိုပဲ၊ ကဲ…ပြန်ကြတော့"

ငုံးဥနှင့် လပြည့်က ထင်တိုင်းကြဲမျက်နှာကို လှမ်းကြည့်

သည်။ ထင်တိုင်းကြဲ မျက်နှာက ခပ်တည်တည်။

"ရပါတယ်၊ ကျွန်တော်တို့လည်း အသချေ် ကျက်ပေး

ထားလို့ စာတွေအားလုံး ရပြီးသားပါ၊ သူ အလုပ်ထွက်လိုက်ပြ





ဆိုလည်း ပြီးပြီပေါ့၊ သွားလိုက်ပါဦးမယ်"

ထင်တိုင်းကြဲက အသချေ်အမေကို ပြေလည်စွာနှုတ်ဆက်

ပြီး ကျောခိုင်းတော့ ငုံးဥရော လပြည့်ပါ အံ့သြခြင်းတွေနှင့်ကြည့်

ပြီး နောက်ကပါလာသည်။

"အဘွားကြီးကိုကြည့်ရတာ မင်းတို့အကြောင်း သိနေ

သလိုပဲကွ ထင်တိုင်းကြဲ"

"အေးကွ…ဒါကြောင့် သူ့သမီးကို အလုပ်ကထုတ်

လိုက်တာနေမှာ၊ မင်းလိုလူနဲ့တောင် သဘောမတူဘူးဆိုတော့ သူ့

သမီးကို ဘယ်လိုလူနဲ့မှ သဘောတူမှာလဲ မသိဘူး"

"အကြောင်းတော့ရှိမယ်ကွ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ထင်တိုင်းကြဲကိုယ်တိုင်လည်း ငုံးဥတို့တွေးသလို တွေး

ပြီးသားပါ။ ချစ်သူအိမ်အထိ ရောက်ပြီးမှ ချစ်သူမျက်နှာလေးကို

ပင် မြင်ခွင့်မရဘဲ ပြန်သွားရမှ အသချေ်မျက်နှာလေးကို ပိုတွေ့

ပိုမြင်ချင်နေမိသည်။ လွမ်းတယ် အသချေ်ရယ်။ မင်းရော ကိုယ့်လိုပဲ

ခံစားနေရမလား။ ကိုယ့်ကို မင်း မမုန်းဘူးဆိုတာ မင်းမျက်လုံး

တွေက ပြောနေတယ်။

မင်း…ကိုယ့်ကို ချစ်တယ်တဲ့။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

အားပါးတရ နံပါတ်တွေနှိပ်သည်။ မျှော်လင့်တကြီး နားနားကပ် နားစွင့်ပေမယ့် စက်ပိတ်ထားပါသည်ဆိုသည့် တုံ့ပြန်ချက်မှတစ်ပါး တခြားမရှိ။

"တောက်"

"ကဲကွာ"

"ဝုန်း"

"ခွမ်း"

"ခွမ်း"

"ဟာ"





ထင်တိုင်းကြဲရင်ထဲက ခံစားချက်က ဒေါသအဖြစ်အသွင်ပြောင်းသွားပြီး လက်ထဲကိုင်ထားသော ဖုန်းက စားစာခံအဖြစ် လေထဲ ဝိုးခနဲအသံပေးပြီး လွတ်ထွက်သွားချိန်မှာ နံရံနှင့် ဆုံပြင်းပြင်းထိပြီး တစ်စစီဖြစ်သွားသည်။

"ဘယ်လိုလုပ်လိုက်တာလဲကွာ၊ နမြောစရာ"

"အေးလေ...ဒီကောင့်ဒေါသ ကြောက်စရာ"

ငှးဥက ပြောလည်းပြော နံရံနှင့်ထိမှန်ပြီး တစ်စစီဖြစ်နေသည့် ဖုန်းကို လိုက်ကောက်ပြီး အသင့်ရှိနေသည့် ဟန်းဆက် အသစ်ထဲ လဲထည့်သည်။

"မင်းလုပ်တာနဲ့ ဆိုင်တွေ မီလျှံမှာဖြစ်ကုန်တော့မယ်"

"ဖြစ်ဖြစ်ကွာ၊ ငါ့ရင်ထဲ ဘယ်လောက်ခံစားနေရလဲဆိုတာ ငါပဲသိတယ်၊ အသချေကို လွမ်းလှပြီ"

"ဖြစ်ရမယ် မင်းကတော့"

ထင်တိုင်းကြဲက ဆိုဖာပေါ် ခပ်လျောလျောထိုင်ရင်း ကျောမှီမှာ ခေါင်းမှေတင်သည်။ အသချေနှင့် မတွေ့ရတဲ့ ရက်ပိုင်းအတွင်း မုတ်ဆိတ် ပါးသိုင်းမွေးတွေ ဗရပွ။ ထင်တိုင်းကြဲပုံစံက အသည်းကွဲနေတဲ့ လူတစ်ယောက်ဆိုတာ ပြောစရာမလိုဘဲ လူမြင်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် ကြေညာစရာမလိုအောင် သိသာထင်ရှားသည့် ပုံစံမျိုးဖြစ်သည်။ ခြေချောင်းကို မှန်စားပွဲပေါ် ခပ်လျောလျောတင်ကာ ပေါက်ခွဲခဲ့ သော ဖုန်းခွံတွေကို ပြန်မြင်ယောင်ရင်း ဒေါသက နောက်တစ်ဖန် ရှန်းကြွလာပြန်၏။

"ကျွတ်…ကွာ၊ ဆက်သွယ်လို့ လုံးဝမရဘူးဆိုတာ အဓိပ္ပာယ်ကိုမရှိဘူး၊ အဲဒီ အမေပါဆိုတဲ့ မိန်းမကြီးကိုလည်း ငါ မယုံဘူး၊ အသချေ တစ်ခုခုဖြစ်နေတာ သေချာတယ်ကွာ၊ ငါ စိတ်ပူတာ သူ ဘာ့ခတ္တဖြစ်နေပြီလဲဆိုတာပဲ"

"သား"

"ဒယ်ဒီ"

ညှော်ခန်းဝမှာ ဦးတိုင်းကျော် အရိပ်ထင်လာ၍ ဆိုဖာတွေပေါ် ခြေပစ်လက်ပစ်ထိုင်နေသော ငုံးဥနှင့် လပြည့်က နေရာပြင်ထိုင်သည်။ ထင်တိုင်းကြွက ခြေဆင်းထားတာကို ရုတ်ပေးသည်မှအပ ဒီအတိုင်း ထိုင်နေ၏။ ဦးတိုင်းကျော်က ညှော်ခန်းထဲ လျှောက်ဝင်လာပြီး ထင်တိုင်းကြွ ဆိုဖာဘေးနားထိ လျှောက်သွားသည်။

"ရှေ့တစ်ပတ်ထဲ စာမေးပွဲက လာတော့မယ် သား၊





ယ်ဒီ ဖိအားပေးတာမဟုတ်ဘူးနော်၊ မင်း တစ်နှစ်လုံး ကြိုးစား ားပြီးမှတော့ အရာထင်စေချင်တယ်၊ ကလေးမလေးရဲ့ စေတနာ ကို အသိအမှတ်ပြုရင်ပေါ့ကွ၊ ကြိုးစားလိုက်စမ်းပါ၊ စာမေးပွဲပြီး ာနဲ့ သား စိတ်တိုင်းကျဖြစ်အောင် ဒယ်ဒီ လုံးဝတာဝန်ယူတယ်၊ ယ်လိုလဲ"

"နေပါစေတော့ ဒယ်ဒီ"

"ဘာဖြစ်လို့လဲ သား"

"ဒီနှစ် ဆယ်တန်းဖြေချင်မှ ဖြေဖြစ်တော့မှာ"

"မဟုတ်တာကွာ၊ ဘာဖြစ်လို့ လွယ်လွယ်နဲ့ လက်လျှော့ ချင်ရတာလဲ"

"ဆယ်တန်းအောင်ဖို့က ကျွန်တော်နဲ့ ရေစက်မခွဲ့ဘူး ဆင်ပါရဲ့ ဒယ်ဒီရာ"

"မဟုတ်သေးဘူးလေ သား၊ မင်းက ခေါင်းမာလွန်း ာကိုကွ၊ အသချေကို ချစ်တယ်ဆို"

"ချစ်တယ်"

"ချစ်ရင် သူ့စကား နားထောင်ရမှာပေါ့"

ဒယ်ဒီပြောတာ မှန်နေပေမယ့် သူ့ ဘာမှမပြောဘဲ ငြိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လုပ်ချင်ပြီဟော့ဆိုရင် ဓားတောင်တွေ မီးပင်လယ်တွေကို ကျော်လွှားသွားမှာပေမယ့် မလုပ်ချင်ပါဘူးလို့ ခေါင်းခါပြီး သားကို သေနတ်ထောက်ခိုင်းလည်း ကျည်ဆန်သာပစ်သွင်းတော့ ဆိုပြီး တောင်းဆိုမည့်လူသားမျိုး။ ဦးတိုင်းကျော်က လူ့သူငယ် သက်ပြင်းရှိုက်ရင်း သားကို ဘယ်လိုဖြည့်ဆည်းပေးရမလဲဆိုတာ စဉ်းစားဆဲမှာပဲ ငုံးဥလက်ထဲကိုင်ထားသည့် ဖုန်းထဲ မက်ဆေ့(ခ်ျ) ဝင်ကြောင်း အချက်ပြသံ မြည်လာသည်။

"ဟာ…ဆရာမဆီကကွ"

"ဟော့ကောင်…ဆရာမဆီက စာဝင်လာတာ"

"ရှော…မင်းဖုန်း"

ထင်တိုင်းကြဲကိုယ်ကြီး ချက်ချင်းကြွတက်သွားသည်။ ငုံးဥ လှမ်းပစ်ပေးသော ဖုန်းကို ထင်တိုင်းကြဲ တယုတယ လှမ်းဖမ်းရင်း စာကို အလျင်စလိုဖတ်သည်။

"စာကျက်နော်၊ စာမေးပွဲကို ကောင်းကောင်းဖြေ၊ အသချေ စာထပ်ပို့မယ်"

အားလုံးအကြည့်တွေက ထင်တိုင်းကြဲမျက်နှာမှာ စူးစိုက်နေကြသည်။





"သား"

"သား စာသွားကျက်မယ် ဒယ်ဒီ"

ထင်တိုင်းကြဲ ဆတ်ခနဲ ထရပ်ကာ လက်နှစ်ဖက်မြှောက် …ကြာတွေ ဘာတွေ ဆန့်ပြီးမှ ဦးတိုင်းကျော်ဝမ်းဗိုက်ဆီ လက်သီး …ချက် ဖွဖွပြေးဝင်လာ၏။

"ဆယ်တန်းအောင်ဖို့ကံ ပြန်စပ်လာပြီ ဒယ်ဒီ"

သားဖြစ်သူရဲ့ ပြောင်းလဲခြင်းများကိုကြည့်ရင်း ဦးတိုင်း …ကျော် အသံတိတ်ရေရွတ်သည်။

"မင်းပဲ အမျိုးမျိုး"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ငိုရလွန်းလို့ မောနေ၏။ နောက်ထပ်ကျစရာ မျက်ရည်[illegible] မကျန်တော့ဟုထင်ပေမယ့် အသချော်ပါးပြင်ပေါ် မျက်ရည်[illegible] ကြီးတွေက အဆက်မပြတ် ဆက်၍စီးကျနေမြဲဖြစ်သည်။

အသချော်ရင်ထဲ နာနေတာက ကိုကြီးလူမော်နဲ့ အသ[illegible] ကို ဖွတ်အတင်း လက်ထပ်ပေးချင်နေသည့် မိဘနှစ်ပါး[illegible] သည်။

"အစကတည်းက မဖြစ်နိုင်ဘူးလို့ ပြောထားပြီးသား[illegible] ဗျာ၊ အသချော်ကို ညီမလေးလိုပဲ ချစ်တယ်၊ ပြီးတော့ ကျွန်[illegible] မှာ ချစ်သူရှိပြီးသား"





"အဲဒါ ငါတို့က ဘာလုပ်ရမှာလဲ လူမော်၊ ရည်းစား ဆိုတာ လူတိုင်းရှိတာပဲ၊ ဆန်းလို့လား၊ မင်း အသချော်ကို ယူရ မယ်၊ မယူလို့မရဘူး၊ အသချော်ကို မင်းမယူရင် ငါတို့အားလုံး ဒီမြေပေါ်မှာတောင် ခြေချခွင့်ရမှာမဟုတ်ဘူး၊ အခုဆင်းပြေးရမှာ လည်းလား"

"အမေ ဘာတွေပြောနေတာလဲ"

"ဘာပြောရမှာလဲ၊ အခု အမေတို့နေတဲ့ မြေအပါအဝင် ဒီခြံကျယ်ကြီးအဆုံး အားလုံးကိုပိုင်တာ အသချော်ပဲ"

"ဗျာ…ဘယ်လို"

"အစကတည်းက အမေတို့က ဘာပိုင်ဆိုင်မှုမှရှိတာ မဟုတ်ဘူး လူမော်၊ အသချော်ကို ကျွေးမွေးပြုစုပေးရလို့ ဒီနေရာမှာ နေခွင့် စားခွင့်ပေးထားတာ၊ မင်း အသချော်ကို မယူချင်ရင် ငါတို့ ဘယ်မှာနေရမလဲဆိုတာ မင်းပဲ စီစဉ်တော့"

"အမေ"

လူမော်က အမေဖြစ်သူကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ သဖြင့် စိတ်ရှုပ်စွာ မျက်မှောင်တွန့်နေသည်။ လက်တွေ့မှာ ငွေရေး ကြေးရေးကိစ္စက ထင်သလောက်မလွယ်တာ အားလုံးသိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သားမို့ လက်ရှိ အိမ်ပေါ်ကဆင်းပြီး တခြားနေရာသစ် သွား... ဆိုတာ ဒီနေ့ အိမ်ငှားဈေး၊ မြေငှားဈေးနှင့် ရသည့်လခက စဉ်း... မစဉ်းစားရဲသော အနေအထားမှာ လှမော် ရင်မောသွားသည်။

"ဘယ်မြေဈေးကိုပဲကြည့်ကြည့် သိန်းရာချီနေတာ လူ... ဒီလိုနေရာဆို သိန်းထောင်ချီတန်တာမျိုး၊ ဒီဘဝ မင်းလိုပုံစံမျိုး... မြေပိုင်နဲ့နေဖို့ဆိုတာ စိတ်ကူးယဉ်လို့တောင် ရတာမဟုတ်ဘူး"

"အတွေးမလွဲနဲ့ သားကြီး၊ အသချော်လေးကို သားအ... ရရင် အမေတို့မိသားစု ဒီတစ်သက် ဆင်းရဲတွင်းနက်စရာမရှိ... သူပိုင်တဲ့မြေတွေကို ရောင်းစားလိုက်ရုံနဲ့တင် အဆင်ပြေပြီ သား"

ဒေါ်ယုက သူ့တွက်ကိန်းနှင့်သူ ဟုံတံနေပေမယ့် လှ... ကတော့ အမေ့စကားနားထောင်ပြီး အာရုံတွေ နောက်နေ၏။

"မဟုတ်သေးပါဘူး အမေရာ၊ ဒီကိစ္စ မဖြစ်နိုင်ပါဘူး"

"ဒါဆိုလည်း ဒီအိမ်ပေါ်က ဆင်းပေးကြရုံပေါ့"

"အသချော်ကို သူ့အဘိုးရဲ့ရှေ့နေက ခေါ်နေပြီ၊ ဒီပိုင်ဆိုင်... မှုတွေအားလုံးက အသချော်နာမည်နဲ့ ထားတာ၊ တခြားပိုင်ဆိုင်... တွေကလည်း အများကြီး"

"အဘိုးကြီးက သူ့သမီးကိုကြောက်ပြီး အသချော်ကို မ...





...တနဲ့ အမေတို့ကိုပေးပြီး မွေးစားခိုင်းခဲ့တာ၊ အသချော်က သူ့သမီး ...ယ်မရဲ့သမီး၊ သူ့သမီးက အိမ်က ဒရိုင်ဘာနဲ့လိုက်ပြေးလို့ အမွေ ...တ်စွန့်ပစ်ပြီးမှ အသချော်လေးကိုမွေးပြီး လင်မယားနှစ်ယောက် ...အက်ဆီးဒင့်နဲ့ ဆုံးသွားတာ"

"အခု သူ့သမီးကြီးလည်း သေပြီ၊ တခြားမြေးတွေကို ...သင့်သလောက်လည်း ပေးပြီးပြီဆိုတော့ ရှေ့နေကြီးကတစ်ဆင့် ...သချော်ကို ခေါ်ခိုင်းနေပြီ၊ မင်းသာ အသချော်ကို လက်ထပ်ရင်…"

"အမေတို့က ငွေမျက်နှာတစ်ခုတည်း ကြည့်တာကိုးဗျ၊ ...သချော်ရင်ထဲက ခံစားချက်ကို ထည့်မတွက်တော့ဘူးလား"

"အိုး…ဘာထည့်တွက်စရာမလိုလို့လဲ၊ တစ်သက်လုံး ...အရွယ်ရောက်အောင် ကျွေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးကို ...ည်း ထည့်တွက်ဦး"

"မင်းကို သူ လက်ထပ်ကို ထပ်သင့်တာ"

ဒေါ်ယုက တစ်ဖက်သတ် စီရင်ချက်တွေပေးနေပေမယ့် ...မော်က မလှုပ်။ အခုလောက်ဆို အသချော် ဘယ်လောက်စိတ် ...င်းရဲ့နေရှာမလဲဆိုတာကိုသာ စဉ်းစားနေမိသည်။

"ဘာပဲဖြစ်ဖြစ် အမေတို့ အသချော်ကို အခုလို အနေ...



www.burmeseclassic.com

www.burmeseclassic.com



တံခါး ဖိတ်မထားသင့်ပါဘူးဗျာ၊ သူ့ခမျာ ဘယ်လောက်စိတ်ဆင်း[illegible] နေရှာမလဲ"

"အမလေး…မင်းချည်း သနားတတ်တာ မဟုတ်ပါဘူး လှမော်ရဲ့၊ ငါလည်း အမေပါ၊ သူ့ကို သနားတာပေါ့၊ ဒီလိုမှမလုပ်[illegible] ရင် ငါတို့ဘက်ကိုလည်းကြည့်ဦး၊ သူက ဟိုကောင်လေးနဲ့ယူပြီး ရင် သူရမယ့်အမွေတွေနဲ့ ငါတို့ကို လှည့်ကြည့်မှာမဟုတ်ဘူး သိလား"

"အသချို့ ဒီလောက်မဆိုးပါဘူးဗျာ"

"အေး…မင်းဘာပြောပြော ငါကတော့ ငါမှန်တယ်ထင် တာလုပ်မှာပဲ၊ မင်းလည်း မင်းကြိုက်သလိုသာ လုပ်တော့"

သားဖြစ်သူကို ပြောမရ၍ ဒေါ်ယု ဝုန်းဒိုင်းကြဲပြီး နေရာ က ထွက်သွားတော့ လှမော် သက်ပြင်းချလိုက်သည်။

အခြေအနေက တင်းမာခက်ထန်မှုတွေနှင့်အတူ ပြတ်သား ရဲရင့်စွာ ဆုံးဖြတ်ရမည့် အခြေအနေ။ လှမော် တစ်ခုခုလုပ်မှဖြစ် တော့မည်။

သူ့ဓတွဝေနေလို့မဖြစ်။ သူ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ နေရာက သူ ဝုန်းခနဲ ထရပ်လိုက်ပြီး အသချို့ကို သော့ပိတ်ထား





[illegible]ည့် အခန်းတံခါးရှေ့မှာ ရပ်လိုက်တော့ လက်ထဲက သော့ဖြင့် [illegible]ခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"အသချို့"

"ဟင်…ကိုကြီး"

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

"မြေနိုင်တယ်မဟုတ်လား သား"

"ဟုတ်ကဲ့…ဒီနှစ်တော့ အောင်ပါတယ် ဒယ်ဒီ"

နားတစ်ဖက်မှာ ဖုန်းတစ်လုံး ကပ်ပြောနေပြီး ကျ…
လက်တစ်ဖက် နောက်ဖုန်းတစ်လုံးကို အကြည့်မခွာဘဲရှိနေသ…
ထင်တိုင်းကြဲ။ ဘယ်သူ့ဆီကဖုန်းကို စောင့်နေလဲ၊ ဘာခံစားနေ…
ဆိုတာ သူငယ်ချင်းနှစ်ယောက်စလုံး သိကြသည်။ အသချေ…
ဖုန်းမက်ဆေ့(ချ်)က အခုထိ မလာသေးတော့ အားလုံး ရင်…
နေ၏။

"ဒယ်ဒီ ခရီးသွားစရာရှိတယ် သား"



"ဒယ်ဒီ သွားစရာရှိတာသွားပါ၊ ကျွန်တော့်အတွက် စိတ်ချ၊ ဘာမှမပူနဲ့ ဒယ်ဒီ၊ အားလုံးအဆင်ပြေတယ်"

ဒါ ဒယ်ဒီ ခရီးထွက်ခါနီးတိုင်း ထင်တိုင်းကြဲကို မေးနေကျစကားဖြစ်သည်။ ထင်တိုင်းကြဲက မသွားနှင့်ဆိုလျှင် ဒယ်ဒီက မသွား။ ဒါ ဟိုကတည်းက ထင်တိုင်းကြဲတို့သားအဖ နှစ်ယောက်ကြားကဆက်ဆံရေး၊ ချစ်ခြင်းမေတ္တာဖြစ်သည်။

"သားအဖနှစ်ယောက်တည်း ရှိတာကွ၊ ဒီနှစ်ယောက်မှ နောက်ဆံမတင်းရင် ဘယ်သူ့သွားတင်းမလဲ၊ ပြီးတော့ အိမ်မှာ စိတ်မချရတဲ့လူတွေ ရှိသေးတယ်ကွ"

ဒယ်ဒီပြောတိုင်း အဲဒီစိတ်မချရတဲ့လူတွေက ဒယ်ဒီကြောင့် လို့ သူ တစ်ခါမှ အပြစ်မမြင်ခဲ့ဖူးပါ။ ဒီအကြောင်းတရားတွေက ဖြစ်ချင်လို့ ဖြစ်ခဲ့ရတာမှ မဟုတ်မှန်း ထင်တိုင်းကြဲကိုယ်တိုင် သိထားပြီးဖြစ်သည်။

"ကျွန်တော့်အတွက် စိတ်ချပါ ဒယ်ဒီ"

"အေး…ပြီးတာပဲ၊ ဒယ်ဒီက ဒီကလုပ်ငန်းတွေလှေလား ဖို့နဲ့ ဖက်စပ်လုပ်ဖို့အတွက် သဘောတူစာချုပ် ချုပ်ဖို့ရှိတယ်၊ မကြာ ဘူးဆိုရင်တောင် တစ်လလောက်တော့ နေရဦးမယ်၊ ဒယ်ဒီ…ချင်

www.burmeseclassic.com

www.burmeseclassic.com



တာ ကုမ္ပဏီကို ဒီတိုင်း ပစ်မထားဖို့"

"ကြည့်ရှုပေးလို့တော့ ရပါတယ်၊ အဲဒီထက်ပိုတဲ့ **စီမံ**ခွင့်ကျတော့…"

"ဦးတိုင်းကျော်ရဲ့သားက မင်းတစ်ယောက်တည်းရှိတာ ထင်တိုင်းကြဲ၊ မင်း ဆုံးဖြတ်သင့်တာ ဆုံးဖြတ်လည်း ရတယ်"

"ဒယ်ဒီယုံတယ်ဆိုရင် ပြီးတာပါပဲ"

"ဒယ်ဒီ့သား ဒယ်ဒီယုံတယ်၊ စိတ်ချတယ်၊ ဦးတိုင်းကျော်သား ဖအေထက် မညံ့ဘူးဆိုတာ အားလုံးသိပြီးသား၊ အခုချိန်က စပြီး ဒယ်ဒီပိုင်ကုမ္ပဏီကို သားလက်ထဲအပ်လိုက်ပြီ ထင်တိုင်းကြဲ"

"သင့်ခ်ယူး ဒယ်ဒီ၊ ဒယ်ဒီ စိတ်ညစ်ရမယ့်သားမျိုး မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးတယ်"

"ဟုတ်ပြီ…ဒါမှ ဒယ်ဒီ့သား၊ မင်းရဲ့ ထင်တိုင်းကြဲချင်တဲ့စိတ်တွေကို ကုမ္ပဏီမှာ အကျိုးရှိရှိအသုံးချလိုက်၊ ဒယ်ဒီပြောချင်တာ ဒါပဲ"

"ဟုတ်ကဲ့"

ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့။ ကိုယ်ဖြေဆိုထားသမျှ အားရကျေနပ်မှုအပြည့်ဖြစ်သဖြင့် ဒီနှစ် သေချာပေါက် အောင်မှာ





ဘိုသ့်ဘာသာ သိထားပြီးပေမယ့် အသင်္ချေ့ဖုန်းကိုတော့မျှော်မိသည်။

"ကျွန်တော် ကုမ္ပဏီကို သွားကြည့်လိုက်ပါ့မယ်"

"ကောင်းပြီ သား၊ လုပ်ငန်းပိုင်းဆိုင်ရာတွေကို ဒယ်ဒီ့ ဇော်ထရီက နည်းနည်းပြောပြလိမ့်မယ်၊ ဂျင်နရယ်ပါဝါလွှဲစာလည်း သူ့ဆီမှာရှိတယ်"

ဒယ်ဒီ့အသံက ချက်ချင်း ကြည်ကြည်လင်လင် ပြန်ဖြစ်သွားသည်။

"မင်းနဲ့ဆရာမနဲ့ရော အဆက်အသွယ်ရပြီလား သား"

"မျှော်နေတုန်း ဒယ်ဒီ၊ သူက…"

ပြောနေဆဲမှာပင် ထင်တိုင်းကြဲလက်ထဲမှ ဖုန်းက မက်ဆေ့(ချ်)ရောက်ကြောင်း အချက်ပြလာ၍ ဘာစကားမှ ဆက်မပြောနိုင်ဘဲ ထင်တိုင်းကြဲက ပေါ်လာမည့် မက်ဆေ့(ချ်)ကို ကြည့်သည်။

"ဒယ်ဒီပြန်လာရင် အားလုံးအဆင်ပြေအောင် စီစဉ်ပေးပါ့မယ် သား၊ သူ့မိဘတွေဆီ မိသားဖသားပီပီ…"

"ဒယ်ဒီ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းကျော် 'စကားမဆုံးခင် ထင်တိုင်းကြဲထံမှ အသေ
တကြား ဖြတ်ခေါ်သံ ပေါ်လာ၏။

"ကျွန်တော် အခုပဲ မိန်းမသွားခိုးရတော့မယ်"

"ဘယ်လို"

"အသချော်က သူ့ကို အခု လာခိုးပါတဲ့၊ ကျွန်တော်
ဖုန်းချလိုက်ပြီနော် ဒယ်ဒီ "

"ဩော်...အေး"

ဦးတိုင်းကျော် ခေါင်းတစ်ချက်အညိတ်မှာ တစ်ဖက်က
ဖုန်းလိုင်းက တီခနဲ ပြတ်တောက်သွားသည်။

ကြည့်စမ်း...ဘာလိုလိုနဲ့ သူသား တကယ်မိန်းမရတော့
မှာပါလား။ အတွေးနှင့် ကျေနပ်စွာပြုံးလိုက်သော ဝီတိပြုံးက
သားကိုချစ်သည့် စိတ်ဓာဖြင့် ခန့်ခန့်ကြီးဖြစ်သွား၏။

* * *



## အခန်း (၂၄)

နံနက်ခင်း လေပြည်နုက အသချော်တစ်ကိုယ်လုံး သိမ်း
ကျုံးပွေ့ယူသွားသည်။ ရေချိုးပြီးစ ရှင်းသန့်သော အသချော်အသွင်
က ပွင့်သစ်စပန်းနှယ်။ ကြွကြွရွရွ လှလှပပလေး ဖြစ်နေတာက
တော့ ရှေးဘဝက အသချော် တောင်းခဲ့သည့်ဆုကြောင့်ဖြစ်မည်
ထင်သည်။ စိတ်အဆင်းရဲဆုံးအချိန်မှာတောင် အသချော်က အလှ
မပျက်တတ်သော မိန်းကလေးဖြစ်သည်။ လမ်းကို တစ်ချက်မျှော်
ကြည့်သည်။

ညက ထင်တိုင်းကြဲထံ အသချော် မက်ဆေ့(ချ်)ပို့ထားတာ
သတိရတော့ စိုးစိတ်ရင်က တထိတ်ထိတ်ခုန်လာသည်။ ထင်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကြဲနှင့် အသချော် အဆက်အသွယ်ပြတ်တာ မနေ့ကဆို တစ်ေ
တင်းတင်းပြည့်ပြီ။ ပထမတစ်ကြိမ်က အမေတို့အလစ်မှာ စာ‌ေ
ဖြေရန် တိုက်တွန်း မက်ဆေ့(ချ်)ပို့ခဲ့သည်။ ထို့နောက် အသချော်ကိ
အခန်းတံခါးပိတ်ပြီး ကိုကြီးနဲ့ လက်ထပ်ပေးရန် အမေတို့ကြိုးစ
ကြ၍ အသချော်မှာ ထင်တိုင်းကြဲထံ ဖုန်းလည်းမဆက်၊ မက်ဆေ့(ချ်)
လည်း မပို့ဖြစ်ခဲ့။

"ငါ့စိတ်ထင်တော့ သူ့မှာ ဖုန်းတစ်လုံးရှိတယ်ထင်တာ
ပဲ လူမော်၊ ဖုန်းရှိတာက လူချင်းမတွေ့ပေမယ့် မြန်မြန်နီးစပ်နိုင်
တဲ့ အကောင်းဆုံး ဆက်သွယ်မှုပဲမဟုတ်လား"

အမေပြောတာ အသချော် တစ်စွန်းတစ ကြားကတည်းက
ဒီဖုန်းလေးကို လုံခြုံအောင် သိမ်းဝှက်ထားခြင်းဖြစ်သည်။

"ရှင် မွှေးမွှေးရှူးရှူးနဲ့ နားကြားမှားတာ နေမှာပါ ကိုထွန်းလူ
ရဲ့၊ ဖုန်းကြီးတစ်လုံးလုံး ရှိနေတာ ဒီလောက်အထိ ဝှက်ထားနိုင်
မယ်မထင်ဘူး၊ ဟိုကောင်လေးဘက်ကရော ဒီတိုင်းနေမယ်ထင်
သလား၊ ဖုန်းရှိမှတော့ တဒီးဒီးဆက်နေမှာပေါ့"

အမေက လျှော့လျှော့ပေါ့ပေါ့ ပြောပေမယ့် အဖေက
အသချော် မသိအောင် ရှာဖွေရေးတွေ ပိုက်စိပ်တိုက်လုပ်သည်။





အသချော်ကိုလည်း အလွတ်မပေးသော မျက်လုံးတွေနှင့် စောင့်ကြည့်
နေ၍ အသချော် အားလုံးရှေ့မှာ ခပ်တည်တည်လုပ်နေရပေမယ့်
ရင်တထိတ်ထိတ်ပါ။

"ဘာမှစိတ်မပူနဲ့ အသချော်၊ ကိုကြီး အသချော်ကို ကူညီ
မယ်"

"ဝမ်းသာလိုက်တာ ကိုကြီးရယ်"

ကိုကြီးက အမေတို့မသိအောင် အသချော်ကို တိုးတိုးတိတ်
တိတ် အားပေးပြီး အမေတို့ရှေ့မှာတော့ အသချော်ကို ခပ်တည်တည်
လုပ်နေသည်။ ကွယ်ရာမှာတော့ အသချော်ကို ကူညီရန်အသင့်ဆို
ပေမယ့် အခွင့်က မသာ။

အမေက တစ်ချိန်လုံး အသချော်နားက မခွာ။ ထင်တိုင်း
ကြဲနှင့် အသချော်တို့ ဘာတစ်ခုမှ ဆက်သွယ်ခွင့်မရ။ ကိုကြီးလူမော်
နှင့် လက်ထပ်ရင် အမေတို့ကျေးဇူးကို ဆပ်ရာရောက်ပါပြီဆိုသည့်
စကားနှင့် အသချော်ကို သူတို့ဘက်ပါလာအောင် စည်းရုံးသိမ်းသွင်း
ပေမယ့် အသချော်မှာ ချစ်သူကရှိနေ၍ မဖြစ်နိုင်တာကိုပဲ ငြင်းဆို
နေဖြစ်သည်။

အကြိမ်အောင်တော့ လူကြီးတွေက အသချော်ကို ခေါ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို လူမော်ကိုလည်း အသုံးမကျသည့်သားဆိုပြီး ကြည့်မရ ရှာ လုပ်ကြနှင့် နေ့တိုင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနေရသူက အသချေ။

"ဘယ်လိုလုပ်ကြမလဲ ကိုထွန်းလူ၊ ဒီပုံအတိုင်းဆို အသချေကို သူ့အဘိုးလက်ထဲ ဒီအတိုင်းပြန်ထည့်လိုက်ရမလို ဖြစ်နေပြီ"

"မင်းသားကိုက အသုံးမှမကျပဲကိုးကွ"

"အံမယ်...ကျွန်မသားလို့ မပြောပါနဲ့၊ ရှင့်သားဆိုတာလည်း ထည့်ပြောဦး"

"ပန်းယောဝန်ကို ပို့ရမယ့်ရက်က နီးနေပြီ၊ အသချေ ကိုယ်တိုင် သူ့အဘိုးနဲ့တွေ့ရင် ကျွန်မတို့ကို ပြန်လှည့်ကြည့်မှာ မဟုတ်ဘူး"

"ပန်းယောဝန်က အသချေအဘိုး ဆိုပါလား"

အသချေ အမေတို့ပြောနေသည့်စကားကို အမှတ်မထင် ကြားသွားရာက အဘိုးကို တွေ့ချင်လာသည်။

အသချေမှာ အဘိုးတစ်ယောက်လုံးရှိရက်နဲ့ ဘာလို့ သူစိမ်း လက်ထဲမှာ အသချေကို မွေးစားခိုင်းခဲ့ရတာလဲ။





"အေးလေ...ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ ရှေ့နေ ...လာရင် လိုက်သွားရုံရှိတာပဲ၊ အဘိုးကြီးက သူ့မြေးကို တို့ ...မွေးစောင့်ရှောက်ထားတာ ပေးသင့်သလောက်တော့ ပေးမှာ ..."

"ရှင်ပြောသလို ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲလေ၊ ...ကမှ အသုံးမကျတာ"

အဘိုးဆီ အသချေကို ပို့တော့မည်ဆို၍ အမေတို့အလစ် ... အသချေကို အမြန်ဆုံးလာခေါ်ဖို့ ထင်တိုင်းကြဲဆီ စာပို့လိုက် ... ဘယ်သူမှမသိ။

"တီ...တီ"

"ဟော...ထင်တိုင်းကြဲ"

ထင်တိုင်းကြဲကိုမြင်တော့ အသချေ ဝမ်းသာသွားသည်။

"အသချေ"

"လာမယ်...ခဏလေး"

တစ်ယောက်နဲ့တစ်ယောက် ပါးစပ်ပြောနေခြင်းမဟုတ်။ ...ကိတ်အမူအရာနှင့် ပြောနေကြခြင်းဖြစ်သည်။ အသချေ တံခါး ...နား ပြေးသွားရင်း တံခါးကို ဆွဲဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…မရဘူး၊ အပြင်ကနေ သော့ခတ်ထား
ပဲ"

နောက်ဖေးပေါက်လည်း အဲဒီအတိုင်း။

ဒါကြောင့် အသချော့များ ဘယ်သူမှစောင့်မနေတာ အခုမှ သဘောပေါက်နားလည်သွားပြီး ရှေ့ကို ပြန်ပြေးထွက် သည်။ ခေါင်းအေးအေး မထားနိုင်။ ဒီနေ့ ဒီအချိန်မှ ဒီမိသား က ရအောင် မရုန်းထွက်နိုင်လျှင် ဒီတစ်သက် လွတ်လမ်းမမြင် ရင်ထဲပူနေ၏။

"ကိုယ် ခြံထဲရောက်နေပြီ၊ ခုနှ ပြတင်းပေါက်ဆီ ပြ
လာခဲ့"

ထင်တိုင်းကြဲဆီက ဖုန်းမက်ဆေ့(ချ်)ဝင်လာ၍ အသ ဖုန်းကိုကိုင်ပြီး ပြတင်းပေါက်ဆီ ပြန်ပြေးသည်။ ပြတင်းပေါက် ရောက်၍ အောက်ကိုငုံ့ကြည့်တာနှင့်…

"ဟင်"

ပြတင်းပေါက်အောက်တည့်တည့်မှာ ထင်တိုင်းကြဲ လက်နှစ်ဖက်ကို ဆန့်တန်းထားသည်။

"ကိုယ့်ပေါ်ခုန်ချလိုက် အသချော့"





"ခုန်ချရမယ်"

"မြန်မြန်လုပ် အသချော့၊ တော်ကြာ သူတို့ပြန်လာရင်
မယ်"

"မြန်မြန်လုပ်လေ"

"ခုန်ချလိုက်ဆို၊ မကြောက်နဲ့၊ ကိုယ်ရှိတယ်"

ခြေတံရှည်အမြင့်မို့ ပြတင်းပေါက်နှင့် မြေပြင် မကွာလှ မယ့် ခုန်ချရမှာကြောက်နေပေမယ့် စိတ်ကိုတင်းပြီး ပြတင်းပေါက် ာင်ပေါ်ရောက်အောင် တက်သည်။ ကွာတားဘောင်းဘီနှင့် ရှပ်ကြောင့် အဆင်ပြေပေမယ့် ထင်တိုင်းကြဲပေါ် ခုန်ချ၍ နာသွား ကို စိုးရိမ်သည်။

"ကြဲ…ဖယ်ပါ၊ အသချော့ဘာသာ ခုန်ချမယ်"

"ဒီတိုင်းခုန်ချရင် အသချော့ ခြေထောက်တွေ နာသွားမှာ ၊ ကျချင်းကျ ကိုယ့်ပေါ်ခုန်ချ"

"လာလေ"

"ကဲ"

"ဝုန်း"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

အသံတွေ ဆက်တိုက်ထွက်သွားသလို အသခေါ်ကိုယ်လေးကို ဖမ်းယူသော ထင်တိုင်းကြပါ လုံးထွေးပြီး မြေပြင်ပေါ် လိမ့်သွား၏။

"အား...ကျွတ်...ကျွတ်"

"နာသွားပြီလားဟင် ကြ"

"နည်းနည်းပါ၊ လာ...ဒီက အမြန်ဆုံးသွားကြမယ်"

ဘယ်ကိုလဲဟု မမေးပါ။

ထင်တိုင်းကြ ဆွဲခေါ်ရာ အပြေးလိုက်လာရင်း ကားဆီ ရောက်သည်နှင့် နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ နေရာ ကားကို အရှိန်ပြင်းပြင်း မောင်းထွက်သည်။

အသခေါ်ကို ခွင့်လွှတ်ပါ အမေရယ်။ အသခေါ်ချစ်သော သူကိုပဲ အသခေါ် လက်ထပ်ပါရစေ။

* * *



အခန်း (၂၅)

"အဟွန်း...နေ့ချင်းညချင်း ကောင်းစားနေလိုက်တာ၊ ထမင်းကိုတောင် အောက်ဆင်းမစားနိုင်တဲ့အထိပေါ့...ဟုတ်လား"

ပါးစပ်ထဲ ရောက်လုလု ထမင်းလုပ် လေထဲမှာတင် တန့်သွားကာ အသခေါ် အသံလာရာ မော့ကြည့်သလို ဟင်းပွဲ ချိုးစုံထဲမှ ကောင်းနိုးရာရာတွေ အသခေါ်ပန်းကန်ထဲ ခပ်ထည့်ပေး နေသော ကြီးတော်ကပါ အသံလာရာ လှမ်းကြည့်သည်။

"လှစီ"

ခွပ်ကျယ်အစိမ်းတောက်တောက်ကို ပေါင်လယ်ခန့် ဘောင်းဘီက အနက်ရောင် ကျပ်ကျပ်သပ်သပ်နှင့်။ ခေါက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လို တွန့်ကွေးနေသည့် ဆံပင်တွေကို ခပ်မြင့်မြင့်စည်း
နားကွင်းပိုင်းကြီးတွေနှင့် လူစိုးသားမှာ ပန်းပွင့်ကြီးတွေပါ
အနက်ရောင် ဂါဝန်ရှည်ကြီးနှင့် လူမိုနားမှာ ဒေါ်ဒေစီကိုပါ
လိုက်ရသည်။

"ထမင်းစားခန်းထဲ ဆင်းမစားတာ ဘာဖြစ်လို့
အသချေ"

မေးလည်းမေး၊ မလှုပ်တလှုပ် လျှောက်လာရင်း ဒေါ်
က အသချေ့အခန်းထဲ ဝင်လာ၏။ မွေ့ရာထူခင်းထားသော ခု
ကျယ်ကြီး။ ကျွန်းသစ်ကွက်ဖော်ထားသော ဆိုဖာတွေချထားသ
ညှော်ခန်းနှင့်စီရီ။ မှန်တင်ခုံနှင့် ကွန်ပျူတာတောဘယ်(လ်)တွေ
နေရာသူ ရှိတာတောင် ကျယ်ဝန်းလှသော အခန်းကျယ်ကြီး
အိပ်ခန်းနှင့်မတူ။ ကွန်ဒိုတစ်ခန်းစာရှိသော ထင်တိုင်းကြဲအိပ်ခန်း
အခုမှ စေ့စေ့စပ်စပ် ကြည့်ခွင့်ရတာမျိုးမို့ သေချာကြည့်ပြီးမှ ဆို
မှာ ခြေချင်းချိတ်ဝင်ထိုင်ပြီး အခုချိန်ထိ မေးတာမဖြေသော အသ
ကို လှမ်းကြည့်သည်။

"ဟော့…မေးတာ ဖြေလေ"

"ကလေးကို ကြဲက သူ မရှိရင် သူ့အခန်းထဲမှာပဲနေ





သွားလို့ပါ မဒေစီ"

"ရှင့်ကိုမေးတာမဟုတ်ဘူး ဒေါ်ဇော"

လိုတာထက် ပိုကျယ်သော အသံမျိုးနှင့် ဒေါ်ဒေစီက
အော်၍ ဒေါ်ဇော နှုတ်ပိတ်သွားသည်။

"မီးဖိုချောင်ထဲမှာ ဒေါ်ဇော လုပ်စရာတွေ အများကြီးပဲ၊
အိုသို့အလုပ် ကိုယ်သွားလုပ်ပါ ဒေါ်ဇော"

"ဟုတ်ကဲ့"

ဒေါ်ဇောက အသချေ့ကိုထားပြီး အခန်းထဲက ထွက်သွား
ချိန်မှာ အသချေ့ကို စိတ်မချသလို တစ်ချက်ကြည့်သွားပေမယ့်
တတ်နိုင်။

အသချေ့မှာ နေပါဦးလို့ ခေါ်ထားခွင့်မရှိ။

ကိုယ်က ညှော်သည်။ သူတို့က အိမ်ရှင်ဆိုတော့ အခုချိန်
မှာ ပြောသမျှ နာခံဖို့ပဲရှိသည်။ အသချေ့နားမှာ ထင်တိုင်းကြဲက
မရှိ။

"ဘယ်မလဲ သတို့သားက"

"ကြဲက အပြင်သွားပါတယ်"

"သမီးရယ်…ညည်း ကိုကြဲအကြောင်း မသိတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့''

အသချော်မျက်ဝန်းတွေ ဝိုင်းခဲ့ ဖြစ်သွားကာ ဒေါ်

တို့သားအမိကို လှမ်းကြည့်သည်။ သားအမိနှစ်ယောက်က အ

တစ်ကိုယ်လုံး စူးစိုက်ကြည့်ရင်း လှောင်သလိုလိုပြုံးသည်။

''လိုချင်တာရပြီဆိုတော့ ဒီအတိုင်း ထားသွားပြီ

ဟုတ်လား''

''မဟုတ်ပါဘူး၊ ကြကြ ကိစ္စရှိလို့ အပြင်သွားတာ

အသချော်ရှေ့မှာ ထင်တိုင်းကြဲအကြောင်း မကောင်း

နေသည့် သားအမိကိုကြည့်ပြီး အသချော် မခံချင်စိတ်ဖြင့် ဖြ

ဖြစ်သွား၏။

''ဒီအိမ်က ကိုယ့်အိမ်နော် အသချော်၊ ဘယ်သူ့

ကြောက်စရာမလိုဘူး၊ ကိုယ် မကြာဘူး၊ ကိစ္စရှိလို့ ခဏအ

သွားမှာ''

ထင်တိုင်းကြဲ အသချော်မျက်နှာကို လက်ဖဝါးနှစ်ဖက်

ညှပ်ဆွဲမော့ကာ အနမ်းနှင့်နှုတ်ဆက်ပြီး ဒေါ်စောလက်ထဲ အသ

ကိုအပ်ကာ အပြင်ထွက်သွားပြီးမှ ဒေါ်ဒေစီတို့သားအမိနှစ်ယော

အသချော် အခန်းထဲအထိ ရောက်လာခြင်းဖြစ်သည်။





သူတို့သားအမိ လာကတည်းက ကောင်းသောလာခြင်း မဟုတ်မှန်းကိုက ထင်တိုင်းကြဲ ပြောပြထား၍ အသချော် သိထားသည်။ အစကတည်းက အသချော်ကို ကြည့်ရကြသူများမဟုတ်သလို ထင်တိုင်းကြဲနှင့်လည်း အဆင်ပြေကြသူများ မဟုတ်၍ အသချော်ရှေ့မှာ ထင်တိုင်းကြဲ မကောင်းကြောင်း အတိုင်အဖောက်ညီညီ ပြောနေကြတာ ဘာမှမဆန်း။

''ထင်တိုင်းကြဲတို့က ဒီလိုပဲ''

ထမင်းနှင့်ဟင်းတွေကို အကြောင်းမဲ့ မွှေနှောက်ရင်း အသချော် နားစွင့်နေတာကို ဒေါ်ဒေစီတို့သားအမိက သိသည်။

''သူက ခက်ခဲတာမှ အရလိုချင်တယ်၊ ရပြီးတော့လည်း ခဏပါပဲ၊ ကလေးတွေလိုပေါ့ အသချော်ရယ်''

ကိုယ့်နာမည်ပါလာသဖြင့် အသချော်က ထမင်းပန်းကန်ဆီမှ အကြည့်ကို ဒေါ်ဒေစီထံပို့သည်။ ကရုဏာသက်သော မျက်ဝန်းတွေနှင့် အကြည့်ခံရသောကြောင့် အသချော် ရင်ထဲဝမ်းနည်းသွားတာတော့ အမှန်။

''မိဘက မဝယ်ပေးချင်တဲ့ ကစားစရာ အသစ်အဆန်းကို မရခင်က တန်ဖိုးတွေတက်ပြီး ငိုယိုပူဆာခဲ့တာ၊ ယော...



www.burmeseclassic.com

www.burmeseclassic.com



ရလည်းရပြီးရော လက်ပူအောင်တော့ မကိုင်ချင်တော့ဘူး၊ နောက် အသစ်အဆန်းကို ထပ်မျှော်တော့တာပဲ"

"ထားလိုက် မာမီ၊ အမုန်းခံပြီး ပြောမနေနဲ့"

လှစိုးစကားက စေတနာစကားလိုလို ဘာလိုလို။

"ပြောတုန်းက ယုံမှမယုံတာ၊ ခိုးရာလိုက်တဲ့စုံတွဲတွေကို ခေါ်လို့ရရင် လက်တွေ့ခေါ်ပြချင်ပါတယ်၊ ဟွန်း…လိုချင်လွန်းလို့ ခိုးထားပြီးမှ ဘယ်သူမှ ပစ်မထားဘူး"

ပြောနေတာ စကားတွေပေမယ့် လက်ခံရသော အသချော် အတွက် ဓားလှံမြားတွေအလား။ တစ်ခွန်းချင်း တစ်ချက်ချင်းက ရင်ကို ဗဟိုပြုသော နှလုံးသားမှာ စူးစိုက်သည်။ ဖြေရှင်းမရတော့ သော ဝမ်းနည်းစိတ်ကြောင့် လှိုက်ခနဲ ဝမ်းနည်းခြင်းက မျက်ရည် အဖြစ်ပြောင်းလဲ၏။ ပြောလည်း ခံရုံပေါ့။ ဘယ်သွားမည်၊ ဘာ လုပ်မည်ဆိုတာ အသချော်မှ သိခွင့်မရတာ။ အသချော်က မျက်ဝန်း အပြည့် ပြည့်တက်လာသော မျက်ရည်တွေကို မျက်တောင်တဖျပ် ဖျပ်ခတ်ပြီး သိမ်းဆည်းလိုက်၏။

"ဘာတွေဖြစ်နေတာလဲ အသချော်"

"ကြဲ"





တံခါးဝမှာ လှရိပ်ထင်လာသည်။ ဖျတ်ခနဲ အသချော် မျက်လွှာပင့်ကြည့်တော့ မနက်က အဝတ်အစားအတိုင်းရှိဆဲ။ ထင်တိုင်းကြဲက အခန်းထဲဝင်လာ၏။

"အခုမှ ထမင်းစားတာလား အသချော်"

"အင်း"

အသချော်ကိုမေးရင်း ထင်တိုင်းကြဲ အကြည့်တွေက လှစီ တို့သားအမိထံ ရောက်သွား၏။

"ဒီကို ဘယ်လိုဖြစ်ပြီး ဝင်လာတာလဲ ဒေါ်ဒေစီ"

"သူ ပျင်းနေမှာစိုးလို့"

"မလိုပါဘူး၊ ခင်ဗျားတို့ကို ပျော်တော်ဆက်ဖို့ ဘယ်သူ ကမှ တာဝန်လည်းပေးမထားဘူး"

"တို့က မင်းဇနီးလောင်းကို သိသင့်သိထိုက်တာတွေကို ပြောပြနေတာ"

"ကျစ်…မလိုပါဘူး၊ သိသင့်သိထိုက်တာတွေ ပြောပြ ဖို့ ကျုပ်မှာ ခင်ဗျားတို့သားအမိထက် တာဝန်ပိုရှိတယ်၊ နွေးထွေး တာတွေ အေးစက်တာတွေ လာမပြောနဲ့၊ ခင်ဗျားတို့မေးမှ နွေးခြင်း အေးခြင်းကို သူ ခံစားခွင့်ရမှာမဟုတ်ဘူး၊ သူပေးတာ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ခင်ဗျားတို့သာ လက်ခံနိုင်အောင်ကြိုးစား၊ ကဲ…သွားကြ
နောက် ဘယ်တော့မှ ထပ်မလာနဲ့"

"ကြီးစော"

"လာပြီ…ကြဲရေ"

ထင်တိုင်းကြဲ ကြီးစောနာမည်ကို အကျယ်ကြီးအော်ခေါ်
သည်။ ဘယ်ကတည်းက ဒီအခန်းနား ရစ်သီလုပ်နေမှန်းမသိသော
ခေါ်စောက ကြဲ ခေါ်တာနှင့် ရှေ့တော်မှောက်ရောက်လာသည်
နှင့် သားအမိနှစ်ယောက် ထွက်သွားသည်။

"ဒီထမင်းဟင်းတွေ သိမ်းသွား ကြီးစော၊ ခထာ
လပြည့်တို့ဝယ်လာတဲ့ အစားအသောက်တွေ ရောက်လာလိမ့်မယ်
အဲဒါတွေသာ ပြင်ဆင်ပြီး ပို့ပေး"

"လာ…အသချော်၊ ဒီမှာ ထိုင်"

"နောက် ကိုယ်မရှိတဲ့အချိန် ဒီအခန်းထဲ ဘယ်သူမှမလာ
စေနဲ့၊ အခန်းတံခါးကိုပိတ်ထား သိလား"

"အင်းပါ"

"ဟဲ့…ဟဲ့…ဒါ ဘာတွေတုန်း"

မွေ့ရာထူကြီးတွေကံ ပတ်ကင်တောင် မခွာရသေး





ဂုမ္ဘဏီတံဆိပ်ပါသော တူညီဝတ်စုံတွေနှင့် ကောင်လေးတွေက
ထတ်ကင်ပုံးတွေကို အခန်းဝမှာ စုပုံချထားကာ အိပ်ခန်းထဲ ဝင်လာ
၏။

"ဒါတွေအားလုံး ရှင်းရမှာလား အစ်ကို"

"ဟုတ်တယ်၊ အားလုံးရှင်းပြီး ကားဂိုထောင်ဟိုဘက်မှာ
ထားလိုက်ပါ၊ ပြီးတော့မှ ပစ္စည်းအသစ်တွေ နေရာချတာပေါ့"

"ပစ္စည်းအသစ်"

"ဟုတ်တယ်၊ ကိုယ်တို့အတွက်"

"ခန်းဝင်ပစ္စည်းအားလုံး အသစ်လေ၊ အဲဒါတွေစီစဉ်နေ
လို့ ကိုယ် အခုမှပြန်ရောက်တာ၊ ပြီးတော့ ချစ်အတွက် အဝတ်
အစားတွေပါ ဝယ်ခဲ့တယ်"

"ယော…ဟိုမှာလာပြီ"

အဝတ်အိတ်တွေ မနိုင်မနင်းနှင့် ရောက်လာသည့် ငုံးဥက
အထုပ်တွေချပေးပြီး အခန်းထဲက အလိုက်တသိ ချက်ချင်းပြန်ထွက်
သွား၏။

"ကြည့်ဦးလေ…ချစ်၊ အကျီတွေ ကြိုက်ရဲ့လား"

"အများကြီးပဲ ကြဲရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် လက်လှမ်းမီရာ ဝယ်ခဲ့ရလို့၊ နောက်မှ ချစ်ကြိုက်တာ ကိုယ်တိုင်ရွေးဝယ်…ဟုတ်လား"

"ကြဲ"

"ဟင့်အင်း…မောင်လို့ခေါ်"

"အို"

အသခဲ့ျက မျက်နှာဝင့်ချရင်း သူ့အကြည့်တွေမှ လွတ်ကင်းအောင် ရှောင်တိမ်းရင်း ကြည်နူးခြင်းက နှုတ်ခမ်းဖျားမှာ ပြုံးရိပ်ထင်သည်။ သူဟာ အသခဲ့ျအတွက်တော့ ပျော်ခြင်း၊ ရင်ခုန်ခြင်း၊ ဝမ်းနည်းခြင်း ရသမျိုးစုံ ပေးစွမ်းနိုင်သူမို့ ထိုသူကို ချစ်သူလို့ခေါ်သည်ဟုထင်သည်။

* * *



## အခန်း (၂၆)

"ဆောရီး"

"ဟင်…ဘာအတွက်လဲ"

"ချစ်အကြိုက်တွေ မမေးမိလို့"

"ကြိုက်ပါတယ်"

ခေါင်းငုံ့ကာပြောတော့ ပါးမို့တွေ နီမြန်းမြန်းဖြစ်နေတာ ထင်တိုင်းကြဲ တွေ့ရ၏။ နှာတံကော့တွေရယ်၊ အောက်စိုက်နေတဲ့ မျက်တောင်ဖျားတွေရယ်ကို ထင်တိုင်းကြဲက ချစ်စနိုးနှင့်ငုံ့ကြည့်သည်။

"ဘာကိုကြိုက်တာလဲ ချစ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ဖျားတွေ ဖျတ်ခနဲ လှုပ်ခတ်သွားပင့်လာပုံကအ လှသည်။ ချစ်စရာကောင်းသည်။

"ဟင်းတွေကိုပြောတာ မဟုတ်လား"

"အိပ်ရာခင်းနားတွေကိုရော"

မျက်နှာကို တည့်တည့်ကြည့်မေးတော့ အသချေမှာ ကိုယ့် မျက်နှာကိုယ် ဘယ်နားဝှက်ရမှန်းမသိပါ။ ဝရန်တာမှ ထွန်းထား သော မှိန်ပျပျမီးရောင်အောက်မှာ သူရယ် ကိုယ်ရယ်နဲ့ နှစ်ဦးတည်း ညစာစားနေခြင်းဖြစ်သည်။

"ဆရာမတစ်ယောက်တည်း အားငယ်နေမှာစိုးလို့ ထင်တိုင်းကြဲက အားချင်းစီစဉ်လာတာ၊ ကျွန်တော်က ရက်(စ်) ထရန့်မှာအစားအသောက်မှာ၊ ငုံးဥက ထင်တိုင်းကြဲခေါ်နိုင်းတဲ့ တရားသူကြီးဆီ ရက်ချိန်းပြေးယူရရဲ့ အဝတ်အစားကိစ္စ၊ ခန်းဝင် ပစ္စည်းကိစ္စက နာမည်နဲ့လိုက်အောင် ဒီကောင်တစ်ယောက်တည်း အပြတ်ကြဲထားတာ၊ စိတ်တိုင်းမကျတာရှိရင် ခွင့်လွှတ်နော် ဆရာမ ဒီကောင် ဆရာမကိုချစ်တဲ့စိတ်နဲ့ ထောင့်စေ့အောင်စီစဉ်ရင်း လစ်ဟာ သွားတယ်လို့ သဘောထားပေး"

ထင်တိုင်းကြဲ သူငယ်ချင်းကောင်း ပီသကြပါသည်။





ဘာပဲပြောပြော ထင်တိုင်းကြဲ မကောင်းဘူးဆိုတာ တစ်ခွန်းမှမပါ။ အခုလည်း ကြက်တူရွေးကတော်တော် မယ်တော်ကကဲကဲ ဆိုတာ မျိုး။ ထင်တိုင်းကြဲ အချစ်ကြီးပုံကို ချီးမွမ်းခန်းဖွင့်တာ ရာဇဝင်ထဲက သူ့ရဲ့ကောင်းတွေ လက်မှိုင်ချသွားနိုင်သည်။ ထင်တိုင်းကြဲကလည်း တကောင်းလွန်းပါသည်။ မိတဆိုးဆိုပေမယ့် မိထွေးက ဖအေ ညြစာကို မပယ်ဝံ့တဲ့သူ။ ဘဝမှာ သူထင်တာ သူလုပ်ပြီး၊ သူ့သာ ဘုရင်။

"ဟိတ်...မေးနေတာဖြေလေ"

"ရှင်"

အတွေးထဲ မျောနေပြီးမှ အလန့်လန့်အဖျပ်ဖျပ်ထူးတော့ သူက ချစ်စနိုးရယ်သည်။ ဂါဝန်ရှည်က ဖန်းနုရောင်မို့ ပြာလဲ့ သော မီးရောင်အောက်မှာ ဖန်းရောင်သမ်းသော အသားအရေက ဆင်ထင်လင်းလင်း။ ခေါင်းလျှော်ပြီးစ ဖြန့်ချထားသော ဆံနွယ် တွေမှ လေအငွေ့မှာ ရှမ်ပူနံ့ဖျော့ဖျော့လေးလည်း ရနေသေးကာ သူ ကြည့်နေတာ သတိထားမိတိုင်း ရှက်ကိုးရှက်ကန်း ဖြစ်သွား တတ်တာကိုပဲ မြတ်နိုးခြင်းများစွာဖြင့် ချစ်မဝခဲ့။

"ကြိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်အစားတွေကတော့ နက်ပြာဝတ်ဖို့တဲ့
လောလောဆယ် ကိုယ်ဝယ်လာတယ်၊ ချစ်နဲ့ နောက်နေ့မှ
ပင်(န်)ထွက်ပြီး စိတ်ကြိုက်ဝယ်"

"ဟုတ်"

"ဒယ်ဒီ့ဆီ ဖုန်းလှမ်းဆက်ထားတယ်၊ မနက်
လက်မှတ်ပဲထိုးထားပြီး ဒယ်ဒီပြန်လာမှ ချစ်တို့အိမ်ကိုသွား
ပြီးမှ ညစာစားပွဲအကြီးကြီးလုပ်မယ်လို့ စီစဉ်ထားတယ်"

"ဟုတ်"

"တဟုတ်ဟုတ်နဲ့ ဘယ်လိုဖြစ်နေတာလဲကွာ"

ထင်တိုင်းကြဲက ရယ်မောရင်း အသခေျာ့များ ခုံ
ကပ်ထိုင်သည်။ ပြီးမှ ကုတ်အင်္ကျီအတွင်းက ဘူးလေးကို
ယူသည်။

"ဒီမှာ လက်ထပ်လက်စွပ်"

မှိန်ပျပျမီးအောက်မှာ စိန်တစ်ပွင့်တည်းလက်စွပ်
ဖျိုးဖျိုးဖျပ်ဖျပ် အရောင်တွေ ထွက်နေသည်။ သူက အသ
လက်သူကြွယ်မှာ လက်စွပ် စွပ်ပေးရင်း

"နောက်ထပ်ပေးရမှာ တစ်ခုရှိသေးတယ်"





လက်ဖဝါးထဲ ဘယ်အချိန်က ဆုပ်ကိုင်ထားမှန်းမသိတဲ့
အရာလေးကို တွဲလောင်းဆွဲပြတော့ ကမ္ဘာလုံးလေးတွေ အသည်းပုံ
လေးတွေ တို့လို့တွဲလောင်းပါသော ဖု(ထ်)ချိန်းလေး။

"ဒါကို ဟိုးအရင်ကတည်းကပေးဖို့ ရည်ရွယ်ထားခဲ့တာ၊
ချစ်အိမ်က ဆူမှာစိုးလို့ ကိုယ်ပြန်သိမ်းထားခဲ့တာ၊ အခု မောင်
ကိုယ်တိုင် ဝတ်ပေးမယ်"

"အို…အသခေျာ့ကိုပေးပါ၊ တော်ကြာ အသခေျာ့ ငရဲကြီး
နေပါ့မယ်"

"ငရဲကြီးတော့ ငရဲလေး နိုင်တာပေါ့"

ထင်တိုင်းကြဲကိုယ်တိုင် အသခေျာ့ခြေကျင်းဝတ်မှာ ဝတ်
ပေးလာသည်။

ဖု(ထ်)ချိန်းလေးကို ချစ်စိတ်ဖြင့် ငုံ့အကြည့် ထင်တိုင်းကြဲ
မျက်နှာက ဖျတ်ခနဲ မော့အကြည့် အကြည့်ချင်းဆုံသွား၏။

"ချစ်"

"ဟင်"

"ချစ်တယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သော နှုတ်ခမ်းလေး နွေးခနဲ ဖြစ်သွားသည်။

"သိပ်ချစ်တယ် အချစ်ရယ်"

"အိုကွယ်"

လှပသော မျက်ဝန်းအစုံ ညင်သာစွာမှေးမှိတ် ထင်တိုင်းကြဲကိုယ်ကြီးကို တင်းကျပ်စွာ ပြန်လည်ဖက်တွယ် တော့ ရင်ခုန်သံတွေ လှိုင်းထန်သွားသည်။

"ဘယ်တော့မှ မခွဲကြေးနော်"

"အင်း"

"တစ်သက်လုံး ချစ်ရမယ်"

"အဲဒါ အသဉ္ဇာက ပြောရမှာပါနော်၊ အခု ချစ်တယ်ပြောပြီး နောက်မှ..."

"နောက်လည်း ချစ်တယ်၊ အခုလည်း ချစ်တယ်"

"ပြောတာပဲ"

"မယုံဘူးပေါ့၊ ဒါဆို လက်တွေ့ပြမယ်"

"အို..မောင်"

လှိုက်လှဲသော ချစ်အနမ်းတွေက အတားအဆီးမဲ့ ကျလာ၏။





"မောင် သိပ်ဆိုးတယ်"

"ချစ်တာကိုး"

"တော်ပါ၊ ဒီမှာ လက်စွပ်က ဘာလို့တစ်ကွင်းတည်း နေတာလဲ"

"အာ...ဆောရီး၊ မောင် လက်စွပ်ဝယ်တုန်းက မောင့် ခေါင်းထဲမှာ ချစ်အတွက်ပဲရှိနေတာ၊ ပြီးတော့ မောင်ဝယ်တာက လက်နဲ့ အဆင်မှပြေပါ့မလားဆိုပြီး တွေးနေရတာနဲ့ မောင့်အတွက် သွားတာ"

"ရော့...ဒီလက်စွပ် မောင်ပဲပြန်ယူ"

"ဘာဖြစ်လို့"

"မောင်နဲ့မှ အတူဝတ်ချင်လို့"

"ကောင်းပါပြီဗျာ၊ ချစ်သဘောအတိုင်း ဟုတ်လား"

"မောင် ဘာတွေးတွေး ချစ်က လုံးဝ ဦးစားပေး အဆင့် ပဲ၊ ချစ်က မောင့်ဘဝ၊ မောင့်အသက်၊ မောင့်အသည်း"

"မောင်နော်"

"အို"

မောင့်အချစ်တွေက မယုံနိုင်စရာ သည်းသည်းလှုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အသချော် ရင်ခုန်သံတွေ ဆူညံနေ၏။ ချစ်သူရည်းစား
အများကြီးထားပြီး ချစ်တမ်းကစားခဲ့သည့် မောင့်အချစ်ကို အသ
မယုံရဲ၍ တတ်နိုင်သမျှ ရှောင်တိမ်းခဲ့ပေမယ့် မောင်က အသ
အချစ်ကိုရဖို့ နည်းပေါင်းစုံ ကြိုးစားခဲ့သည်။

စွတ်ဇွတ် မောင့်အချစ်တွေအောက်မှာ အသချော် နှ
သားလေး အရှည်ပျော်ခဲ့ရသည်။ အသချော်ကိုယ်တိုင် မောင့်
မချစ်သင့်သူတစ်ယောက်အဖြစ် သတ်မှတ်ထားပါလျက် နစ်နစ်
ချစ်ခဲ့မိသွားတာကတော့ အသချော်ကံ ဖြစ်သည်။

"အသချော်အပေါ်မှာ သစ္စာရှိရမယ်နော်၊ နော
တစ်ယောက် ဘယ်တော့မှမထားဘူးလို့ ကတိပေးပါ"

"စိတ်ချ၊ နောက်တစ်ယောက် ဘယ်တော့မှမထားဘူး
အခုလက်ရှိ ရှိနေတဲ့ ရှေ့တစ်ယောက်ကိုပဲ ချစ်တယ်"

"သွား"

"အဟွန်း…ဟွန်း…ဟွန်း၊ ကောင်မလေး စိတ်ကောင
သွားပြီ၊ လာခဲ့"

ပခုံးလေးကို သိုင်းဖက်ရင်း ရင်ခွင်ထဲသွင်းတော့ အသ
က အလိုက်သင့်လေး ပါလာ၏။





"လူစီတို့ပြောတော့…"

ပြောလက်စ စကားက ဒီနေရာမှာရပ်ပြီး သူ့ရင်ခွင်မှာ
အသံကာ ငြိမ်နေ၏။ ထင်တိုင်းကြဲက ပါးပြင်တစ်ဖက်အား
နှင့်ဖွဖွပွတ်သပ်ရင်း ငုံ့နမ်းသည်။

"ဆက်ပြောလေ"

"မောင်က ရန်သွားတွေ့မှာလား"

"အင်း…တွေ့စရာရှိရင် တွေ့မှာပေါ့၊ ဒါမှ နောက်
ပြောရဲအောင်"

"အဲဒါဆို မပြောပြဘူး၊ အသချော်ပြောတာပဲ နားထောင်"

"အင်း…နားထောင်မယ်၊ ပြော"

"နောက် မောင် ဘယ်သွားသွား အသချော်ကိုခေါ်"

"ဒါပဲလား"

ထင်တိုင်းကြဲက ပြုံးစစနှင့် ငုံ့မေးတော့ အသချော်က
ခေါင်းခါသည်။

"ဆင်တူလက်စွပ်လည်း ဝယ်ရမယ်"

"အင်း…ပြီးတော့ရော"

"ပြီးတော့…"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေး လုံးနေအောင် စဉ်းစားခန်းဝင်ပြီးမှ

"တီဗီဂိမ်း လုံးဝမကစားရတော့ဘူး"

"ဘာဖြစ်လို့လဲ"

မေးရုံရှိသေး၊ အသချော်က သူ့ရင်ခွင်မှ ဆတ်ခနဲ ကျုံး

သည်။

"ကစားရင် ရည်းစားထားနေဦးမှာ၊ အဲဒါကြောင့် မကစား

ရတော့ဘူး"

"ဒါ ကိုယ့်ကို သဝန်တိုတာပေါ့၊ သဝန်တိုတာ ချစ်ခြင်း

ရဲ့အစတဲ့၊ ဒါဆို ချစ်က ကိုယ့်ကို"

"ဟင့်အင်း..နိုးပဲ၊ မချစ်ဘူး"

ပြောပြီး လှှင့်ခနဲ ထွက်ပြေးမည့် အသချော်လက်ကို သူ

ဖမ်းဆွဲသည်။ ပြေးရန်အရှိန်ယူပြီးသားမို့ သူက ဆွဲတော့ လူ

တုံ့ခနဲဖြစ်သွားကာ အရှိန်မထိန်းနိုင်ဘဲ ထိုင်နေသော ထင်တိုင်း

ရင်ခွင်ထဲ ထွေးခနဲ ပစ်ကျ၏။ လဲကျမှာစိုးစိတ်နှင့် သူ ထွေးဖက်

ထားသော အထိအတွေ့ကြား အသချော်က ပက်လက်လန်ကျ

ပြန်မထနိုင်ဘဲ စီးမိုးငုံ့ကျလာသော သူ့မျက်နှာပေါ်က နှုတ်ခမ်း

တစ်စုံဟာ အသချော် ပါးပြင်နှင့် လည်တိုင်ကျော့ကျော့တွေ၊ နှုတ်



ခမ်းပါးတွေဆီ စေ့စေ့စပ်စပ် ကျရောက်လာပြီးနောက် အသချော်

တေးသံလေးတွေ ပျောက်သွားကာ သူ့အနမ်းရှင့်တွေအောက်မှာ

မေ့မေ့မူးမူး။ လွှန့်လူးမျှောပါသွားသည်။ အနမ်းတို့ တန်ဆာဆင်

ထားသော အချစ်ညထဲ အသချော် မအိပ်ရဘဲ အိပ်မက်တွေ

တစ်တွေးကြီးက အသချော်ကိုယ်လေးကို သိမ်းကျုံးပွေ့ယူသွား၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ချစ်ကလည်းကွာ၊ ကိုယ့်ကိုမနိုးဘဲ ဘာလို့ အစောကြီး ဆင်းသွားတာလဲ"

ခံပင်တွေ အပြောင်းသိမ်းပြီး မြင့်မြင့်လေးစည်းထားသဖြင့် ဆံယဉ်နုတွေကျနေသော ကုပ်ပိုးသားနုနုကို လေနဲ့ရှူးခနဲမှုတ်ပြီး မေးသည်။ ထမင်းစား စားပွဲကို နောက်ကနေ လက်နှင့်လှမ်းထောက်ထားသဖြင့် သူ့မေးဖျားက အသချော်ပခုံးပေါ် တင်ထားသလိုဖြစ်ကာ အသချော်ကျတော့ သူ့ရင်ခွင်ကို ကျောနဲ့ကပ်မှီထားသည်။ ရှေ့မျက်နှာချင်းဆိုင်မှာထိုင်နေသော သားအမိနှစ်ယောက်က မျက်နှာတွေလွှဲသွားလွှဲ၊ သောက်လက်စ ဖျော်ရည်ခွက်ကို ဆောင့်ခနဲ





ပြန်ချသူချနှင့် အသချော်က မြင်တွေ့နေတာ မျက်နှာပူသလောက် ထင်တိုင်းကြဲက ဂရုထားစရာမလိုသော ဟန်ပန်အပြည့်နှင့်ဖြစ်သည်။

"ဟင်···ဘာရိတ်ဖက်(စ်)က ဒါတွေပဲလား"

စားပွဲပေါ်ရှိ ဂျုံ(စ်)တစ်ခွက်စီနှင့် ဖရဲသီး၊ လိမ္မော်သီးတွေကို တစ်ကန့်စီထည့်ထားပေးသည့် ပန်းကန်ချပ်တွေအား ထင်တိုင်းကြဲက အခုမှ သတိထားမိသလိုမေးသည်။

"ဒါတွေဘယ်လိုစားမှာလဲ ကြီးဆော"

"ကြီးဆောကို ခေါ်မနေနဲ့ ကိုကြဲ၊ အဲဒါ လူစီ စီစဉ်ထားတာ"

"ဘာ"

"ဟုတ်တယ်လေ၊ အသီးအနှံစားပြီး ဂျုံ(စ်)သောက်တာ အဆိပ်ကျွေးတာကျနေတာပဲ၊ ဘာဖြစ်လဲ အဲဒါ"

"ဟ···သူကြိုက်လား မကြိုက်လား နင်မေးပြီးမှ စီစဉ်ပေါ့"

"မေးတာပဲ၊ ကြိုက်တယ်တဲ့"

"ဟုတ်လား ချစ်"

ရုတ်တရက်မို့ အသချော် ဘာဖြေရမှန်းမသိ။ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမမေးပါဘဲ ဒီအိမ်မှာ ဒါမျိုး အမြဲစားနေကျပုံဖမ်းပြီး အသချေ်အား ကျွေးတာပင်။ စာစောစီးစီးကို ကျနုံးမာရေးဗဟုသုတ ခေါင်းပါးတယ်ပဲပြောပြော အသချေ်က အေးစက်စက် အသီးအနှံ တွေ မျိုမချတတ်ပေမယ့် နှုတ်ဆိတ်နေလိုက်၏။

"ချစ်"

ထင်တိုင်းကြဲက အားမလို အားမရနှင့်ခေါ်မှ အသချေ်က ပြောရင် ငါ့အကြောင်းသိမယ်လို့ ခြိမ်းခြောက်နေသော လူ့စိုမျက်ဝန်း တွေမှ လွှဲဖယ်ရင်း

"မောင်စားရင် အသချေ် လိုက်စားမလို့ပါ"

ထင်တိုင်းကြဲ စားတတ်ရင် သူမပါ လိုက်စားအောင် ကျင့်ကြံမည်ဟု မပြောရုံတမယ်မို့ သူ သဘောပေါက်သွားခဲ့ပြီ။ စားပွဲတစ်ခုလုံး ခေါသမျက်လုံးနှင့် သိမ်းကျုံးကြည့်သည်။

"ကြီးစော"

"လာပြီ…လူလေး"

အနားသို့ လှုပ်ခနဲရောက်လာသော ကြီးစောအား ထင်တိုင်း ကြဲက လှည့်ကြည့်သည်။

"နောက်နေ့ကို ဘရိတ်ဖက်(စ်)ဖြစ်ဖြစ်၊ လန့်(ချ်)ပဲဖြစ်ဖြစ်





ဘာစားချင်လဲဆိုတာ ချစ်အသချေ်ကို မေးပါ၊ ဒီအိမ်မှာ သူ့ဆန္ဒ သူ့နှုတ်ထွက်စကားကို အတည်ပြုပေးပါ"

"အေး…အေး…လူလေး"

ကြီးစောကိုမှာပြီးမှ ထင်တိုင်းကြဲက သူမရှေ့ရှိ ပန်းကန် တွေ မျော်ရည်ခွက်တွေကို ခပ်ဝေးဝေးရောက်အောင် တွန်းထုတ် သည်။

"ကြားတယ်နော် ချစ်၊ ချစ် ဖြစ်ချင်တာအားလုံး မဖြစ် ဘူးဆိုတာ မရှိရဘူး၊ ဟုတ်ပြီလား"

တစ်ယောက်က ဂရုတစိုက်နှင့် နန်းတင်သည်။ တစ်ယောက်က နာခံဟန်နှင့် မျက်လွှာချ ခေါင်းညိတ်သည်။

"လာ…အပြင်မှာ သွားစားမယ်"

ထင်တိုင်းကြဲက လက်ဆွဲပြီးခေါ်၏။

"ထင်တိုင်းကြဲ"

ခေါ်ခေစီ ခေါ်သံကြောင့် အသချေ် ထိုင်ရာမှမထဖြစ် တော့။ လှမ်းကြည့်တော့ နူးညံ့ခြင်းအပြုံးများနှင့် ဖြစ်သည်။

"လက်မှတ်လည်း ထိုးပြီးသွားပြီ၊ ချစ်အသချေ် ဒီအိမ် ရောက်တာ တစ်ပတ်ရှိပြီဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ…ဘာဖြစ်လဲ"

တီရှပ်အဖြူနှင့် ဒူးဖုံးဘောင်းဘီအဖြူပွပွ ဝတ်ထား

ထင်တိုင်းကြဲမျက်နှာက ဆန့်ကျင်ဘက် အနီရင့်ရောင်သမ်းနေ

"ထင်တိုင်းကြဲ အဖေလည်း ပြန်မလာသေးဘူး

မိန်းကလေးကိုခိုးပြီးရင် မြန်မာဓလေ့မှာ ပြန်အပ်ရတဲ့ထုံးစံကိုရှိ

သားရဲ့၊ ပြန်မအပ်ရင် မိန်းကလေးကို ကိုယ်ကပဲ တန်ဖိုး

သလိုလို၊ တစ်ချိန့်ချိန် စွန့်ပစ်တော့မှာလိုလိုနဲ့၊ သဘောက

တကျ မပေါင်းဘူးပေါ့ကွယ်၊ မိန်းကလေးရှင်ဘက်က

ထင်မြင်သွားခဲ့ရင်…"

ထင်တိုင်းကြဲက ဒေါ်ဒေစီစကားကို မျက်ခုံးတွေ

ကွေးချရင်း နားထောင်တာ နားဝင်ချိုလွန်းလို့မဟုတ်။ ပြောချင်

ပြော၊ ပြီးမှ ပြန်ပြောမည်ဆိုသောစိတ်ဖြင့် ငြိမ်နေတာကို

ကောင်းယူရင်း ဒေါ်ဒေစီ သူပြောချင်တာ ဆက်ပြောသည်။

"သမီးလည်း သိက္ခာကျတာပေါ့ကွယ်၊ နှစ်ဖက်

တွေ အသိအမှတ်မပြုရသေးတော့ တရားဝင်လင်မယား မဖြစ်

ဘူးပေါ့၊ ဒီတော့ အန်တီကပဲ မိဘအရာထားပြီး"

"တော်လောက်ပြီ ဒေါ်ဒေစီ"





ထင်တိုင်းကြဲက တစ်ပါတည်း အသချော်လက်ကို ဆွဲခေါ်သည်။

"ခင်ဗျားကြည့်ရတာ ကျွေးတာစား၊ ပေးတာယူပြီး ကြားသုံးကြားထဲ တော်တော်ဝင်ဖို့ ဝါသနာပါတယ်နဲ့တူတယ်"

"ဟော့…ငါက စေတနာနဲ့"

"သွားစမ်းပါ၊ ဘာစေတနာလဲ၊ ပြောပြန်ရင် ကြဲတို့ ရိုင်းတယ်ဖြစ်မှာစိုးလို့ မပြောတာ၊ ဒီမှာ…ဒယ်ဒီနဲ့ကျုပ်ကြား၊ အသချော်နဲ့ကျုပ်ကြား ဘာနေရာမှ လာမယှုနဲ့၊ ကျုပ်တို့ကိစ္စ ကျုပ်တို့ ဘာသာ သိတယ်၊ ခင်ဗျားပြောမှ သိမှာမဟုတ်ဘူး၊ ပြဿနာ မဖြစ်ချင်ရင် ကိုယ့်ဘာသာနေ"

"ကြည့်စမ်း…မင်း…မင်းက"

"လာ…သွားမယ် အသချော်"

အသချော်လက်ကိုဆွဲပြီး နေရာက ထင်တိုင်းကြဲ ထွက်ခဲ့ချိန်မှာ ဒေါ်ဒေစီ ဘယ်လိုဖြစ်ကျန်ရစ်ခဲ့သည်မသိ။ ထင်တိုင်းကြဲ စိတ်ထဲ ဒေါသလှိုင်းထန်နေတာပဲ သိသည်။

"ဆောရီး အသချော်၊ အဲဒီသားအမိမြင်တိုင်း ကိုယ့်ဒေါသ ဆွေ ထိန်းလို့မရဘူး၊ ဒယ်ဒီကို အကွက်ကျကျ ခွင်ဆင်ပြီး ရစေ



www.burmeseclassic.com

www.burmeseclassic.com



ယူထားတာ ပြန်တွေးတိုင်း သွေးက ဆူလာတယ်"

"မောင့်ဒယ်ဒီကို"

ထင်တိုင်းကြဲ ခေါင်းညိတ်ပြရင်း ကားကို လမ်းဘေး ထိုးရပ်သည်။ နောက်ကြောင်းပြန်ရန် မခက်ပေမယ့် မုန်းတီးလွန်းသော အတိတ်စာမျက်နှာကို ထင်တိုင်းကြဲက ပြန်လှန်သည်။

"ဒယ်ဒီက စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ရင် အရှုံးလောဘကြီးတယ်လေ၊ အဲဒီအချက်ကိုသိတဲ့ ဒေါ်ဒေစီက သူ့မှာ ရောင်းချစရာမြေကွက်ရှိတယ်ဆိုတာ မတန်မရာ ဈေးလျှော့ပြီး ဒယ်ဒီ့ကို ထိုးရောင်းတယ်၊ ဝယ်မယ့်ညမှာ ဟိုတယ်တစ်ခုမှာ အရက်တွေမူးအောင်တိုက်ပြီး ဒယ်ဒီ့ကို သူ့အခန်းထဲ ခေါ်သွားခဲ့တာ"

"ဘုရားရေ…အဲဒီတော့ ဘာဆက်ဖြစ်လဲဟင်"

ထင်တိုင်းကြဲက စတီယာရင်ပေါ် လက်တစ်ဖက်တင်ရင်း အသချေ့ဘက် မျက်နှာချင်းဆိုင်အောင် ကိုယ်ကို တစောင်းလှည့်ထိုင်သည်။

"အဲဒီတော့ ဒယ်ဒီထိုးပေးရတဲ့ လက်မှတ်က လက်ထပ်စာချုပ်အတွက် ဖြစ်သွားတာပေါ့၊ အဲဒီနည်းနဲ့ သူတို့ အိမ်ပေါ် ရောက်လာတာ"





"ဖြစ်ရလေ"

အသချေ့က ရင်ဘတ်လေးဖိရင်း ရေရွတ်သည်။ ထင်တိုင်းကြဲက ထိုဖိထားသော လက်ကိုဆွဲယူကာ သူ့ရင်ခွင်မှာ ထိကပ်ထားလိုက်၏။

"အဲဒီလို လည်လွန်းတဲ့ မိန်းမကြီးရဲ့စကားက ယုံချင်စရာမရှိတာ ချစ် သဘောပေါက်ပြီလား"

"အင်း…အသချေ့ သိပါတယ်"

"သူပြောသလို မောင် ချစ်အပေါ် တန်ဖိုးမထားဘူးလို့ ထင်သလား"

ဒါကျတော့ အသချေ့ ဆံပင်တွေ ခါယမ်းသွားအောင် ခေါင်းခါပြသည်။

"မထင်ပါဘူး၊ မောင်က အသချေ့ကိုချစ်တာ တန်ဖိုးထားတာ ခံစားလို့ရတယ်"

"ဒါဖြင့် မောင့်ကိုရော ချစ်လား"

အခွင့်ကြုံတိုင်း ဒီမေးခွန်းချည်း မေးလာသော သူ့အား အသချေ့က မျက်ခွံတွေပိတ်ကျအောင် မျက်စောင်းထိုးသည်။

"မချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ညာတဲ့ကောင်မလေး…ကဲ”

“မောင်နော်”

“အိုး”

မောင့်ရင်ခွင်ထဲမှာ အသနဲ့တစ်ကိုယ်လုံး နွေးထွေးသွားပေမယ့် ရန်မတွေ့ဖြစ်။ ချိုမြိန်သော အချစ်ထဲမှာ ချစ်သူနှစ်ဦး အတူမွှန်းနစ်သွား၏။

*  *  *

## အခန်း (၂၈)

“ရှေ့နေကြီးနဲ့ တွေ့ရမယ့်ရက်က နီးလာပြီ ကိုထွန်းလူ၊ သော် ရှာခိုင်းတဲ့လူတွေဆီက ဘာသတင်းမှ မရသေးဘူးလား”

“ဟ…ငါလည်း ရှာနေတာပဲ”

“အရက်ဆိုင်ထဲချည်း ရှာလို့တော့ တွေ့မလား ကိုထွန်းလူရဲ့”

“မင်း ငါ့ကို ပြဿနာမရှာနဲ့နော်၊ ငါ့အပေါင်းအသင်းဆိုတာ အရက်ကြိုက်တဲ့ကောင်တွေချည်းပဲ၊ အရက်တိုက်ပြီးခိုင်းမှ တော့ အရက်ဆိုင်ထဲ ရောက်မှာပေါ့၊ ဒီမှာ တကယ် အရှင်းစစ်ရင် အဲဒါ ငါ့အပြစ်မဟုတ်ဘူးနော်၊ မင်း သား၊ မင်း သား အသုံးမကျ





www.burmeseclassic.com

www.burmeseclassic.com



လို့ကွ၊ နားလည်လား”

ဦးထွန်းလှက ဒေါ်သနှင့် တင်းမာခက်ထန်နေသည် ဒေါ်ယုကိုယ်တိုင်လည်း ကိုယ်ရမည့်အခွင့်အရေးတွေ ဆုံးရှုံးသွား တာ တွေးမိတိုင်း သားကိုချည်း အပြစ်တင်နေမိပေမယ့် ဖြစ်လာ တော့လည်း ဘာမှမတတ်နိုင်။

“ကဲပါရှင်၊ အခုချိန်ကျမှ ဒါတွေပြောနေလို့လည်း အကြောင်းမထူးတော့ပါဘူး၊ ရှေ့နေကြီးနဲ့တွေ့ရင် ဘယ်လိုလု မလဲ၊ အဲဒါပဲ စဉ်းစား”

“ဘာစဉ်းစားရမှာလဲ၊ အဖြစ်မှန်ကို အမှန်အတိုင်းရှင်း လိုက်ရုံရှိတာပဲ”

ဦးထွန်းလှ စကားကြောင့် ဒေါ်ယု အကြာကြီး ငြိမ်သွား သည်။ ဦးထွန်းလှ ပြောတာလည်း မှန်သည်။ လက်ရှိအခြေအနေ ဒါပဲရှိသည်။

“အေးလေ···ရှင်ပြောသလိုပဲ လုပ်ရတော့မှာပေါ့၊ ... မြေးက ကျွန်မတို့လက်ထဲမှာမှ မရှိတော့တာ”

ရှေ့နေကြီးလာတော့ ဦးထွန်းလှကပဲ အဖြစ်မှန်အတိုင်း ပြောပြလိုက်သည်။





“ကောင်းပြီလေ၊ ကျွန်တော် ဦးယသော်ကို သေချာပြော ပြလိုက်ပါ့မယ်၊ ကောင်လေးမိဘတွေလာရင်သာ ဒီလိပ်စာကို ... ဆေးဖြစ်အောင် ပေးလိုက်ပါ”

ရှေ့နေကြီးပေးသွားသည်က ဦးယသော်ပိုင် ပန်းဟောဝန် ...ကြီးလိပ်စာဖြစ်သည်။

သမီးကြီးကြောင့်ရော ဦးယသော်ကိုယ်တိုင် ရှက်စိတ်ဖြင့် သမီးငယ်ကို အမွေပြတ်စွန့်လွှတ်ခဲ့ရာမှ မြေးလေးမွေးပြီး လင်မယား နှစ်ယောက် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားသည့်အချိန်က ထို ...ကလေးကို ဂြိုဟ်မလေးအဖြစ် အားလုံးက မုန်းခဲ့ကြ၊ နာကြည်းခဲ့ ကြသည်။

ဦးယသော်က သမီးငယ်ကိုယ်စား မြေးလေးကို ဘယ်သူ မှမသိအောင် တိတ်တိတ်ကျိတ်မွေးခဲ့ရာမှ သမီးကြီးလည်းဆုံး၊ ...ခြားမြေးတွေလည်း နိုင်ငံခြားရောက်၊ သူကိုယ်တိုင်လည်း ...မမာလုံးလုံးဖြစ်နေမှ ရှေ့နေကတစ်ဆင့် မြေးဖြစ်သူကို အမွေ ...ပေးရန် အခေါ်လွှတ်ခြင်းဖြစ်သည်။

ရှေ့နေကြီး လာခေါ်ချိန်မှာ အသခဲ့က ထင့်တိုင်းကြဲ ...နောက် လိုက်သွား၍ အိမ်မှာမရှိတော့။ ရှေ့နေကြီး ဦးဘအောင်



www.burmeseclassic.com

www.burmeseclassic.com



ကပဲ ဦးယသော်ကို အဖြစ်မှန် ရှင်းပြလိုက်၏။

"ရိုးရိုးသားသားထဲကဆို ပြီးကာပါပဲကွယ်၊ မြေး စိတ်ချမ်းသာတယ်၊ ကျေနပ်ပျော်ရွှင်တယ်ဆိုရင် စိတ်ချမ်းသာပါပြီ"

ဦးယသော်က ဒါပဲပြောသည်။ သမီးငယ်တုန်းကလို အများမျိုး နောက်ထပ် ကျူးလွန်ရန် ဆန္ဒမရှိတော့။ နောင်တရားကို ဘဝနှင့်ရင်းပြီး ရခဲ့သည့်နောက်မှာ အားလုံးကို တရားသဘောနှင့် ကြည့်မြင်တတ်လာခဲ့သည်။

"ဒီက ဦးထွန်းလှတို့ ခံစားခွင့် သိန်းငါးဆယ်ပေးလိုက်ပါတယ်၊ ဒီအိမ်ရောင်းရရင် ငွေထပ်ပေးပါဦးမယ်လို့ ဦးယသော်က ပြောလိုက်ပါတယ်၊ လောလောဆယ် ဒီမှာပဲနေပါ"

ရှေ့နေကြီးစကားကို ဦးထွန်းလှ မကျေနပ်ပေမယ့် မတတ်နိုင်။

"ငါတို့ တစ်သက်လုံး ဒုက္ခခံစောင့်ရှောက်ခဲ့တဲ့အတွက် ဒီငွေလေးနဲ့ ကျေနပ်ရမတဲ့လားကွာ"

"ဟုတ်ပတော်၊ အဘိုးကြီးက ကပ်စေးနည်းလိုက်တာ ကျုပ်မတို့ဘက်က နည်းနည်းမှထည့်မတွက်ဘူး"

"အမေတို့ကလည်းဗျာ၊ ဒီအိမ်ရောင်းပြီးရင် ထပ်ပေးမယ်





လို့ ပြောသားပဲ၊ ရသင့်ရထိုက်တာတော့ ရမှာပေါ့"

"အမလေး…မင်းပဲ သူတော်ကောင်းကြီးလုပ်နေ၊ မင်းမကောင်းလို့၊ မင်းကြောင့် ငါတို့ အသက်ကြီးမှ ဒုက္ခရောက်ရတော့မှာ သိလား၊ လူလိမ္မာကြီးရဲ့"

"တော်ပြီဗျာ၊ ကျုပ်တော့ကိုပဲ အပြစ်တင်နေတာ၊ သွားတော့မယ်"

"သွား…သွား…ဘယ်တော့မှ ပြန်မလာနဲ့၊ အီး…အဟီး…ဟင့်"

ဒေါ်ယုက ပြောရင်း ငိုနေတော့ အမေ့အတွက် လှမော် စိတ်မချမ်းသာပေမယ့် အသချော်အတွက်တော့ စိတ်ချမ်းသာမိသည်။

"ကိုကြီးကျေးဇူးကို အသချော် ဘယ်တော့မှမမေ့ပါဘူး ကိုကြီးရယ်"

"အဲဒါတွေ အရေးမကြီးပါဘူး အသချော်၊ နှင့်ကောင်လေးကို အမြန်သာ လာခေါ်နိုင်းလိုက်တော့"

လှမော်အကြံဉာဏ်ဖြင့် ထင်တိုင်းကြဲကို အမြန်ဆုံးလာခေါ်ဖို့ အသချော် ဆက်သွယ်ခွင့်ရခဲ့သည်။ ဒါတွေကို အမေသိရင် လှမော်ကို ဘယ်လောက်အပြစ်ပြောဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို မဖြစ်ဘူး ယု၊ အသချော်ကို ဖြစ်တဲ့နည်း ငါတို့ ပြန်ခေါ်ရမှာပဲ"

"ရှင်က ဘယ်လိုပြန်ခေါ်မလို့တုန်း"

"ငါကြံပါဦးမယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာ နောက် ပြောမယ်"

ဦးထွန်းလှ ပြောပြောဆိုဆို ထွက်သွား၍ ဒေါ် တစ်ယောက်တည်း ကျန်ခဲ့သည်။ ဦးထွန်းလှက အသချော် ပြန်ခေါ်ထားတာ ဟုတ်ပါပြီ။ သားလှမော်က အသချော်ကို မ တော့ ဘာမှဆက်လုပ်၍မရတော့။

"ကိုထွန်းလှလည်း ဘာတွေလျှောက်လုပ်ဦးမယ်မ ပါဘူး၊ စိတ်ညစ်ပါတယ်"

ကြာကြာ စိတ်မညစ်တတ်သော ဒေါ်ယု တစ်ချက်ညည်း ပြီး အပြင်ထွက်ဖို့ ခြေလှမ်းပြင်သည်နှင့် သော့ခလောက်တန်းလ နှင့် အိမ်လေးမှာ ဘာအသံမှမကြားရဘဲ တိတ်ပြီး ကျန်ခဲ့သည်

* * *

## အခန်း (၂၉)

"ဟင်...အဖေ"

အသချော်ရင်ထဲ ကြောက်စိတ်ဖြင့် ထိတ်လန့်ခြင်းက ရင်ကို ဖြန်းခနဲ အေးစက်သွားစေသည်က မြင်နေကျ အမှေ့မျက်နှာသည် ခက်ထန်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ရက်စက်ခြင်းတွေနှင့်ဖြစ်ကာ အသချော်ကို စိုက်ကြည့်နေပုံကိုကြောက်၍ ဖြစ်သည်။

"အခု အိမ်ပြန်လိုက်ခဲ့စမ်း အသချော်"

"ဟင့်အင်း...အသချော် မလိုက်ဘူး"

အဖေက အသချော်လက်ကို လှမ်းအဆွဲမှာ အသချော် နောက်ပြန်လှည့်ပြေးသည်။ လူတစ်ကိုယ်လုံးကို ကြောက်ရွံ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးနိုးထားသဖြင့် ပြေးပြေးချင်းက ခြေလှမ်းမတွင်နိုင်။ ဒီအချိန်မှာ ရင်ထဲ ပြင်းပြင်းပြပြ တောင့်တတာ ထင်တိုင်းကြွကို ဖြစ်သည်။ အသချော်ကို ကာကွယ်ပေးနိုင်မည့်သူက မောင်တစ်ယောက်သာရှိသည်။

"အသချော်...ညည်း ဘာလို့ပြေးနေတာလဲ"

ပြေးလမ်းကြောင်းရှေ့မှာ ရုတ်တရက် ပေါ်လာသူက အမေ။

"ဟင်...အမေ"

"လာ...လိုက်ခဲ့"

"ဟင့်အင်း...ဟင့်အင်း"

"အသချော် မလိုက်ဘူး"

"ဘာမလိုက်ဘူးလဲ၊ လာစမ်း"

"မောင်"

"မောင်ရေ...မောင်"

"လာ...ညည်း အိမ်ပြန်လိုက်ခဲ့"

အားစက်သန်မာသော အမေ့လက်တွေရဲ့ ဆွဲခေါ်မှုကြားမှာ အသချော်က အတင်းအကျပ် ရုန်းကန်ရင်း ပါးစပ်ကလည်း





အော်သည်။

"ဟင့်အင်း...မလိုက်ဘူး၊ မလိုက်ဘူး အမေ၊ အသချော် ဒီမှာပဲနေမယ်၊ မလိုက်ဘူး"

"ဟော့...ဟော့...ချစ်"

"မောင်"

လူကိုပုတ်ပြီး နှိုးနေတာ အသိဝင်တဲ့အချိန်မှာ အသချော်က အိပ်နေရာမှ ဝုန်းခနဲ ထထိုင်သည်။ ကြောက်မက်ဖွယ်ရာ အိပ်မက်ဆိုးမှ ရုန်းထွက်ခြင်းဖြစ်ပြီး သတိဝင်လာတဲ့အခါ အသချော် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်လျက် ချွေးစေးတို့နှင့် ရွှဲနစ်နေ၏။

"ချစ်...အိပ်မက်ဆိုးတွေ မက်နေတာလားဟင်၊ ကြည့်စမ်း...ရင်တွေခုန်နေတာ တဒိုင်းဒိုင်းနဲ့"

"မောင်...မောင်ရယ်"

ကြောက်လန့်စိတ်မပြယ်ဘဲ မောင့်ရင်ခွင်ထဲ ဖွတ်တိုးဝင်လျက် မောင့်ကိုဖက်တော့ မောင်က အသချော်ကိုယ်လေးကို ပြန်ပွေ့ထား၏။

"မောင် ရေခပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း….အသချော်နားမှာပဲနေ”

အသချော်က မောင့်ကို ပိုတိုးဖက်တော့ မောင်က ရယ်သည်။

“ဘယ်လိုအိပ်မက်တွေ မက်လို့လဲ ချစ်ရယ်”

“ဟင့်အင်း…အသချော် မောင်နဲ့မခွဲနိုင်လို့”

“အသချော်ကို တစ်ယောက်တည်း ထားမသွားနဲ့နော် မောင်နဲ့နေးရမှာ အသချော် အကြောက်ဆုံးပဲ”

“အသချော်ရယ်”

ပြောပြောဆိုဆို အသချော်က သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး ကိုယ်လေး တသိမ့်သိမ့်တုန်သည်အထိ ရှိုက်နေတော့ သူ လန့်သွားသည်။

“ဟိတ်…မငိုနဲ့လေ၊ အသချော်နားမှာ မောင်ရှိနေပြီပဲ တိတ်နော်”

အသချော် ပခုံးနှစ်ဖက်ကနေ သူ ဆွဲထူတော့ အသချော်က သူ့လက်တွေအတွင်း ပျော့ခွေစွာ ပါလာသည်။ မျက်ရည်လုံးသော မျက်တောင်ရှည်တွေက သူ့မပါးပြင်ပေါ် အရိပ်ကျနေပြီး ပါးမို့မို့ တွေက ဝမ်းနည်းစိတ်ကြောင့် နီမြန်းမြန်းဖြစ်နေပုံက ချစ်စရာ





ကောင်းသလို ဆံပင်ပျော့ပျော့တွေကို ကလေးတစ်ယောက်လို ကြင်နာခြင်းများစွာနှင့် နားရွက်နောက်နားဆီ ထိုးညှပ်ပေးသည်။ အောက်မျက်ခမ်းစပ်ဆီ ကျလုလုမျက်ရည်တွေကို သူက ဖွဖွသုတ်ပေးရင်း ပါးပြင်ကို ဖွဖွရှိုက်နမ်းသည်။

“ဘာဖြစ်လို့လဲ ချစ်ရယ်၊ အိပ်မက်လေကွာ၊ အဲဒီလောက်အထိ ကြောက်စရာမှမလိုတာ”

“ဟင့်အင်း…အသချော် ကြောက်တယ်”

ပြောပြောဆိုဆို သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်တာ အကြောက်လွန်ခြင်းများနှင့် ကလေးတစ်ယောက်လိုဖြစ်ပြီး အသချော်က သူ့ခါးကို သူ့မလက်နှစ်ဖက်နှင့် တင်းကျပ်စွာဖက်ထားသည်။

“အိပ်မက်ထဲမှာ အဖေနဲ့အမေကိုတွေ့တယ်”

“အင်း…တွေ့တော့”

ထင်တိုင်းကြဲက အသချော်ဆံပင်ကို ဖွဖွနမ်းရင်း စကားကို ဆက်ပေးသည်။

“အမေက အသချော်ကို လိုက်ခဲ့ဖို့ ဖွတ်ခေါ်တာ၊ မောင်သိလို့လား၊ အသချော်က မောင်နဲ့မခွဲနိုင်လို့ အမေတို့နဲ့မလိုက်ဘဲ ထွက်ပြေးလာတာ”



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို အဲဒီလောက်အထိ သိပ်ချစ်တာပဲလား ချစ်ရယ်"

"ချစ်တယ် မောင်၊ မောင်နဲ့ အသချေ မခွဲနိုင်ဘူး"

"မောင့်အချစ်ရယ်"

"ချစ်က အခုချိန်မှာ ကိုယ့်မိန်းမဖြစ်နေပြီပဲ၊ ချစ်ကို မောင်ပိုင်တယ်၊ ဘယ်သူမှ မောင်နဲ့ချစ်ကို ခွဲလို့မရဘူး"

ပြောနေရင်းက တစ်စုံတစ်ခုကို သတိရသွားသလို့မျိုး အသချေက သူ့ရင်ခွင်ထဲမှ ကျုံးထသည်။ တစ်ခါလှုပ်ရှားတိုင်း ပြို့နွဲ့ဆင်းလာသည့် ဆံပင်ရှည်တွေကြားမှာ မျက်နှာလှလှလေး ဝင်းခနဲ ပြိုးပြက်သွားပုံကို ချစ်မြတ်နိုးစွာ သူ စိုက်ကြည့်နေခိုက်မှာ အသချေအကြည့်က သူ့ထံရောက်လာ၏။

"အရေးအကြောင်းဆို အိပ်မက်ထဲမှာ မောင်က ပါမလာဘူး၊ မောင့်ကိုမုန်းတယ် သိလား"

မျက်တောင်တွေ စိုကပ်သွားတဲ့အထိ မျက်စောင်းထိုးတော့ ချစ်စနိုး သူရယ်လိုက်မိသည်။

"မောင့်ကိုတော့ မမုန်းလိုက်ပါနဲ့ဗျာ၊ နောက်တစ်ခါ ချစ် အိပ်မက်မက်ရင် မောင်ပါ ချစ်အနားမှာ ရှိနေပါ့မယ်တဲ့၊ ကဲ···





ကျေနပ်ပြီလား"

"တကယ်နော်"

"တကယ်ပေါ့"

"ဒါဆိုပြီးရော"

"မပြီးသေးဘူးဗျ၊ မောင့်ချစ်ကို မောင်သွားလေရာ လက်ဆွဲပြီးခေါ်သွားမှာ"

"မောင်ရယ်"

မောင့်ရင်ခွင်မှာ အသချေ တိုးဝင်မိတော့ မောင်က အသချေကိုယ်လေးကို တင်းကျပ်စွာ သူ့ရင်ခွင်မှာ ထွေးပွေ့ထားသည်။ အသချေကိုပြန်အပ်ဖို့ ထင်တိုင်းကြဲဒယ်ဒီကိုယ်တိုင် သွားဆေမယ့် အရင်အိမ်နေရာမှာ အသချေ မွေးစားမိဘတွေက မ၂ုံတော့ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

"တစ်သက် တစ်ခါပဲ မင်္ဂလာဆောင်ရတာဆိုတော့ ဘာပဲဖြစ်ဖြစ် သားဘက်က အကောင်းဆုံးပဲဖြစ်ချင်တယ် ဒယ်ဒီ၊ ဒါမှ အသချေလည်း ဂုဏ်မငယ်မှာ"

"သားသဘော၊ သားတို့စိတ်ကြိုက်စီစဉ်၊ ဒယ်ဒီခွင့်ပြုတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းကျော်က သူ့ထုံးစံအတိုင်း သားသဘောဆိုတာနှင့် ကျေကျေနပ်နပ် အဆုံးသတ်သွားချိန်မှာပဲ အသချော့်ကို ရောက်ရာအရပ်က အမြန်ဆုံးဆက်သွယ်ရန် အသချော့်အဘိုး ဦးယသော်က သတင်းစာက ကြော်ငြာလာ၏။

"ဦးယသော်ဆိုတာ အသချော့်အဘိုးလား"

"ဟင့်အင်း…အသချော့် မသိဘူး မောင်"

"ရှေ့နေကြီးဆီ ဖုန်းဆက်လိုက်မယ်"

ထင်တိုင်းကြဲ ရှေ့နေကြီး ဦးဘအောင်ကို ချက်ချင်းဖုန်းဆက်တော့ တစ်ဖက်က ဝမ်းသာအားရ အသချော့်နှင့် ထင်တိုင်းကြဲကို အခုချက်ချင်းလာဖို့ခေါ်သည်။ အသချော့်အဘိုး ဦးယသော်က အခြေအနေမကောင်း။ ဆေးရုံမှာရောက်နေပြီဆိုတာနှင့် အသချော့်တို့ အပြေးအလွှား အဘိုး ဦးယသော်ရှိရာ ရောက်သွားကြသည်။

"မြေး…လေး"

"အဘိုး"

"သွားလေ…အသချော့်၊ အဘိုးက အသချော့်ကို ဘာပြောမလို့လဲမသိဘူး၊ လာ…အဘိုးနားကို မောင် လိုက်ပို့မယ်"

ထင်တိုင်းကြဲက ဆေးရုံခုတင်ထက်က အသချော့်အား ဦးယသော်ရှိရာ အသချော့်လက်ကို ဆွဲခေါ်သွားပေမယ့် အသချော့်ပုံစံက အိပ်မက်ထဲမှာ လမ်းလျှောက်နေရသူလို အယောင်ယောင်အမှားမှား။

ခံစားချက် အထွေထွေအပြားပြားနှင့် အဘိုးဆိုသူ၏ မျက်နှာကို ကြောင်တောင်တောင် ငေးကြည့်ဖြစ်သည်။

"မောင်ဘအောင်ဆီမှာ မြေးပိုင်ဆိုင်မှုအားလုံး အပ်ထားတယ်၊ ယူလိုက်"

"ဟုတ်…ဟုတ်ကဲ့"

အသချော့် အယောင်ယောင်အမှားမှား ခေါင်းကိုအညိတ်မှာပဲ အဘိုးက ထာဝရ ငြိမ်သက်သွား၏။

အသချော့် ပထမဆုံးနှင့် နောက်ဆုံး မြင်တွေ့လိုက်ရသည့် အသချော့်၏အဘိုးကိုကြည့်ပြီး အသချော့်ရင်ထဲ နင့်ခနဲဖြစ်သွား၏။

"ယန်းဟောဝန်ဆိုတာ အသချော့် ပိုင်ဆိုင်ရမယ့်အိမ်ပဲ၊ နောက် တခြားပိုင်ဆိုင်မှုလည်း ရှိသေးတယ်"

အသချော့် ဘာကိုမှ စိတ်မဝင်စား။ ဘာဖြစ်လို့ နှစ်တွေအကြာကြီး အသချော့်ကို မွေးစားမိဘတွေလက်မှာ ရက်စက်စွာ ထားခဲ့ရတာလဲဆိုတာကိုပဲ စိတ်ဝင်စားနေမိသည်။







www.burmeseclassic.com

www.burmeseclassic.com



အသချော်မှာ ဘာအပြစ်ရှိလို့လဲ။ ဘာကြောင့်များ သူမ်း လက်ထဲမှာ အသချော်ကို ပစ်ထားရက်ခဲ့ရတာလဲ။

အသချော် သိလိုသောအဖြေကို ရှေ့နေကြီး ဦးဘအောင် ရှင်းပြချိန်မှာတော့ အသချော် ဘယ်သူ့ကိုမှ အပြစ်မတင်နိုင် အကြာကြီး ငြိမ်သက်တိတ်ဆိတ်သွား၏။

*  *  *



## အခန်း (၃၀)

"ချစ်...မပြီးသေးဘူးလား၊ ဒီလောက်အကြာကြီး ချိုး တာ အအေးမိတော့မယ်ကွ"

"ဟိတ်...ကောင်မလေး၊ မောင်ပြောနေတာ ကြားလား"

"ကြားပါတယ် မောင်ရဲ့၊ ပြီးပါပြီ"

ဒီအသံတွေက တစ်နေ့လည်းမဟုတ်၊ နေ့တိုင်း ကြားနေရ င်နေရတာက ချစ်သူနှစ်ယောက်ရဲ့ မိုးမမြင် လေမမြင်အချစ်နှင့် ငြင်နာမှုများက လူစီနားထဲ မျက်လုံးထဲ မကြည့်ချင်ဘဲ မြင်နေရ ည်။

အသချော်တို့ မင်္ဂလာပွဲကို အခမ်းနားဆုံးကျင်းပပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အိမ်ခွဲမနေဘဲ ထင်တိုင်းကြွကြ သူ့အိမ်မှာပဲ ဆက်နေသည်။

အသချေဆိုတာ အရင်ကလို ဆင်းရဲနွမ်းပါးမှုကျသူ မဟုတ်။ အမွေတွေအများကြီးရလိုက်၍ နေချင်းညချင်း သူဌေးမလေးဖြစ်သွား ပုံက ဘယ်သူမှလိုက်မမီ။

"ချစ်အသချေကို မေ့ပျောက်ထားလို့မရတာ သပ်သပ် အထင်ကြီးထိုက်တဲ့ မိန်းကလေးမို့ အထင်ကြီးတာကသပ်သပ် လူစီ၊ ထင်တိုင်းကြွကို ရုပ်ချော ဥစ္စာပေါ သူဌေးသားတစ်ယောက် ဆိုတာ သိသိကြီးနဲ့ သူ့ဂုဏ်ဒြပ်ကို သိက္ခာနဲ့လုံအောင် ကာကွယ်ထား ကိုက မိန်းမတစ်ယောက်ရဲ့တန်ဖိုးပဲ"

"အတို့အပိုက်တွေ ဘယ်တော့မှမဝတ်တာလည်း တစ်မျိုးကောင်းနေပြန်ရော"

"မာမီက လူစီကိုပဲ အပြစ်တင်နေတာပဲ၊ သူ့ဘာ တော့ဝိုက်နဲ့နေနေတာ လူစီက ဘာလုပ်ရမှာလဲ"

"ဂျင်မီဆိုတဲ့ကောင်ကို အခုချိန်ကစပြီး အဆက်အသွယ် ဖြတ်တော့ လူစီ၊ ပြောမရရင် ညည်းဘာသာ ကြိုက်တဲ့လမ်း လျှောက်…ဒါပဲ"

"မာမီ"





"ဘာမှထပ်မပြောနဲ့၊ ငါပြောတဲ့အတိုင်း လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် ကြိုက်သလိုသာလုပ်တော့"

"မိဘပိုက်ဆံကို သုံးဖြုန်းနေတဲ့လူကို ဘယ်သူမှအထင် မကြီးဘူး"

ဂျင်မီက ဘာတစ်ခုမှစိတ်မဝင်စား။ အလုပ်ထွက်ဖို့ပြော တော့လည်း လက်မခံ။ တစ်နေ့တစ်နေ့ လည်ပတ်သုံးဖြုန်းရတာ ထိုပဲ တာဝန်ကြီးတစ်ရပ်လို ကျင့်သုံးနေသူဆိုတော့ မာမီကြည့်မရ တာ သိပ်တော့မဆန်း။

မာမီပြောတာ မမှားသောအခါ လူစီ ဘာတစ်ခွန်းမှ မပြော နိုင်။ ဂျင်မီကို ဖြတ်ဖို့ကျတော့လည်း မလုပ်နိုင်နှင့် လူစီ ခြေဆောင့် ပြီး ထိုနေရာက ထွက်ခဲ့သည်။

"ကြီးစော…မနက်ဖြန် အပေါ်ထပ်က ရေပိုက်ကို ပြင် ဖြစ်အောင် ပြင်ခိုင်းထားနော်"

ထင်တိုင်းကြွတို့ ရေချိုးခန်းထဲ ရေမလာ၍ အောက်ထပ် ရေဆင်းချိုးရင်း သူ့မိန်းမကို ကြင်နာပြနေတာကို မကြည့်ချင်၍ လူစီ ခေါ်စောကို အော်ပစ်သည်။

"ကြည့်စမ်း…မိုးချုပ်နေတာကို ဘာလို့ခေါ်င်းလျှော်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ တံခါးတစ်ချပ်ခြားတာနဲ့ ထင်ရာလုပ်ပစ်ရော"

"အဲဒါ မောင့်အကျင့်လေ"

"ဘာ"

"ထင်တိုင်းကြဲပစ်တာကို ပြောတာ"

"သိပ်ဆိုးတဲ့ကောင်မလေး…လာခဲ့"

"ဟိတ်…မောင်"

ချိုလွင်သော ရယ်သံလေးတွေ ဆူညံသွား၏။ ဟဲ…
ယာကို ပလပ်ထိုးပြီး ဆွဲယူကာ ထင်တိုင်းကြဲကိုယ်တိုင် အသ…
ရေနွေးပူဆံပင်တွေကို ခြောက်အောင်လုပ်ပေးသည်။

"နောက်တစ်ခါ မောင့်စကား နားမထောင်ရင် ကော…
ကောင်းဒဏ်ခတ်ခံရမယ်…မှတ်ထား"

"ကြောက်စရာကြီးပါလား"

ပြုံးနေသည့် အသဲချိုမျက်နှာကို သူ စိုက်ကြည့်ပ…
အသဲချိုရယ်သည်။

"မောင့်ကို အသည်းယားအောင် လုပ်မနေနဲ့နော်"

"တကယ်ကြောက်တာပါ မောင်ရဲ့"

"ကြည့်စမ်း…ဒီနှုတ်ခမ်းက ဘာလို့ပြုံးနေတာ…





သာခဲ့"

"မောင်နော်"

"အိုး"

အိပ်ရာထဲ နှစ်ယောက် လုံးထွေးလဲပြိုကျသွားချိန် မဆုံး
နိုင်သော ချစ်ခြင်းတွေက ဘာမဆို လိုက်လျောဖြည့်ဆည်းခြင်းတွေ
အပြည့်နှင့်။

ပျော်ရွှင်စရာ ရင်ခုန်ကြည်နူးစရာအချိန်တွေဖြစ်သည်။

"မောင် ဘုရားမှန်မှန်ရှိခိုးရမယ်နော်"

"ချစ်နဲ့လား"

"အင်း"

"ကောင်းပြီ၊ မောင့်ချစ်စကားအတိုင်း လိမ်လိမ်မာမာ
နေပါ့မယ် ဟုတ်လား"

"ဒါကြောင့် မောင့်ကိုချစ်တာ"

"ချစ်ရင်…ဒီမှာ"

မောင်က သူ့မျက်နှာကို အသဲချိုဘက် တိုးပေးတော့
အသဲချို မောင့်ပါးပြင်ကို ဖွဖွငုံ့နမ်းလိုက်သည်။

"သိပ်လိမ္မာတဲ့ ကောင်မလေးကို မောင်ကလည်း ပြန်ချ…



www.burmeseclassic.com

www.burmeseclassic.com



ချမှဖြစ်မယ်''

''ဟိတ်…မောင်နော်''

အသချော်တုန်းက နုနည့်သိမ်မွေ့ခဲ့သော ချစ်အနမ်းတွေ ဆန့်ကျင်ဘက်။ မောင့်အချစ် မောင့်အနမ်းတွေက ရမ်းရမ်းမွေ့မွေ့ ဆိုတော့ အသချော် မောင့်ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်အပြစ်ပေးတော့ မောင်က ရယ်သည်။

''သွား…လူဆိုး၊ မောင့်ကိုမခေါ်တော့ဘူး၊ သိလား''

''အသချော် မကျေနပ်ရင် မောင့်ကိုပြန်နမ်းလေ''

''တော်ပါ''

''တော်ပါပြီဗျာ၊ ချစ်နဲ့ နောင်ဘဝလည်း ဒီလိုပဲ ရေစက် ဆုံခွင့်ရပါရစေလို့ ဘုရားမှာ မောင် ဆုတောင်းတာ မောင့်ချစ် သိလား''

''အသချော်လည်း မောင့်လိုပဲ ဆုတောင်းခဲ့တာပါပဲမောင် မောင်ချစ်သလို အသချော်လည်း မောင့်ကိုချစ်တယ်''

''အသချော်ရယ်''

အသချော်ကို ချစ်မိသည့်နေ့ကစပြီး ထင်တိုင်းကြဲ သော တစ်ခုလုံးမှာရော၊ မာကျောအေးစက်သည့် နှလုံးသားများ





အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တာ အချစ်ကြောင့်ဆိုတာ သူ ဝန်ခံသည်။

အချစ်ကြောင့် ဘယ်တုန်းကမှ စိတ်မဝင်စားသည့် ဒယ်ဒီ့ ကုမ္ပဏီလုပ်ငန်းကို အချိန်တိုတိုအတွင်း စိတ်ဝင်တစား သင်ယူ ဖြစ်သလို စီးပွားရေးဈေးကွက်စနစ်သဘောကိုပါ နားလည်တတ် ကျွမ်းလာသည်။

တိုင်းကျော်ကားကုမ္ပဏီအပြင် ဒယ်ဒီပိုင် တခြားစီးပွားရေး တွေက အများကြီးဖြစ်၍ အားလုံးကို အချိန်နှင့်တစ်ပြေးညီ စိတ် ပါဝင်စားစွာ သင်ကြားနေတာကိုကြည့်ပြီး ဒယ်ဒီက ခေါင်းတညိတ် ညိတ် ကျေနပ်စွာ ပြုံးနေပေမယ့် သူ မရှက်နိုင်။

အချစ်က တန်ခိုးရှိတယ်ဆိုတာ သူ့ကိုယ်တွေ့ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟဲလို"

"ကဲ…ပြော၊ နေမကောင်းဘဲနဲ့ ခြံထဲမှာဆင်းနေတယ်ဆို"

"မောင့်ကို ဘယ်သူပြောလဲ"

ဖုန်းထဲကနေ အကြားအမြင်ရနေသလားမသိသော မောင့်ကြောင့် အသချော် မျက်လုံးလေးဝိုင်းပြီး ဟိုဒီကြည့်မိလျက်သား ဖြစ်သွားသည်။ မနက် အိပ်ရာထတုန်းက နေမကောင်းချင်သလို ဖြစ်ခဲ့တာ မှန်ပေမယ့် အခု အသချော် နေကောင်းနေပါပြီ။

"မောင့်ကို ဘယ်သူပြောပြော မောင်မေးတာ ဟုတ်သလား၊ မဟုတ်ဘူးလား၊ ဒါပဲပြော"

"အသချော် နေကောင်းနေပါပြီ မောင်ရဲ့"





"ဒါဆို ခြံထဲမှာဆိုတာ သေချာပြီပေါ့"

"မောင်ကလည်း၊ အသချော် နေကောင်းပါပြီဆို"

အသချော် ဖုန်းပြောရင်း နှုတ်ခမ်းလေးစူမိသည်။ အသချော် အကြောင်း မောင့်ကို ဘယ်သူပြောမှန်းမသိပေမယ့် မောင် စိတ်ပူအောင်ပြောတာကို အသချော် စိတ်ထဲက မကြိုက်ချင်ပါ။

"ဘာမှမပြောနဲ့၊ နောက်ငါးမိနစ် မောင်ရောက်ပြီ၊ အိမ်ထဲ ဝင်နေ"

"မောင့်အလုပ်တွေ ဒီနေ့အရေးကြီးတယ်ဆို၊ ဘာဖြစ်လို့ ပြန်လာရတာလဲ မောင်ရယ်၊ တော်ကြာ ဒယ်ဒီ သိသွားရင်"

"သိအောင် တမင်ပြောပြီး အိမ်ပြန်လာတာ၊ ဘာပြော ဦးမလဲ၊ ဖုန်းချလိုက်ပြီ ဒါပဲ"

"မောင်နဲ့တော့ စိတ်ညစ်ပါတယ်"

တစ်ဖက်က ဖုန်းချသွား၍ အသချော် ဘာမှပြောခွင့်မရ လိုက်။ ကိုယ်ကအိမ်မှာနေပြီး နေမကောင်းဖြစ်ပြနေတာ ဒယ်ဒီ သိသွားတာကို အားနာစိတ်နှင့် အနေရခက် မျက်နှာပူချင်နေမိသည်။

"နေကောင်းနေပါပြီဆိုတာကို မောင်က နားမထောင်ဘူး"

မောင့်အမိန့်အတိုင်း အိမ်ထဲကိုပြန်အဝင် အိမ်ပေါက်ဝမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသူနှင့် ဝင်တိုက်မိသည်။

"ဟော့"

"အင့်"

"ဆောရီး"

တစ်ဖက်က တောင်းပန်စကားကို ဘာမှမတုံ့ပြန်ဘဲ အသချော် ဝင်တိုက်မိသူမျက်နှာကို တစ်ချက်ကြည့်ပြီး နေရာက ကွင်းရှောင်အထွက်မှာ သူဟာ အသချော်ရှေ့မှာ ပိတ်ရပ်သည်။

"မြင်ဖူးသလိုပဲ"

"ရှင့်ကို အသချော် မသိဘူး"

"ဟုတ်လား၊ ကိုယ်ကတော့ အသချော်ကို သိနေတာ သေချာတယ်"

"ဆောရီး…ကျွန်မ ရှင့်ကို မသိဘူး"

လူစိုးယောကျ်ားလေးမိတ်ဆွေကို အသချော် ခပ်ပြတ်ပြတ်ပြောပြီး နေရာက ထွက်ခဲ့သည်။ ခရမ်းရောင်ဂါဝန်ရှည်နှင့် ဝင်းနှစ်နေအောင်လှပသော အသချော်ကို ငေးကြည့်နေသူများ လူစီ ရောက်လာ၏။

"ဟော့…ထွင်း၊ ဘာတွေလိုက်ကြည့်နေတာလဲ"





"လှလို့"

ပေါ်တီကိုအောက်မှ လူစီက အသချော်ကို တဆုံးတစ ငေးနေသော ထွင်းကို လှမ်းအခေါ်မှာ ထွင်းအပြောကြောင့် အောင့်ခနဲ ဖြစ်သွားသည်။

"အဲဒါ ဘယ်သူလဲ လူစီ"

အိမ်ထဲဝင်သွားပြီဖြစ်သော အသချော်ကို မြင်လိုမြင်ငြား လှမ်းကြည့်ရင်း လူစီကိုမေးလိုက်သည့် ထွင်းကို လူစီက မျက်စောင်း ဒိုင်းခနဲ လှမ်းထိုးကာ ရပ်ထားသည့်ကားပေါ် ဆောင့်အောင့်တက် လိုက်၏။

"ပိုင်ရှင်ရှိပြီးသား ထွင်း၊ သွားပြီးမှားလို့ကတော့ ရှင်ပဲ ငရဲအိုးထဲ ဆင်းသွားရလိမ့်မယ်၊ ကားပေါ်တက်…သွားမယ်"

လူစီတို့ကားအထွက်မှာ တစ်ဖက်က ကားတစ်စီးဝင်လာ၏။

"အဲဒါ ထင်တိုင်းကြဲ မဟုတ်လား"

"ဟုတ်တယ်၊ ခုနတစ်ယောက်က ကိုကြဲမိန်းမ"

"သူ့နာမည် ဘယ်သူလဲ"

"အသချော်"



www.burmeseclassic.com

www.burmeseclassic.com



"အသချော်...ဟုတ်လား"

"ဟုတ်တယ်"

"ဪ...ဒါကြောင့် သူ့ကို တစ်နေရာမှာ မြင်ဖူးတယ်လို့ ထင်နေတာကိုး"

"ထွန်းက အသချော်ကို သိလို့လား"

"သိတော့မသိဘူး၊ မြင်ဖူးတာ"

"ဪ"

လူစီက ထပ်မမေးတော့၍ ထွန်းကလည်း ထပ်မဖြေတော့။ ထွန်းလို့ လူစီသိထားသည့် ရဲထွန်းက ဟန်သာရှိပေမယ့် ငွေကြေးပြည့်စုံသူ မဟုတ်။ ပိုက်ဆံရမည်ဆိုလျှင် ဘယ်လိုအလုပ်ဖြစ်ဖြစ် လက်ခံသူ။ ဒါကို လူစီ သိသည်။ လူစီက ပျော်ရွှင်နေမည်။ စိတ်ညစ်မခံချင်တာပဲ သိသည်။

"နင် ငွေမလိုချင်ဘူး ထွန်း"

"လိုချင်တာပေါ့၊ ပြော...ငါ ဘာလုပ်ပေးရမလဲ"

"နင် တကယ်လုပ်ရဲလို့လား"

"ပြောမှာသာ ပြောစမ်းပါ၊ နင့်အတွက် ငါ ဘာလုပ်ပေးရမှာလဲ"





လူစီက ကိုထွန်း လုပ်ပေးရမည့် အလုပ်ကိုပြောတော့ ထွန်းက လူစီကို တအံ့တသြ ပြန်ကြည့်သည်။

"ဘယ်လိုလဲ ထွန်း၊ နင်မလုပ်ရဲတော့ဘူး မဟုတ်လား"

"လုပ်ရဲပါတယ်၊ နင့်ကို ငါက အံ့သြလို့ပါ"

"ဘာအံ့သြစရာရှိလို့လဲ ထွန်း၊ လူစီ့အကြံအောင်ရင် နင့်အတွက် တစ်သက်စာ ငွေတွင်းတစ်တွင်းရသွားမှာ၊ သိတယ်မဟုတ်လား"

"နင်ပြောတာလည်း မှန်တာပဲ၊ ကောင်းပြီလေ၊ နင်ပြောတာကို ငါလက်ခံတယ်၊ နင့်ဘက်က ဘယ်လောက်ပေးမှာလဲ အရင်ပြော"

"သုံးသိန်း"

"နည်းတယ်၊ ငါးသိန်းထား"

"ငါ့မှာ အဲဒီလောက် ငွေမရှိဘူး ထွန်း၊ နင်လုပ်ချင်လုပ်၊ မလုပ်ချင်နေ၊ ငါ့အကြံအောင်ရင် နင်ရမယ့်ငွေက သိတဲ့အတိုင်းပဲ"

ထွန်း တစ်ချက်ငြိမ်သွားပြီး ခေါင်းညိတ်လိုက်တော့ လူစီ့မျက်နှာ ပြုံးသွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဒါ ဘယ်ကိုသွားတဲ့လမ်းလဲ လှစီ"

စိမ်းသက်သော ဘေးပတ်ဝန်းကျင်ကိုကြည့်ပြီး အသချေ လှစီကိုမေးလိုက်သည်။ ကားလမ်းက ကွန်ကရစ်လမ်းကျဉ်းသလို ဘေးတစ်ဖက်တစ်ချက်မှာ မြက်ရိုင်းပင်ရှည်တွေက လေယိမ်းရာ နွဲ့နေကြသည်။ လုံးချင်းတိုက်တွေကို တွေ့နေပေမယ့် ကိုယ်ပိုင် အိမ်ရာတွေလို လူနေထိုင်ခြင်းမရှိသော အိမ်အသစ်တွေဖြစ်ကာ ကားတောင် ဒီလမ်းထဲမှာ အသချေတို့တစ်စီးတည်းဖြစ်သည်။

"ဟင်လို့...လှစီ၊ အသချေ မေးနေတယ်လေ"

"လှစီလည်း သေချာတော့မသိဘူး အသချေ၊ သူငယ်



ချင်းက လာခဲ့ပါဆိုလို့၊ မကြောက်ပါနဲ့ အသချေရဲ့၊ လှစီ တစ် ယောက်လုံးရှိပါတယ်၊ အသချေ ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူး စိတ်ချ"

လှစီက ရယ်ရယ်မောမော အသချေကို အားပေးစကား ပြောနေပေမယ့် အသချေကတော့ မောင့်ကို အသိမပေးဘဲ လှစီ နောက်ရောက် ယုံကြည်စိတ်ချစွာ လိုက်လာခဲ့မိတာ အခုမှ နောင်တ ရနေမိသည်။

အသချေကို သူနှင့်အတူ ခဏအဖော်လိုက်ဖို့ ဖွတ်အတောင်း ခေါ်တုန်းက လှစီခေါ်ရာနောက် အသချေ မလိုက်ချင်၍ အကြိမ် ကြိမ် ငြင်းခဲ့ပါသေးသည်။

နောက်တော့ လှစီကို သနားတာနှင့် အားနာပြီး လိုက်လာ ခဲ့မိသည်။

"ခဏလေးပါ အသချေရယ်၊ လှစီ့သူငယ်ချင်းက အရမ်း ဆင်းရဲတာ၊ အခု သူ့အမေ ရုတ်တရက် လေဖြတ်သွားလို့ လှစီ ကို အကူအညီတောင်းလို့ ဆေးရုံလိုက်ပို့ပေးရမှာ၊ အဖော်မရှိလို့ ခဏလိုက်ခဲ့ပေးနော်"

လှစီ့စကားကို အသချေ ယုံကြည်ခဲ့တာက ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မပြည့်မစုံဘဝကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ရ၍ တစ်ဖက်
မိန်းကလေးအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် သနားမိတာ အ
ဖြစ်နေသည့်အတွက်ပါ။

"မောင့်ဆီကို ဖုန်းဆက်လိုက်ဦးမယ် လူစီ"

"အမလေး…ကိုကြဲကို ဒီအကြောင်း သွားပြောလို့
တော့ သူ့မိန်းမကို ဒုက္ခရောက်အောင် လုပ်ပါတယ်ဆိုပြီး လူ
ပြဿနာဖြစ်မှာသေချာတယ်"

"လူစီကို သနားရင် ဖုန်းမဆက်ပါနဲ့ အသချေရယ်၊
ဖုန်းဆက်ရင်လည်း မကိုင်နဲ့၊ ဒီတစ်ခါ ကိုကြဲနဲ့ရန်ဖြစ်ရင် လူ
အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာ၊ မာမီကအစ လူစီကို ကြည့်ရ
တာမဟုတ်ဘူး"

ဒေါ်ဒေစီ ကြည့်မရအောင် လူစီကလည်း သူ့မာမီ
နားမထောင်၍ သားအမိနှစ်ယောက် မကြာခဏ ရန်ဖြစ်သံ
ကြားနေရ၍ လူစီပြောတာကို အလွယ်နားခံသူဖြစ်ရပြန်သည်။

"အေး…အေး၊ နောက်မှပဲ မောင့်ကို အကျိုးအကြော
ရှင်းပြလိုက်တော့မယ်"

မောင့်ဆီကို ဖုန်းမဆက်ဘဲ လူစီခေါ်ရာနောက် ပါ





ပြီးမှ ပတ်ဝန်းကျင်အနေအထားအပေါ် စိတ်ထဲတစ်မျိုးဖြစ်လာချိန်
မှာ အသချေ ဘာမှဆက်လုပ်၍မရတော့။

"ယော…ဟိုမှာ၊ ဟိုခြံပဲ"

တိတ်ဆိတ်နေသော ခြံထဲမှာ လူရိပ်ပင်မမြင်ရ။

"ဘယ်သူမှလည်း မတွေ့ပါလား လူစီ"

"အိမ်ထဲမှာရှိပါတယ် အသချေရဲ့"

အသချေ ဇဝေဇဝါနှင့် လူသူအရိပ်အယောင်ကင်းမဲ့သော
ခြံကြီးဆီ အကြည့်ဝေ့ကာ တစ်စုံတစ်ယောက်ကို ရှာဖွေတုန်းမှာပဲ
ကားရပ်သွားပြီး အသချေရှိရာဘက် အခြမ်းမှ ကားတံခါးကို
အပြင်ဘက်မှ တစ်စုံတစ်ယောက်က ဆွဲဖွင့်သည်။

"အို"

"ရှင်…ဒါ ဘာလုပ်တာလဲ၊ လူစီ ဒီမှာလုပ်ဦး"

အသချေက ကားတံခါးကို ပြန်ဆွဲရင်း လူစီဘက် လှည့်
အော်တော့ လူစီက လူကို ခပ်အေးအေး ပြန်ကြည့်နေပုံက မထိ
တရိ။

"သိပ်ကြောက်နေလား အသချေ"

"လူစီ"



www.burmeseclassic.com

www.burmeseclassic.com



"အဟာတ်...ဟား...ဟား၊ ကဲ..ငါ့တာဝန်ကျေပြီ၊ 
လုပ်စရာရှိတာ ဆက်လုပ်တော့၊ ကဲ...ခေါ်သွား"

"လာစမ်း"

"အမလေး...ရှင်...ရှင်...ဒါ ဘာလုပ်တာလဲ"

"လူစီ...လူစီ၊ ဒါ နင့်အကြံပေါ့ ဟုတ်လား"

လူစီက အသခေျ်ကို တစ်ချက်ပင်လှည့်မကြည့်။ ဘယ်
ဘယ်ဝါမှန်းမသိအောင် မျက်နှာကို အဝတ်စည်းထားသည့်
အသခေျ်ကို ကားပေါ်က မွေ့အချမှာ လူစီ့ကားက နေရာက
နောက်ပြန်လှည့်ကွေ့သွားတာ မြင်လိုက်ရ၍ အသခေျ်မျက်လုံး
ပြာခန့်ဖြစ်သွားသည်။ လူစီလုပ်ကြံတာ အသခေျ် ခံလိုက်ရပြီ
အသိမှာ မောင့်ကို တမ်းတမ်းတတ အားကိုးတကြီး ဟစ်
လိုက်မိသည်။

"မောင်...မောင်ရေ၊ အသခေျ်ကို ကယ်ပါဦး အ
ရယ်"

ဆွဲလွဲရာသို့ ယက်ကန်ကန်ပါသွားသော အသခေျ်
ကားနောက်ကြည့်မှန်ကတစ်ဆင့် အရသာခံကြည့်ရင်း စိတ်
ကျေနပ်ပျော်ရွှင်လာလိမ့်မည်ဟုထင်ခဲ့သော လူစီ။





တကယ်လက်တွေ့မှာ သူမထင်သလို ဖြစ်မလာဘဲ ရင်ထဲ
အတုန်ကယင်ကြီးဖြစ်လာကာ ကိုယ့်ကိုယ်ကို လိပ်ပြာမသန့်ဖြစ်
သာကာ ကိုယ့်အပြစ်ကိုယ် ကြောက်လာမိုက်မှာပဲ...

"တီ...တီ...တီ"

ကူရှင်ပေါ်က အသခေျ်ဖုန်းလေး အသံမြည်လာတော့ လူစီ
ကိုယ်လေး ဆတ်ခနဲတုန်သွားကာ ဖုန်းနံပါတ်ကို လှမ်းကြည့်၏။

ဖုန်းခေါ်နေသူက ထင်တိုင်းကြဲ။

* * *



www.burmeseclassic.com

# အခန်း (၃၃)

"ထွဋ်…နင့် သူ့ကိုလွှတ်လိုက်တော့"

"ဘာလာကြောင်နေတာလဲ လူစီ၊ အခုကိစ္စက နင်နဲ့မဆိုင်တော့ဘူး၊ ပြန်တော့"

ထွဋ်က လူစီ ဘားနေပေမယ့် စကားနားမထောင်[illegible] အသချေကို အခန်းထဲထည့်ပိတ်ထားပြီး သူ လုပ်စရာရှိတာ[illegible] ဆက်လုပ်နေရတာနှင့် လူစီကိုပင် မကြည့်နိုင်။

လူစီက ကင်မရာကိုတစ်လှည့်၊ ထွဋ်ကိုတစ်လှည့်ကြည့်ပြီး ကိုယ့်အမှားကိုယ် နောင်တရချိန်မှာ အခန်းကို တဒုန်းဒုန်း ထုရိုက်သံ ထွက်လာ၏။





"တံခါးဖွင့်ပါ၊ လူစီ…လူစီ…အသချေတောင်းပန်ပါတယ်၊ လူစီ လိုချင်တာပေးပါ့မယ်"

အသချေက ပြောရင်း ငိုနေရုံမက လူစီ့နာမည်ကိုခေါ်ပြီး ပြောနေတော့ လူစီ့အသည်းထဲ အေးသွားသည်။

"ထွဋ်…နင့်ကို ငါပြောနေတယ်နော်၊ အသချေကို ပြန်လွှတ်လိုက်တော့ဆိုတာ"

"ဒီအကြံ နင်ပဲပေးခဲ့တာ လူစီ၊ အခုမှ ကြောက်နေလည်း အပိုပဲ၊ သူက ငါတို့ကို ရဲတိုင်မှာ နားလည်လား၊ လုပ်စရာရှိတာတော့ လုပ်ပြီးမှ သူနဲ့ငါတို့ အပေးအယူပြန်လုပ်လို့ရမှာ"

"နင်ပြန်တော့ လူစီ၊ ငါ့ကို အာရုံနှောက်အောင် လာလုပ်မနေနဲ့"

ထွဋ်က ဗီဒီယိုကင်မရာကို သူလိုချင်သည့်အနေအထား ရအောင် ပြောင်းလိုက်သည်။ ဒီအကြံကို လူစီကိုယ်တိုင် ပေးခဲ့တာ အခုမှ ပြန်ရုပ်သိမ်းချင်၍မရ ဖြစ်နေ၏။

"ထွဋ်"

"ဘာလဲ"

"ဒီကိစ္စထဲ လူစီ မပါဘူးနော်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"အဟား…ဟား"

ထွန့်က အော်ရယ်ပြီး ဆတ်ခနဲ ထရပ်ကာ အရက်နံ့ဆော နေသော နီမြန်းမြန်း မျက်နှာဖြင့် လှစီကိုကြည့်သည်။

"အခုမှ သူတော်ကောင်းလုပ်ချင်လို့ မရတော့ဘူး လှစီ စာတ်လမ်းစပြီးရင် ဆုံးအောင် ကရမှာပဲ"

"လာကြပါဦးရှင်…ဟောဒီမှာ"

"လှစီ…နင်"

"ဝုန်း"

"အမလေး"

လှစီကို ထွန့်က လက်ပြန်ရိုက်ချလိုက်၍ ကြမ်းပြင်ပေါ် ပစ်ကျသွားချိန်မှာ အပြင်က အိမ်တံခါးကို တဗုန်းဗုန်းထုရိုက်သံ နှင့် အော်သံကြောင့် အားလုံးငြိမ်သွား၏။

"ဟိတ်…အိမ်ထဲမှာ ဘယ်သူရှိလဲ၊ တံခါးဖွင့်စမ်း အသချော်…အသချော်…ညီမလေး၊ ကိုကြီးလှမော်ပါ"

"ကိုကြီး"

အသချော်မှာ ကိုကြီးအသံကြောင့် အားတက်သွားသော ကိုကြီးကို အားကိုးတကြီး အော်လိုက်သည်။





'လှမော်ကိုယ်တိုင် ဒီဘက်ကို အလုပ်ကိစ္စနှင့် လာရင်း လမ်းမှာ အသချော်ကိုတွေ့၍ သူကား်နှင့်လိုက်လာရာ အသချော်ကို မတွေ့ရတာနှင့် လိုက်ရှာရာမှာ လှစီနှင့်ထွန့်တို့ ပြောနေသည့်စကား ကို ကြားခြင်းဖြစ်သည်။

"ကိုကြီး…ကိုကြီး လှမော်"

"အသချော်ကို ကယ်ပါဦး"

"ကိုကြီး"

"ကိုကြီးလာပြီ ညီမလေး၊ ဟိတ်…တံခါးဖွင့်ဆိုတာ မကြားဘူးလား၊ ကဲကွာ"

"ဝုန်း"

"ဒုန်း"

BURMESE CLASSIC .com

တံခါးကို အပြင်က ထုရိုက်ဖွင့်သံတွေ ချက်ချင်းဆူညံ သွားသည်။ ထွန့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတာကို အခွင့်ကောင်း ယူပြီး လှစီက ပိတ်ထားသည့် အိမ်တံခါးကို ဆွဲဖွင့်ပေးလိုက် သည်။

"လှစီ…နင် ဒါဘာလုပ်တာလဲ"

"ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဝုန်း"

မာန်သွင်းအော်သံနှင့် ယောက်ျားနှစ်ယောက် ကြမ်းပေါ် လုံးထွေးသွားကာ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည့်အခိုက်မှာ လှစီက အသချေ်အခန်းတံခါးကို ဖွင့်ပေးသည်။

"အသချေ်···အသချေ်"

"ကိုကြဲ"

"ဟင်···မောင်"

"ကိုကြဲ···နောက်မှာ"

"ဟာ"

"အမလေး···မောင် သေပါပြီ"

လှမော်က လဲနေသလို ဓားကိုင်ပြီးပြေးဝင်လာသည့် ထွန်းက ထင်တိုင်းကြဲ ပခုံးသားကို ဓားဖြင့် ထိုးမွှေလိုက်၍ နာကျင်မှုက ဝုန်းခနဲ ထတောက်သွားကာ တစ်ဖက်လူကို ချက်ချင်း တုံ့ပြန်ကာကွယ်ဖို့ ကြိုးစားသည်။

"ကဲကွာ"

"ဗိုး"





"ခွပ်"

"အား"

ခနဲ မြည်သံနှင့်အတူ ကျောပြင်ဆီ မီးစနှင့်အထိုးခံလိုက်ရသလို။ ထင်တိုင်းကြဲ ပူခနဲ အောင့်တက်သွားသည့် ဝေဒနာကြောင့် ခွေယိုင်ကျတာ ဒူးထောက်လျက်သား။ မျက်နှာပေါ် စီးမိုးခုတ်လာသည့် ဓားချက်အား လက်ဖျံနှင့်ပင့်ကာတော့ သွေးတို့မြင်မကောင်းအောင် ပန်းထွက်သည်။ ထိုအခိုက်မှာပဲ အိမ်ကြီးဆီမောင်းဝင်လာသည့် ကားသံတွေနှင့်အတူ အော်ဟစ်အကူအညီတောင်းသံတွေ နောက်ဆုံးကြားလိုက်ရ၏။ သူ့ နောက်ဆုံးမှတ်မိတာ သူ့ထံ မျက်ရည်တွေနဲ့ပြေးလာတဲ့ ချစ်သူ။ ထင်တိုင်းကြဲက ဒဏ်ရာတွေ သွေးအလိမ်းလိမ်းကြားမှာ အားတင်းပြုံးကာ ရင်ဖွင့်ကြိုဖို့ ကြိုးစားရင်း လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားသည်။

*　*　*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မစိုးရိမ်ရတော့ပါဘူး၊ သွေးထွက်လွန်တာလည်း မရှိဘူး၊ ဆေးအရှိန်နဲ့ အနာရှိန်တွေကြောင့် သတိမရသေးတာပါ"

တာဝန်ကျဆရာဝန် စကားအဆုံးမှာ အားလုံး သက်ပြင်းချနိုင်ကြသည်။

"မငိုပါနဲ့ ဆရာမရယ်၊ ထင်တိုင်းကြဲက အသက်ရာကျော်ရှည်ရမယ်လို့ သူ့ဇာတာမှာ ပါပြီးသားပါ"

"အသက်ရာကျော် မကဘူး အန်ကယ်၊ သားသမီး ဒါဇင်လည်း ရဦးမှာပါဗျာ"

"အေး···အဲဒါလည်း ဟုတ်တယ်ကွ"

ထင်တိုင်းကြဲနားမှာ သူငယ်ချင်းတွေ စုရောက်နေ၍





စိတ်သက်သာရာရအောင် ကြံဖန်နောက်နေ၍ မျက်ရည်ကျနေသည့်ကြားမှ အသခေျ် မျက်နှာမှာ အပြုံးရိပ်သဲ့သဲ့ ထင်ရပြန်သည်။

ပတ်တီးဖွေးဖွေးတွေ နေရာမလပ် စည်းနှောင်ထားရသော မောင့်ကိုကြည့်ရင်း အသခေျ်မျက်ရည်က မစဲနိုင်တာ မောင့်ကို ချစ်လွန်း၍ပါ။

"ဒယ်ဒီ ဆရာဝန်ကြီးနဲ့ တွေ့ပြီးပြီ သမီး၊ ပြင်းပြင်းထန်ထန် ထိခိုက်ထားတာ ဘာမှမရှိဘူးတဲ့"

သားဖြစ်သူ ဒဏ်ရာတွေနှင့် ဆေးရုံပေါ်အရောက်၊ လေဆိပ်မှအိမ်တန်းပြန်လာသော ဦးတိုင်းကျော်လည်း မနားရဘဲ မျက်လုံးတွေ နီမြန်းမို့အစ်တဲ့အထိ တရှုံ့ရှုံ့ငိုနေသော ချွေးမ အသစ်စက်စက်လေးကို ချော့မော့ရသေးသည်။

ကိစ္စတွေကတော့ အားလုံးရှင်းသွားပါပြီ။ လူစိခေါ်လာသော ပြည်သူ့ရဲတွေကြောင့် လူမော်နှင့် သူ့မိသားစုရဲ့ လူသူမသိသော အရှုပ်အထွေးကြီးလည်း ရှင်းထွက်သွားကာ မန္တလေးမှ ရှေ့နေကြီးလည်း မနက်ဖြန် ရန်ကုန်ဆင်းလာမည်ဟု ဦးတိုင်းကျော်ထံ ဆက်သွယ်ထားပြီးပြီ။ ခက်တာက တရှုံ့ရှုံ့ငိုရင်း လူနာခုတင်နားက မခွာသော ချွေးမကြောင့်။

"မောင်···အသခေျ်ခေါ်နေတာ ကြားရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



အသချော်က မောင့်လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း သူမ ပါးပြင်မှာ အပ်ထားသလို နှုတ်ဖျားကလည်း တစ်ချိန်လုံး မောင့်ကိုချည်း တဖွဖွခေါ်နေမိသည်။

“သတိရပါတော့ မောင်ရယ်၊ အသချော်ကို တစ်ယောက်တည်း မထားပါနဲ့၊ အသချော်...အသချော်လေ မောင့်ကိုချစ်တယ်”

“မောင်နဲ့ဝေးပြီး မနေနိုင်ဘူး”

“အသချော်ကိုချစ်ရင် မောင် အမြန်ဆုံး သတိရပါတော့ မောင်ရယ်”

အသချော် မျက်ရည်စက်တွေက နှစ်ခြိုက်စွာ အိပ်ပျော်နေသူတစ်ယောက်လို မလှုပ်မယှက်ငြိမ်သက်နေသော ထင်တိုင်းကြီး မျက်နှာပေါ် ကျသွားသည်။

“မောင်”

“အသချော် အချစ်ရယ်၊ အသချော်ကို မောင်ပဲချစ်တယ်ဆို၊ အခု မချစ်တော့လို့ အသချော် ခေါ်နေတာကို မကြားနိုင်တာလားကွယ်”

“အသချော်ကို မောင် မချစ်တော့ဘူးလား”

“ချစ်တယ်”

“ဟင်...မောင်”





“အသချော်ကို မောင် ချစ်တယ်”

“အမလေး...မောင် သတိရလာပြီ”

အသချော် ဝမ်းသာစိတ်ဖြင့် ထင်တိုင်းကြီးကို ဝမ်းသာအားရ ထဖက်သည်။

“ဘာဖြစ်လို့ငိုတာလဲ ချစ်ရယ်”

“အသချော် ဝမ်းသာလို့ပါ မောင်ရယ်”

“မောင် သတိမရသေးလို့ အသချော် စိတ်ပူနေတာ”

“မောင် သတိရနေပြီပဲ၊ မငိုနဲ့တော့နော်”

“မောင် အသချော်ဆီကို ဘယ်လိုရောက်လာတာလဲဟင်”

“အသချော်အစ်ကို ကိုလှမော် ဖုန်းဆက်လို့၊ ကံကောင်းချင်တော့ မောင် ဒီနားမှာရောက်နေတာ၊ တော်သေးတာပေါ့ အချိန်မီလို့”

“မောင်...မောင်”

“အသချော်”

“မောင်ရယ်”

ဝမ်းသာစိတ်ဖြင့် ဝေါခနဲ ပြိုဆင်းလာသည့် မျက်ရည်တွေကို ဂရုမစိုက်နိုင်ဘဲ မောင့်မျက်နှာအနှံ့ ချစ်အနမ်းမိုးတွေ ရွာချမိသူက အသချော်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်...ကောင်မလေး၊ တခြားလူတွေနဲ့ကွ"

"ဟင့်အင်း...ဟင့်အင်း၊ ဘယ်သူတွေကြည့်ကြည့် မောင့်ကို အသေချော ချစ်တယ်၊ သိပ်ချစ်တယ်"

"အသေချော...မောင့်အချစ်ရယ်"

ရင်ခွင်ထဲ မြတ်နိုးစွာ တိုးဝင်လာသည့် ချစ်သူကိုယ်လေးကို တသိမ့်သိမ့်ကြည်နူးနေသော နှလုံးသားအစုံဖြင့် သိမ်းယူချဲ့အပွေ့မှာ ပေါ်းစပ်သွားသည့် ရင်ခုန်သံတွေ ထပ်တူညီလျက်။

မပြတ်အော်မြည်နေတာက အချစ်ဆိုသည့် သင်္ကေတနှစ်ပါး တခြားမရှိတာ သေချာလျက်။

ချစ်သူတို့ မျှော်မှန်းချက် ပြည့်ဝနိုင်ကြပါစေ

ချစ်မေတ္တာဖြင့်

မြမှုလဲသျှာ

ဦးမိုးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com